ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။ ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday 6 January 2019 ၉၅၂၃

# ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများတွင် ဖြောင့်မတ်တည်ကြည်၊ သတ္တိကြီးသော ကရင်တိုင်းရင်းသားများ၏ စွမ်းရည်ကို အထူးအလေးထားအားကိုး

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ**
**ကရင်အမျိုးသား နှစ်သစ်ကူးနေ့အတွက် ပေးပို့သော သဝဏ်လွှာ**

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

၁။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့သည် ကရင်နှစ် ၂၇၅၈ ခုနှစ် ပြာသိုလဆန်း (၁) ရက်နေ့၊ ကရင်တိုင်းရင်းသားအပေါင်းတို့ အလေးအမြတ် ဂုဏ်ယူတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး မင်္ဂလာနေ့ထူးနေ့မြတ်ဖြစ်ပါသည်။ နှစ်ဟောင်းကုန်ပြီးနောက် နှစ်သစ်ကို ကောင်းကျိုးချမ်းသာ၊ ကောင်းခြင်းမင်္ဂလာအပြည့်ဖြင့် ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲကြိုဆိုနိုင်ကြပါစေကြောင်း ရှေးဦးပထမ နှုတ်ခွန်းဆက်သလိုပါသည်။

၂။ ရှေးယခင်ကတည်းက ကရင်တိုင်းရင်းသားများအနေဖြင့် ကောက်သစ်ပေါ်ချိန်တွင် ကောက်သစ်စားပွဲများကို မိသားစုဝင်များ စုံညီစွာဖြင့် ပျော်ပျော်ပါးပါး ကျင်းပလာခဲ့သော အစဉ်အလာနှင့်ကိုက်ညီစွာ ယခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခါသမယတွင်လည်း ကရင်တစ်မျိုးသားလုံး ပေါင်းစည်းခြင်း၊ ပျော်ရွှင်ခြင်း၊ စည်းလုံးခြင်း၊ အနာဂတ်အတွက် ကောင်းမွန်စွာမျှော်လင့်ခြင်းများဖြင့် ပြည့်စုံပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၃။ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ သစ္စာရှိခြင်း၊ သန္နိဋ္ဌာန်ဖြင့် တိကျပြတ်သားစွာ လုပ်ကိုင်တတ်ခြင်းဆိုသည့် ကရင်တိုင်းရင်းသား ဘိုးဘွားဘီဘင်များ၏ ကောင်းမြတ်သည့် လက်ဆင့်ကမ်းအမွေများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၂၇၅၈ နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၄။ ယခုကဲ့သို့သော ကောင်းမြတ်သည့် ဓလေ့စရိုက်များသည် ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရန်အတွက် တန်ဖိုးကြီးလှသော အရင်းအမြစ်များဖြစ်ပါသည်။ ပြည်တွင်းပြည်ပ စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့် အခါသမယမှာ တိုင်းရင်းသားအားလုံး၏ တစ်ဦးချင်း၊ တစ်ဦးချင်း အရည်အသွေး၊ စိတ်ဓာတ်တို့သည် များစွာအရေးကြီးလှပါသည်။ အားလုံးညီညွတ်စွာ စုပေါင်းလိုက်သောအင်အားသည် နိုင်ငံ၏ကာကွယ်ရေး၊ လုံခြုံရေးအတွက် အထက်မြက်ဆုံး လက်နက်ဖြစ်ပါသည်။

၅။ ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်၏ ဆိုးကျိုးဒဏ်ရာဒဏ်ချက်များကို ပြင်းထန်စွာခံခဲ့ရသော ကရင်တိုင်းရင်းသားများသည် ငြိမ်းချမ်းရေးကို မဖြစ်မနေရယူရန် လိုအပ်ကြောင်းကို လေးနက်စွာ နားလည်၊ ယုံကြည်ကြမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများတွင် ဖြောင့်မတ်တည်ကြည်၊ သတ္တိကြီးသော ကရင်တိုင်းရင်းသားများ၏စွမ်းရည်ကို အထူးအလေးထား အားကိုးပါသည်။

၆။ နောင်နှစ်ပေါင်းများစွာ ကမ္ဘာကြီး တည်ရှိသရွေ့ ရေတွက်၍ မရနိုင်လောက်သော မျိုးဆက်များ စိတ်ချမ်းသာ၊ ကိုယ်လုံခြုံစွာဖြင့် ဘိုးဘွားများချမှတ်ခဲ့သော မွန်မြတ်သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းနိုင်စေရန်၊ ယခုကရင်နှစ် ၂၇၅၈ ခုမှာ အရှိန်အဟုန်ဖြင့် စွမ်းဆောင်နိုင်ကြပါစေ၊ ကရင်ပြည်နယ်ကြီး ဆက်လက် ဖွံ့ဖြိုးတိုးတက်ပါစေ၊ ဆန်ရေစပါးနှင့်တကွ ဥစ္စာဓန ပေါကြွယ်ဝကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းစွာဖြင့် ကောင်းကျိုးမင်္ဂလာအဖြာဖြာမျှဝေခံစားနိုင်ကြပါစေဟု ဆုမွန်ကောင်းများတောင်းလျက် နွေးထွေးသောမေတ္တာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**အောင်ဆန်းစုကြည်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မင်းဘူးမြို့နယ်အတွင်းရှိ ကမ်းပါးပြိုကျမှုဒဏ်ခံစားရသော ပြည်သူများနှင့်တွေ့ဆုံ

**မကွေး ဇန်နဝါရီ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဒဏ်ခံစားရသော နိဗ္ဗာန်ကျွန်းကျေးရွာနှင့် မုန်းကျိုးကျေးရွာများသို့ ရောက်ရှိသည်။

ထို့နောက် ကမ်းပါးပြိုကျမှုကြောင့် ကျေးရွာများ ပြောင်းရွှေ့နေရမှုအခြေအနေ၊ ကြိုတင်ကာကွယ်ရေးအတွက် မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ကြည့်ရှုပြီး မင်းဘူးမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့သတင်းအညွှန်း**

ပဲခူးမြစ်ကူး သန်လျင်-ရန်ကုန် အမှတ်(၃)တံတား စီမံကိန်း မကြာမီ စတင်မည် စာမျက်နှာ » ၃

အစိုးရယန္တရား လည်ပတ်မှု ရပ်ဆိုင်းခြင်းကို တစ်နှစ်ကျော်သည့်တိုင် စောင့်ဆိုင်းနိုင်သည်ဟု သမ္မတထရန့်ဆို စာမျက်နှာ » ၁၂



ကြေးမုံ

# ပြည်ထောင်စုမပြိုကွဲရေး သားစဉ်မြေးဆက်ထိန်းသိမ်း

"အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံး ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိ၊ ဗျတ္တိအပြည့်ဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြ၍ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းလည်းဖြစ်ပါကြောင်း၊ မိမိတို့ မျိုးချစ်ခေါင်းဆောင်ကြီးများနှင့် မိဘဘိုးဘွားများ၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာစတေးပြီး အလွန်တရာ ခက်ခဲပင်ပန်းစွာ ကြိုးပမ်းအားထုတ်ပြီးမှ ရရှိခဲ့သည့် လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့စေရန်နှင့် ပြည်ထောင်စုကြီး မပြိုကွဲစေရန် ဆက်လက်ထိန်းသိမ်းရမည်မှာ မိမိတို့ သားစဉ်မြေးဆက် တာဝန်ပင်ဖြစ်ပါကြောင်း" ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)က ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပြောကြားခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကို လွယ်လွယ်ကူကူ ရရှိခဲ့သည်မဟုတ်ချေ။ နှစ်ပေါင်းတစ်ရာကျော် တိုင်းတစ်ပါးလက်အောက်၌ အဖိနှိပ်ခံဘဝဖြင့် နေထိုင်ခဲ့ရပြီးနောက် တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ် သက်စွန့်ကြိုးပမ်းရယူထားသော လွတ်လပ်ရေးဖြစ်သည်။ လွတ်လပ်ရေးကို စည်းလုံးညီညွတ်မှုအင်အားဖြင့် နှစ်ပေါင်းတစ်ရာကျော် ကြိုးပမ်းရယူခဲ့ရသော်လည်း စည်းလုံးညီညွတ်မှုနှင့် အင်အားတောင့်တင်းခိုင်မာမှု အားနည်းသောအခါ လွတ်လပ်ရေးမှာ တစ်ခဏချင်းပင် ဆုံးရှုံးခဲ့ရသည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ လူဦးရေနှင့် နယ်မြေကြီးမားကျယ်ပြန့်သည့် အင်အားကြီးနိုင်ငံကြီး နှစ်နိုင်ငံအကြားတွင် တည်ရှိသည်။ လူဦးရေနှင့် နိုင်ငံ အကျယ်အဝန်း သေးငယ်သော်လည်း စုစည်းခိုင်မာသည့် စိတ်ဓာတ်နှင့် စွမ်းရည်သတ္တိ အားကောင်းသောကြောင့် အင်အားတောင့်တင်းသည့် နိုင်ငံတော်ကြီးအဖြစ် ဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့သည်။ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့ကို စုစည်းထူထောင်နိုင်ခဲ့ပြီး တိုင်းတစ်ပါးလက်အောက်မှ ပြန်လည်လွတ်မြောက်သည့် စတုတ္ထမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်ခဲ့သည်။

ပြည်ထောင်စုသားအားလုံး စုစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံတော်၏ ထွန်းပြောင်သည့်သမိုင်းကို မရိုင်းအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ ရရှိထားသော လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်။ မည်သည့်အခါမျှ မပြိုကွဲခဲ့သော နှစ်ပေါင်းထောင်ချီတည်တံ့ခိုင်မြဲခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်အဓွန့်ရှည်စွာ ရပ်တည်နေနိုင်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရန် ရည်မှန်းချက်ထားပြီး ဘက်စုံ၊ ထောင့်စုံ တည်ဆောက်နေသော အချိန်အခါဖြစ်သည်။ ထိုအချိန်အခါတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး တာဝန်များကို မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ မိမိတို့၏အသက်ခန္ဓာနှင့် ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ရဲဝံ့စွန့်စားစွာ ကြိုးပမ်းစွမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူများ၊ ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြသူများဖြစ်သည်။ ၎င်းတို့သည် ပြည်ထောင်စုကြီးအတွက် စွန့်လွှတ်စွန့်စားကြသူများဖြစ်၍ ချီးကျူးဂုဏ်ပြုထိုက်သူများဖြစ်သည်။

သို့ဖြစ်ရာ နှစ်ပေါင်းထောင်ချီ အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ရေး၊ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေရေးအတွက် ပြည်ထောင်စုကြီးကို အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့ကြသည့် မိဘဘိုးဘွားဘီဘင်များနှင့် မျက်မှောက်ကာလ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြသူများအား ဦးညွတ်ဂုဏ်ပြုလျက် ပြည်ထောင်စုသားသားစဉ်မြေးဆက်များအားလုံးကလည်း ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲ

(ဓနုဖြူမြို့)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၁၃၊ ၁၄)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ) နေ့များတွင် နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ဓနုဖြူမြို့။


## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဟောင်ကောင်-မကာအို-မြန်မာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်း မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဟောင်ကောင်-မကာအို-မြန်မာ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Dr.Lin Khin Wan နှင့်အဖွဲ့ကို နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် လက်ခံတွေ့ဆုံဆွေးနွေးသည်။



ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် Digital Marketing ကို ဈေးကွက်အလိုက် အစိုးရနှင့်ပုဂ္ဂလိကပိုင်းတို့ အစုအဖွဲ့များစုဖွဲ့၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအတွင်း ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် Manual စနစ်လျှော့ချရေး၊ စာရင်းအင်းအချက်အလက်များကို စနစ်တကျ ထိန်းသိမ်းထားရှိနိုင်ရေး၊ လွယ်ကူလျင်မြန်စွာဖြင့် မျှဝေအသုံးပြုနိုင်ရေး၊ Paper အသုံးပြုမှုလျှော့ချနိုင်ရေးတို့အတွက် သင့်လျော်သော Digital နည်းပညာများဖြင့် ပြောင်းလဲအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ICT ကျွမ်းကျင်ဝန်ထမ်းများ ပိုမိုတိုးတက်လာစေရေးအတွက် လိုအပ်သော သင်တန်းများ ပို့ချရေး၊ Tourism web portal ထူထောင်ရေးတို့ ဆောင်ရွက်ရာတွင် လိုအပ်သော အကြံပြုချက်၊ နည်းပညာပံ့ပိုးမှုများ ပေးနိုင်ပါရန်နှင့် ထို့အပြင် ဟောင်ကောင်မှ ခရီးသွားအေဂျင်စီများကို မြန်မာနိုင်ငံသို့ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေရေး ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က Digital Marketing နှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဟောင်ကောင်-မကာအို-မြန်မာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Dr.Lin Khin Wan နှင့် GTMH telecom မှ Chief Operation Officer Mr. Derek Hellmons တို့က ခရီးသွားလုပ်ငန်းအတွက် Digital နည်းပညာဖြင့် ခရီးသွားလာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဗရတ်ဆင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး Digital နည်းပညာကိုအသုံးပြု၍ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ဟောင်ကောင်၊ မကာအိုဒေသများမှ ခရီးသည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ရေးအတွက် ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကရင်နှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ်အတွင်း နေရာ ၇၀ ကျော်တွင် ကျင်းပမည်

**မော်လမြိုင် ဇန်နဝါရီ ၅**

ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင်ကျရောက်မည့် ကရင်နှစ်သစ်ကူးပွဲတော်အား မွန်ပြည်နယ်အတွင်းရှိ နေရာ ၇၀ ကျော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်ပြီး ကရင်တိုင်းရင်းသားများ၏ မျိုးချစ်စိတ်ထက်သန်စွာဖြင့် ပိုမိုလုပ်ကိုင်နိုင်လာခြင်းကြောင့် ယခုနှစ်တွင် နေရာများစွာ၌ ကျင်းပလာနိုင်ခြင်းဖြစ်ကြောင်း မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်က ပြောသည်။

"ကျွန်တော်တို့နဲ့တွဲပြီးကျင်းပတာ ၄၃ နေရာ၊ သူတို့အစီအစဉ်နဲ့သူတို့လုပ်တာက နေရာပေါင်း ၃၀ လောက် စာရင်းပေးထားတာရှိတယ်။ ဒီနှစ်ကတော့ ကျင်းပတဲ့အနေအထားက ပိုပြီးစည်ကားလာပါတယ်။ ဒီလိုပွဲတွေကလည်း ကရင်တိုင်းရင်းသားတွေ ပိုပြီးစည်းလုံးညီညွတ်လာဖို့၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို ပိုပြီးထိန်းသိမ်းလာနိုင်ဖို့ပါ။ ဒီနေ့ဆိုတာကလည်း နိုင်ငံတော်ကနေ တရားဝင်သတ်မှတ်ပေးထားတဲ့နေ့ပါ။ ကျင်းပလာခဲ့တာ အကြိမ်ပေါင်း ၈၀ ကျော်လာပါပြီ။ ဒီပွဲက တစ်နှစ်တာလုပ်ငန်းပြီးတဲ့အချိန်မှာ နောက်တစ်နှစ်အတွက် ဘာလုပ်မယ်ဆိုတာကို အစီအစဉ်ချတဲ့ပွဲဖြစ်ပါတယ်"ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဆက်လက်ပြောသည်။

မွန်ပြည်နယ်တွင် ကရင်နှစ်သစ်ကူးပွဲတော်အား ကျေးရွာ ၆၂ ရွာ၊ မြို့နယ်အဆင့် ကိုးခု၊ ပြည်နယ်အဆင့် တစ်ခု ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားတွင် ဒုံးယိမ်းအကပြိုင်ပွဲများ၊ ကောက်သစ်စားပွဲ၊ စပါးလိပ်ပြာခေါ်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာလက်ဖွဲ့ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မျိုးသူ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းရွှေ | **သတင်းထောက်မှူး** | - ဦးမြင့်စိုး |
| **စာတည်းမှူးများ** | - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင် | **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက် | **အကြီးတန်းသတင်းထောက်များ** | - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း |
| **အငယ်တန်းသတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကျောက်စိမ်းရိုင်းများ သိုလှောင်ထားရှိမှု စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ကျောက်စိမ်းသိုလှောင်ရုံအတွင်း ကျောက်စိမ်းရိုင်းများ သိုလှောင်ထားရှိမှုနှင့် ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် လေလံတင်ရောင်းချရန် ကျောက်စိမ်းတွဲများ ဖွဲ့စည်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ ကျောက်စိမ်းသိုလှောင်ရုံဝင်း အတွင်းရှိ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ ကျောက်စိမ်းတူးဖော် ထုတ်လုပ်လျက်ရှိသည့် ဦးရကျောက်မျက်ကုမ္ပဏီ ဆန်ကထန်း(၁)လုပ်ကွက်၏ ပြပွဲတင် ပြသရောင်းချရန် ကျောက်စိမ်းရိုင်းများ အတွဲဖွဲ့လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရတနာတောင်တန်း ကုမ္ပဏီ၏ မက်လင်ချောင်(၂)လုပ်ကွက်မှ ထွက်ရှိသည့် ၃၀၈ တန် ကျောက်စိမ်းတုံးကြီးမှ ဖြတ်တောက်ပြီး ထွက်ရှိလာသော ကျောက်စိမ်းရိုင်းတုံး ၂၈ တုံးကို ထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ သိုလှောင်ရုံအတွင်းရှိ ကျောက်စိမ်းများ လုံခြုံရေးအတွက် CCTV ကင်မရာ အသစ်များ တပ်ဆင်ထားရှိမှု အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်း မိုင်တိုင်အမှတ်(၂/၃)အနီး ဖိုးဇောင်းတောင်ကြိုးဝိုင်း အကွက်အမှတ်(၁၇) အတွင်း ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် စိုက်ပျိုးထားသော အပင်များကိုလည်းကောင်း၊ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် အရိုးဆေးရုံအနီးရှိ ၂၀၁၈ ခုနှစ် မိုးရာသီတွင် ဝါးမျိုးစိတ် ၁၂ မျိုး ရောနှောစိုက်ပျိုးထားသော ဝါးစိုက်ခင်း ၁ ဒသမ ၁၈ ဧကတည်ထောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လာမည့်မိုးရာသီတွင် သစ်မျိုးစိတ်များ ထပ်မံထည့်သွင်းစိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



---

**ရှေ့ဖုံးမှ**

အဆိုပါ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ၂၀၁၃ခုနှစ်တွင် အိမ်ခြေ ၂၀၀၊ အိမ်ထောင်စု ၂၁၁ စု၊ လူဦးရေ ၉၁၂ ဦးပြောင်းရွှေ့ခဲ့ရပြီး ယခုအခါ ဧရာဝတီမြစ်နှင့် နိဗ္ဗာန်ကျွန်းကျေးရွာ ရွာသစ်မှာ ပေ ၃၀၀ ခန့်သာ ကွာဝေးတော့သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မြစ်ကမ်းပါးပြိုမှုများသည် ၂၀၁၆ ခုနှစ်မှစ၍ နောက်ပိုင်းတွင် ပိုမိုအဖြစ်များလာသည်ကို တွေ့ရှိရပြီး ကမ်းပြိုမှုကြောင့် လူ့အသက်သေဆုံးမှု၊ အိုးအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှု နည်းပါးသော်လည်း စိုက်ပျိုးမြေများ၊ ရွာမြေများ တိုက်စားပါရှိသွားခြင်းကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပျက်စီးဆုံးရှုံးခြင်း၊ ပြည်သူလူထု၏ မြေယာအိုးအိမ် ပိုင်ဆိုင်မှုများဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ကမ်းပြိုမှုဖြစ်စဉ်များအရ တိုင်းဒေသကြီး၊ ပြည်နယ် ၁၂ ခုတို့တွင် ဖြစ်ပွားခဲ့ပြီး အိမ်ခြေပေါင်း ၁၃၀၀၀ ခန့်ကို ရွှေ့ပြောင်းခဲ့ရကာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးဖြစ်ပွားခဲ့သည်ကိုတွေ့ရှိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကမ်းပြိုဘေးကြောင့် ရွှေ့ပြောင်းနေထိုင်ရသော မိသားစုများကို ထောက်ပံ့ကူညီမှုများဆောင်ရွက်နေသကဲ့သို့ ကမ်းပြိုဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပဲခူးမြစ်ကူး သန်လျင်-ရန်ကုန် အမှတ် (၃)တံတားစီမံကိန်း မကြာမီစတင်မည်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်မြို့နှင့် သန်လျင်မြို့ကို ဆက်သွယ်ပေးမည့် ပဲခူးမြစ်ကူး သန်လျင်- ရန်ကုန်အမှတ်(၃) တံတား စီမံကိန်းကို မကြာမီစတင်တော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ ကျင်းပသော သာကေတမြို့တည်နှစ် (၆၀) ပြည့်အခမ်းအနားတွင် ထုတ်ဖော်ပြောကြားလိုက်သည်။

"လက်ရှိအခြေအနေမှာ ရန်ကုန်မြို့နဲ့ သန်လျင်မြို့ကိုဆက်သွယ်ထားတဲ့ တံတားနှစ်စင်းရှိပါတယ်။ ရန်ကုန်-သန်လျင်တံတားနဲ့ ကုလားဝဲဘက်ကသွားတဲ့တံတားတွေဖြစ်ပါတယ်။မကြာခင်မှာ သာကေတကနေ သန်လျင်ကိုဆက်သွယ်မယ့် သန်လျင်-ရန်ကုန် တံတားအမှတ်(၃)စီမံကိန်းကို မကြာခင်စီစဉ်ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ သန်လျင်ဘက်ကနေ ရန်ကုန်ဘက်ကိုသွားမယ်ဆိုရင် နောက်ထပ်တံတားတစ်စင်းပေါ်ထွန်းလာတော့မှာဖြစ်ပါတယ်။ ဒီတံတားနှင့်အတူ သန်လျင်မြို့ဟာလည်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်ကပြောသည်။

အဆိုပါ ပဲခူးမြစ်ကူး သန်လျင် - ရန်ကုန် အမှတ်(၃) တံတား စီမံကိန်းကို JICA Loan ဘတ်ဂျက်ကျပ်သန်းပေါင်း ၅၆၁၁၀ ဒသမ ၄၉၄ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းကာလမှာ ၂၀၁၈ မှ ၂၀၂၂ အထိ ဖြစ်ကြောင်း၊ မျှားမကြာမီကာလအတွင်း ပန္နက်တင်အခမ်းအနားကို ကျင်းပသွားရန်ရှိကြောင်း သိရသည်။

လက်ရှိ ရန်ကုန်-သန်လျင်တံတားကို ၁၉၉၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်က ဖွင့်လှစ်ခဲ့ပြီး မီးရထားနှင့်ကားလမ်း နှစ်မျိုးသုံးနိုင်သော တံတားဖြစ်ကာ တရုတ်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ သန်လျင်ဒေသတွင် အစိုးရတက္ကသိုလ်ကြီးများအပြင် သန်လျင်အထူးစီးပွားရေးဇုန်ကို ထူထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ယာဉ်အသွားအလာလွန်စွာများပြားလျက်ရှိသည်။

**မြင့်မောင်စိုး**

---

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၅** ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ပါဘက်"သည် မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အနောက်တောင်ဘက် မိုင် ၇၀ ခန့်၊ ကိုကိုးကျွန်းမြို့၏ အရှေ့တောင်ဘက်မိုင် ၃၈၀ ခန့်၊ အိန္ဒိယနိုင်ငံ ပို့ပလဲယားမြို့၏ အရှေ့တောင်ဘက် မိုင် ၃၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။ **မိုး/ဇလ**

---

## တိုင်းဒေသကြီးဝန်ကြီးချုပ် မင်းဘူးမြို့တွင် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

**မင်းဘူး ဇန်နဝါရီ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာဖွင့်ပွဲကို မင်းဘူးမြို့ အမှတ်(၄)နယ်မြေ တမာတန်းရပ်ကွက်တွင် ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်အမှာစကားပြောကြားသည်။



ဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးကို တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်အဖြစ် နိုင်ငံ့ဝန်ထမ်းအိမ်ရာဝင်းအတွင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက သစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအခမ်းအနားကို နိုင်ငံ့ဝန်ထမ်းအိမ်ရာ ဧည့်ခန်းမတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက "နိုင်ငံ့ဝန်ထမ်းများနှင့် အများပြည်သူတို့ နေထိုင်မှုအဆင့်အတန်းမြင့်မားတိုးတက်လာစေရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဝန်ထမ်းများနှင့် အများပြည်သူတို့အတွက် တန်ဖိုးနည်း၊ တန်ဖိုးလတ်၊ တန်ဖိုးမြင့် အရောင်းအိမ်ရာများအပြင် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာနှင့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာတို့ကို စဉ်ဆက်မပြတ်နှစ်စဉ် တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ မကွေးတိုင်းဒေသကြီးအတွင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မကွေးမြို့ ကမ်းနားလမ်း အငှားအိမ်ရာ စီမံကိန်းမှာ ရှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံ သုံးလုံး၊ အခန်းပေါင်း ၁၂၀ ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး နေထိုင်ရေး အခက်အခဲရှိသည့် ဝန်ထမ်းများကို နေရာချထားပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ မကွေး၊ ရေနံချောင်း၊ ချောက်နှင့် တောင်တွင်းကြီး မြို့နယ်တို့တွင် အခန်းပေါင်း ၄၆ ခန်းစီပါဝင်သည့် ရှစ်ခန်းတွဲ ခြောက်ထပ် ဝန်ထမ်းအိမ်ရာ လေးလုံးကို တည်ဆောက်ပြီး နေအိမ်အခက်အခဲရှိသည့် ဝန်ထမ်းများကို နေရာချထားပေးနိုင်တော့မှာ ဖြစ်ပါတယ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ထပ်မံ၍ အစိုးရအဖွဲ့ အခွန်ပိုလျှံရန်ပုံငွေကျပ်သန်း ၁၈၀၀ မတည်ခဲ့ပြီး လိုအပ်သည့်ငွေကို ၂၀၁၈ခုနှစ် မီနီဘတ်ဂျက်မှာ ထည့်သွင်းတောင်းခံခဲ့ရာ အခန်းပေါင်း ၄၇ ခန်းပါဝင်သည့် ရှစ်ခန်းတွဲ ခြောက်ထပ် ဝန်ထမ်းအိမ်ရာ သုံးလုံးကို ပခုက္ကူမြို့၊ မင်းဘူးမြို့နှင့် သရက်မြို့တို့တွင် တည်ဆောက်အကောင်အထည်ဖော်ပေးနိုင်ခဲ့ရာ ယခုအခါ မင်းဘူးမြို့မှာ တည်ဆောက်သည့် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ အခန်းပေါင်း ၄၇ ခန်းအား ဝန်ထမ်းများကို နေရာချထားနိုင်တော့မှာဖြစ်သလို မကြာခင်မှာလည်း ပခုက္ကူမြို့နှင့် သရက်တို့မှာလည်း နေရာချထားပေးနိုင်တော့မှာ ဖြစ်ပါတယ်"ဟု အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရိန်က အဆောက်အအုံနှင့် သက်ဆိုင်သော အချက်အလက်များနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အဆောက်အအုံအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာသည် မင်းဘူးမြို့ အမှတ်(၄) နယ်မြေ တမာတန်းရပ်ကွက် မင်းဘူး- အမ်းလမ်းတွင်တည်ရှိပြီး မကွေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုဘဏ္ဍာငွေကျပ် ၉၄၀ ဒသမ ၅၀၀ သန်းဖြင့် ရှစ်ခန်းတွဲ ခြောက်ထပ် RC အဆောက်အအုံကို Royal International Engineering& Construction Co.,Ltd. က တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# သာကေတမြို့တည် နှစ်( ၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့တည် နှစ်(၆၀) ပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မင်းနန္ဒာလမ်းနှင့် သုမနလမ်းထောင့်ရှိ FORTUNE PLAZA ၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သာကေတမြို့နယ် စာရေးဆရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အခမ်းအနားကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

"သာကေတမြို့ဟာ မြို့သစ်တွေထဲက အစောဆုံး မြို့တစ်မြို့ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ အဓိကကျတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ နှစ်(၆၀)ဆိုတဲ့ကာလ တစ်ခုကို ဖြတ်သန်းလိုက်ချိန်မှာတော့ ဖွံ့ဖြိုးတိုးတက်မှုတွေများစွာတွေ့မြင်နေရပြီဖြစ်ပါတယ်။ သာကေတမြို့ဟာ ၁၉၆၂ ခုနှစ် မတိုင်မီ အိမ်စောင့်အစိုးရ နှစ်နှစ်တာကာလ အတွင်းမှာ ထူထောင်ခဲ့တဲ့မြို့လည်း ဖြစ်ပါတယ်။ သာကေတမြို့ဟာ ဒဂုံ လေးမြို့နယ်နဲ့ ရန်ကုန်မြို့ဟောင်းကို ဆက်သွယ်ပေးထားတဲ့မြို့ဖြစ်လို့ ဒီထက်မက ဖွံ့ဖြိုးလာဖို့ရှိပါတယ်။ မြို့နယ်အသင်းကြီးတစ်ခု တည်ထောင်ပြီး မြို့ကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ တိုက်တွန်းပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ တိုင်းရင်းသား တိုင်းရင်းသူများက သွေးကပြောသောသစ္စာသီချင်းဖြင့် ဂုဏ်ပြုကပြဖျော်ဖြေပြီး သာကေတမြို့နယ်ပညာရေးဌာနမှ ကျောင်းသား ကျောင်းသူများက ဒိုးပတ်အကဖြင့်ဂုဏ်ပြုဖျော်ဖြေသည်။ ယင်းနောက် ဂီတစာဆို ကျောက်ပန်းတောင်းဦးကျော်လွင် သီကုံးရေးသားသော သာကေတမြို့နယ်ဂုဏ်ပြုသီချင်းကို အဆိုတော် မို့မို့ကျော်လွင်က ဂုဏ်ပြုသီဆိုဖျော်ဖြေသည်။ ထို့နောက် သာကေတမြို့ဂုဏ်ပြုရတုသီချင်းဖြင့် နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေနှင့်အဖွဲ့က ဂုဏ်ပြုသီဆိုသည်။

ထို့နောက် ဝန်ကြီးချုပ်က သာကေတမြို့တည် နှစ်(၆၀) ပြည့်အခမ်းအနားတွင် ပါဝင်ကူညီပေးကြသောအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အမှတ်တရဓာတ်ပုံများရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ သာကေတမြို့ကို မြန်မာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ပြီး ယခုအခါ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ကာလသို့ရောက်ရှိခဲ့ပြီဖြစ်၍ နှစ်ပေါင်း ၆၀ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ မြို့ကိုလည်း ရပ်ကွက် ၁၉ ရပ်ကွက်ဖြင့်ဖွဲ့စည်းထားပြီး သီလဝါအထူးစီးပွားဇုန်နှင့် အနီးဆုံးမြို့ဖြစ်၍ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသော မြို့ဖြစ်ကြောင်းသိရသည်။

**မြင့်မောင်စိုး**

# မြစ်သာမြစ်ကူး မြစ်သာတံတား(ဂန့်ဂေါ) ဖွင့်ပွဲကျင်းပ

**ဂန့်ဂေါ ဇန်နဝါရီ ၅**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါ-အနောက်ဂန့်ဂေါ မြစ်သာမြစ်ကူး မြစ်သာတံတား (ဂန့်ဂေါ) ဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီက မြစ်သာတံတား (ဂန့်ဂေါ) ဂန့်ဂေါဘက်၌ ပြုလုပ်ရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ တံတားအင်ဂျင်နီယာချုပ် ဦးသိန်းအောင်နှင့် ရပ်မိရပ်ဖ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများ ပက်ဖျန်းကြ၍ တံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်တို့က အမှာစကားပြောကြားကြပြီး တံတားအထူးအဖွဲ့ (၃) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇင်ထွေးက တံတားနှင့်ပတ်သက်၍ ရှင်းလင်းသည်။

ဖွင့်ပွဲသို့ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တံတားကို တံတားခန်းဖွင့် ပေ ၁၀၀(၃၀ မီတာ)×၈ ခန်းဖြင့် တံတားအရှည် ပေ ၈၀၀ ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ၊ Plate Girter သံကူကွန်ကရစ် ကြမ်းခင်း၊ လက်ရန်းပါ ဆောက်လုပ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့ (၃) က ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြစ်သာမြစ်ကူး မြစ်သာတံတား (ဂန့်ဂေါ)ကို ဆောက်လုပ်ထားသဖြင့် ဂန့်ဂေါမြို့နှင့် အနောက်ဂန့်ဂေါကျေးရွာ သာမက အနီးပတ်ဝန်းကျင်ရှိ ရှုံးရှို၊ အုပ်လှ၊ တောင်ပြင်၊ မကျည်းခင်၊ ဇီးပြားကျေးရွာတို့နှင့် ဆက်သွယ်သွားလာမှု လွယ်ကူသွားသည့်အပြင် ချင်းပြည်နယ်သွား ဂန့်ဂေါ-အိုက်ကာ ကားလမ်းနှင့်ပါ ချိတ်ဆက်နိုင်သည့်အတွက် ခရီးသည်နှင့် ကုန်စည်သွားလာကူးသန်းမှု အဆင်ပြေသွားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မိုင်းခတ်၌ အာခါရိုးရာနှစ်သစ်ကူး(ခါးထောင်းဟား)ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုင်းခတ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ်တွင် အာခါတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက ပါဆန်ကျကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ရှေးဦးစွာ အာခါစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးအားဖာ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်နှင့် တာဝန်ရှိသူတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ပွဲတော်သို့ တက်ရောက်လာကြသည့် ဘိုးဘွား၊ မိဘများ၊ ဆရာသမားများနှင့် အကြီးအကဲများအား ဂါရဝပြုခြင်းနှင့် နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်တွင်စင်ကြယ်စေရန် ရိုးရာဓလေ့ဖြစ်သည့် လက်ဆေးခြင်းမင်္ဂလာပြုလုပ်ပေးပြီး အာခါရိုးရာမြေဝိုင်းအက၊ တေးသရုပ်ဖော်အကများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါနှစ်သစ်ကူးပွဲတော်သည် အာခါတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်စေရန် ရပ်နီးရပ်ဝေးမှ အာခါတိုင်းရင်းသားများ ပြန်လည်ပေါင်းစည်းတွေ့ဆုံချစ်ကြည်ရင်းနှီးမှုရှိစေရန်၊ အခြားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ရင်းနှီးကျွမ်းဝင်မှုရရှိစေရန်၊ သွေးစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်စေရန် ရည်ရွယ်၍ နှစ်စဉ် အထွတ်အမြတ်ထား ကျင်းပလျက်ရှိကြောင်း သိရသည်။

**မိုင်းခတ် (ပြန်/ဆက်)**

# ဆွာရွာမ-ငါးကြီးကွေ့ စစ်တောင်းမြစ်ကူးတံတား တည်ဆောက်မည့်သတင်း ဒေသခံများဝမ်းမြောက်

**ရေတာရှည် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသများတွင် မှီတင်းနေထိုင်ကြသူများအတွက် လမ်းပန်းဆက်သွယ်မှု ခက်ခဲလျက်ရှိရာ ဆွာမြို့နှင့်ဆက်သွယ်သွားလာနိုင်သော ငါးကြီးကွေ့-ဆွာရွာမလမ်းပိုင်း၌ စစ်တောင်းမြစ်ကူးတံတားတစ်စင်း ထပ်မံတည်ဆောက်ပေးသွားမည်ဖြစ်၍ ဒေသခံများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိသည်။

" ဇန်နဝါရီ ၁ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းအထိ ရောက်လာပြီး ဒေသခံပြည်သူတွေနဲ့တွေ့တယ်။ ဒေသတွင်းအခက်အခဲရှိတာတွေတင်ပြခိုင်းတော့ လမ်းပိုင်းတွေ ရာသီမရွေး သွားလာနိုင်ဖို့ မြစ်ကူးတံတား တည်ဆောက်နိုင်ရေး တင်ပြတဲ့အခါမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ တည်ဆောက်ပေးမယ်ဆိုတော့ အားလုံးဝမ်းသာရပါတယ်"ဟု ပိတောက်ကုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာနေသူတစ်ဦးက ပြောသည်။ ပိတောက်ကုန်းကျေးရွာအုပ်စု၊ ခင်တန်းကြီးကျေးရွာအုပ်စု၊ နဂျပ်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများမှာ ယခုလမ်းပိုင်းမှပင် နေ့စဉ် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များဖြင့် သွားလာလျက်ရှိကြပြီး မြစ်ကူး ကူးတို့မှသာ သွားလာကြရသည့်အတွက် စောင့်ဆိုင်းရသည့်အချိန်၊ ငွေကြေးကုန်ကျမှုများရှိသည့်အပြင် ညပိုင်း ဆေးရုံ၊ ဆေးခန်းသို့သွားလာရာ၌ အခက်အခဲများစွာကြုံတွေ့နေရကြောင်း သိရသည်။

" ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ တံတားတည်ဆောက်ဖို့လုပ်ငန်းတွေစတင်မယ်။ အခုမြစ်ကူး ကူးတို့နေရာကနေ အထက်ဘက်နည်းနည်းကျမယ်။ အခုနေရာက ကမ်းစားတာတွေလည်းရှိတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က ပြောကြားသည်။

စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသ ကျေးရွာများဖြစ်သော ခင်တန်းကြီး၊ ကျိုပွတီး၊ ဆွာရွာမ၊ ပိတောက်ကုန်း၊ ကျွန်းကုန်း၊ နဂျပ်၊ ရွာသစ်၊ ကူးတို့ဆိပ်နှင့် မြောင်းတူး အစရှိသော ကျေးရွာများသည် ဆွာမြို့သို့ သွားရောက်သည့်အခါ ဆွာရွာမကျေးရွာချင်းဆက်လမ်းမှ စစ်တောင်းမြစ်ကိုဖြတ်ကူး၍ ငါးကြီးကွေ့မှတစ်ဆင့် ဆွာမြို့သို့ သွားလာနေကြရပြီး စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ပြီးစီးသွားပါက အချိန်မရွေးသွားလာနိုင်တော့မည်ဖြစ်ပြီး ဒေသတွင်း၌ များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

**၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။**

*(ယမန်နေ့မှအဆက်)*

**ထိုင်းနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် မဟာဗာဂျီယာလောင်ကွန်းထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအနေဖြင့် ထူးကဲသည့် အောင်မြင်မှုနှင့်အတူ သာယာဝပြောကြစေရန် မိမိအနေဖြင့် ချစ်ကြည်ရင်းနှီးစွာ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား တူညီသည့်သန္နိဋ္ဌာန်များဖြင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားကြမည်ဖြစ်ပါသည်။ အဆွေတော်၏ အားတက်သရောပံ့ပိုးကူညီမှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးသည့် ထိတွေ့ဆက်ဆံမှုများသည် လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာစေရန် မိမိအနေဖြင့် မျှော်လင့်ပါသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုရှိစွာ အစဉ်အမြဲ နေထိုင်ခဲ့ကြပါသည်။ မိမိတို့အနေဖြင့် ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် ဘာသာတရား အစရှိသည်တို့သာမက နယ်နိမိတ်ချင်းဆက်စပ်နေသည့် အိမ်နီးချင်းများဖြစ်သည့်အတွက် ယှက်နွယ်လျက်ရှိသည့်စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို မျှဝေပိုင်ဆိုင်ထားကြသည့်အတွက် ယင်းအချက်ကို အခြေခံလျက် သဘာဝအရတည်ရှိနေသော မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ရောက်ရှိခဲ့ကြသည်ကို ဝမ်းမြောက်မိပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့်အတူတကွ လက်တွဲလုပ်ကိုင်သွားရန်နှင့် နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို နက်နက်ရှိုင်းရှိုင်း ဆောင်ရွက်သွားကြရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဘွန်ညံဗိုရာချစ်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် လာအိုပြည်သူများနှင့်အတူ မိမိမှ အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အစဉ်အလာဖြင့် သမိုင်းကြောင်းရှည်လျားစွာရှိခဲ့သည့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ပိုမိုတိုးတက်ခိုင်မာလာလိမ့်မည်ဟု မိမိအနေဖြင့် ခိုင်ခိုင်မာမာ ယုံကြည်ပါသည်။

၂၀၁၉ ခုနှစ်၏ နှစ်သစ်ကူးအခါသမယတွင် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် နိုင်ငံဆက်လက်ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာပြည်သူပြည်သားများအနေဖြင့် သာယာဝပြောမှုများအတွက် အဆွေတော်၏ အားထုတ်မှုများ အောင်မြင်မှုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ထောင်လွန်းဆီဆုလစ်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာအစိုးရထံသို့ ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါသည်။

လာအိုနှင့် မြန်မာ နှစ်နိုင်ငံအကြားတွင်သာမက နိုင်ငံတကာနယ်ပယ်တွင် အစဉ်အလာအရတည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်မည်ဟု မိမိအနေဖြင့် လေးနက်စွာ ယုံကြည်ပါသည်။ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန် အဆွေတော်နှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိပါသည်။ ထို့အပြင် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင် ငြိမ်းချမ်းရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရန်လည်း ဆန္ဒရှိပါသည်။

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်ဖူးကျောင့်ထံမှ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဗီယက်နမ်အစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများ ပြီးမြောက်အောင်မြင်ပါစေကြောင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏အနေအထားကို မြှင့်တင်နိုင်ပါစေကြောင်းဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ပို၍နက်ရှိုင်းခိုင်မာလာသည်ကို မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိပါသည်။ မိမိတို့နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကောင်းမွန်သောဆက်ဆံရေးကို အဆင့်သစ်တစ်ရပ်သို့ မြှင့်တင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ယင်းသို့မြှင့်တင်နိုင်ခြင်းဖြင့် မိမိတို့နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားသာမက ဒေသတွင်းနှင့် နိုင်ငံတကာတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် သာယာဝပြောရေးအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ငုယင်စွမ်းဖုထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဗီယက်နမ်အစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာအစိုးရနှင့်ပြည်သူများထံသို့ ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်(၇)ခုအတွင်း မြန်မာနိုင်ငံနှင့် ပြည်သူများ၏ အောင်မြင်မှုများအတွက် ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် နိုင်ငံတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အောင်မြင်မှုများ ပိုမိုရရှိလိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်မိပါသည်။ ထို့အတူ ဒေသတွင်းနှင့်ကမ္ဘာ့အလယ်တွင်လည်း မြန်မာနိုင်ငံ၏ အနေအထားကို ဆက်လက်မြှင့်တင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

မကြာမီနှစ်များအတွင်းက ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အစဉ်အလာအရ တည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုတို့သည် အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့သဖြင့် မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ အထူးသဖြင့် အဆင့်မြင့်ခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်များ မကြာခဏ အပြန်အလှန်သွားလာနိုင်ခြင်းနှင့် တွေ့ဆုံဆွေးနွေးမှုများသည် အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုတို့ကို ပိုမိုခိုင်မာလာစေပြီး နှစ်နိုင်ငံအကြားနှင့် အပြည်ပြည်ဆိုင်ရာမူဘောင်များအတွင်း ရှိရင်းစွဲကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပို၍ခိုင်မာလာစေခဲ့ပါသည်။ မိမိတို့နှစ်နိုင်ငံအစိုးရ၏ မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

**ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလတန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယားထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာအစိုးရနှင့် မြန်မာပြည်သူများအားလုံးအတွက် နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါသည်။

သံတမန်ဆက်ဆံမှုထူထောင်ခဲ့သည့် လွန်ခဲ့သော (၂၅)နှစ်ကတည်းကပင် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများမှာ နီးကပ်သည့် ချစ်ကြည်ရင်းနှီးမှုများ ရှိခဲ့ကြပါသည်။ ယင်းသို့တန်ဖိုးကြီးမားသည့် နှစ်နိုင်ငံဆက်ဆံရေးမှတစ်ဆင့် နယ်ပယ်အမြောက်အမြားတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်ခဲ့ကြပါသည်။ အဆိုပါတန်ဖိုးရှိသည့် ဆက်ဆံရေးမှာ လာမည့်နှစ်များအတွင်း ပိုမိုခိုင်မာလာစေရန် မိမိအနေဖြင့် မျှော်လင့်ပါသည်။

**ဆွစ်ဇာလန်နိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဆွစ်ဇာလန်နိုင်ငံ သမ္မတ ယူလီမော်ရီယေးထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဆွစ်ဇာလန်နိုင်ငံနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဆုမွန်ကောင်းပို့သအပ်ပါသည်။ အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ အေးချမ်းသာယာဝပြောပါစေရန်လည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ခိုင်မြဲသည့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ မြန်မာနိုင်ငံအတွက် ဆွစ်ဇာလန်နိုင်ငံက ၂၀၁၉-၂၀၂၃ ခုနှစ် ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်မှတစ်ဆင့် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများအား ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ချက်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ချက်သမ္မတနိုင်ငံ သမ္မတ မီလော့စ်ဇီမန်းထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုသည် ကဏ္ဍပေါင်းစုံ၌ ဆက်လက်ဖွံ့ဖြိုးတိုးတက်နက်ရှိုင်းလာမည်ဟု မိမိအနေဖြင့် ခိုင်မာစွာယုံကြည်ထားပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူများ အနာဂတ်တွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မိုဟာမက် အဗ္ဗဒူလ် ဟာမစ်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့်အတူ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့် မလိုမုန်းထားမှုမရှိစေရေးမူဝါဒကို မဆုတ်မနစ် ပြတ်သားစွာ ကျင့်သုံးလျက်ရှိပါသည်။ ယင်းမူဝါဒအားစွဲမှတ်လျက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ မိမိတို့နှစ်နိုင်ငံအကြား ပြည်သူများ၏ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသူ နိုင်ငံသားများကိုယ်စား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးအပေါ် အထူးအလေးထားပါသည်။ မိမိတို့နှစ်နိုင်ငံတည်ရှိရာဒေသအား ငြိမ်းချမ်းလုံခြုံတည်ငြိမ်မှုရှိပြီး ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင်ရှိသည့် သာယာဝပြောတိုးတက်သောဒေသအဖြစ် မြင်တွေ့လိုပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံပြည်သူများ တိုးတက်သော ရည်မှန်းချက်များနှင့် မျှော်မှန်းချက်များကို ရရှိခံစားနိုင်ရန် မြန်မာနိုင်ငံနှင့်အတူတကွ ဆောင်ရွက်သွားလိုကြောင်း သန္နိဋ္ဌာန်ပြုအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်သူ့နီတိသင်တန်းကျောင်း

**ကောင်းသန့်**

နေပြည်တော်ကိုယ်ပိုင်အထက်တန်းကျောင်းအသင်းက သူတို့ကျောင်းများမှ ဆရာ ဆရာမများကို ပြည်သူ့နီတိ လေ့ကျင့်သင်ကြားပေးရန် ဖိတ်သည်။

ကျွန်တော်တို့ သုံးဦးကို နာမည်တပ်ဖိတ်သည်။ ကျွန်တော်တို့သုံးဦးက ကျောင်းဆရာ အငြိမ်းစားများဖြစ်ကြသည်။ ဆရာမောင်ဒီပ (ပညာရေး)က စိန့်ပေါလ်ကျောင်း (အထက-၆၊ ဗိုလ်တထောင်) ကျောင်းအုပ်ကြီးအဖြစ် နှစ်အကြာကြီးလုပ်ပြီးမှ အုပ်ချုပ်ရေးပိုင်းပြောင်းပြီး ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစားယူခဲ့သည့် ကျောင်းဆရာဟောင်းတစ်ဦးဖြစ်သည်။

ဆရာအောင်ခိုင်မြင့် (ပညာရေး)က မြို့မကျောင်း (အထက-၂၊ ဒဂုံ)ကျောင်းအုပ်ကြီးလုပ်ပြီး အုပ်ချုပ်ရေးပိုင်းပြောင်းသွားကာ ညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစားယူခဲ့သည့် ကျောင်းဆရာဟောင်းတစ်ဦးလည်း ဖြစ်သည်။

ကျွန်တော်က လုပ်သက် ၁၉ နှစ်တွင် လက်ထောက်ကထိက အင်္ဂလိပ်စာဌာန၊ ရန်ကင်း ဆရာအတတ်သင်သိပ္ပံ (ယခုရန်ကင်းပညာရေးကောလိပ်)မှ အလုပ်နုတ်ထွက်ပြီး စာပေလောကထဲ တိုးဝင်ခဲ့သည့် ကျောင်းဆရာဟောင်း တစ်ဦးဖြစ်သည်။

### တစိုက်မတ်မတ်လုပ်

ကျွန်တော်တို့ သုံးဦးက ရန်ကုန်မြို့တော်ဝန်ဆု ပြည်သူ့နီတိစာမေးပွဲကျင်းပရေးကော်မတီတွင် ပညာရှင်များအဖြစ် ဖိတ်ခေါ်တာဝန်ပေးခြင်းခံခဲ့ရသဖြင့် လွန်ခဲ့သည့် နှစ်နှစ်ကတည်းက ပြည်သူ့နီတိလုပ်ငန်းကို တစိုက်မတ်မတ် လုပ်ခဲ့ကြသည်။

ယခုအချိန်တွင် ပြည်သူ့နီတိအသိပညာပေးလုပ်ငန်းကို မဖြစ်မနေလုပ်သင့်သည်ဟု ယုံကြည်သောကြောင့် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်နေကြပါသည်။

ပြည်သူ့နီတိအသိပညာ ပြန့်ပွားထွန်းကားရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၃ မြို့နယ်ကို တစ်မြို့နယ် တစ်ကျောင်းစီ မြန်မာစာရေးဆရာကလပ်အဖွဲ့ဝင် စာရေးဆရာများနှင့် မိတ်ဆွေစာရေးဆရာများက လိုက်လံဟောပြောခဲ့ပါသည်။

ရန်ကုန်မြို့တော်ဝန်ဆု ပြည်သူ့နီတိအသိပညာပေး ရေးဖြေပြိုင်ပွဲကိုလည်း အောင်အောင်မြင်မြင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### စည်းရုံးဟောပြော

ကျောင်းသားများကို ပြည်သူ့နီတိအသိပညာပေးရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများတွင် အောင်အောင်မြင်မြင် စည်းရုံးဟောပြောနိုင်ခဲ့ပါသည်။

သို့သော် ကျောင်းအားလုံးသို့ ကျွန်တော်တို့ လိုက်မဟောပြောနိုင်ပါ။ ကျောင်းသားများကို ဆက်လက်ပြီး ပြည်သူ့နီတိအသိပညာပေးမည့်သူများက သက်ဆိုင်ရာ ကျောင်းများရှိ ဆရာ ဆရာမများ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာ ဆရာမများကို ပြည်သူ့နီတိအသိပညာသင်တန်း ပေးရသော် ကောင်းလေစွဟု စိတ်ထဲတွင် ခံစားပြီး သင်တန်းပို့ချပေးရန် စိတ်ကူးအိပ်မက် မက်ခဲ့ပါသည်။

ရေငတ်သူ ရေတွင်းထဲကျဆိုသကဲ့သို့ ထိုအချိန်တွင် နေပြည်တော်မှ ကိုယ်ပိုင်အထက်တန်းကျောင်းအသင်း အတွင်းရေးမှူး ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဆရာကြီးကောင်းထက်အောင်က လာဟောပြောမည့်အစား သင်တန်းလာပို့ချပေးရန် ဖိတ်ခေါ်ခဲ့ပါသည်။

သို့နှင့် နေပြည်တော် ACE ကိုယ်ပိုင်အထက်တန်းကျောင်းဖွင့်လှစ်သည့် ပြည်သူ့နီတိအသိပညာပေးသင်တန်းကို သွားရောက်ပို့ချခဲ့ပါသည်။

ကျွန်တော်က အထက်တန်းအဆင့်၊ ဆရာမောင်ဒီပက အလယ်တန်းအဆင့်၊ ဆရာ အောင်ခိုင်မြင့်က မူလတန်းအဆင့် တာဝန်ယူရန် စီစဉ်တိုင်ပင် ဆောင်ရွက်ခဲ့ကြပါသည်။

ကျွန်တော်တို့ တစ်နေ့ ခြောက်နာရီနှင့် နှစ်ရက်သင်တန်းပို့ချဆွေးနွေးကြပါသည်။

### အလျဉ်းသင့်သလိုဆွေးနွေး

ဆရာ ဆရာမများ စိတ်ဝင်စားကြပါသည်။ သင်တန်းရက်တိုးဖို့ တောင်းဆိုကြပါသည်။ ကျွန်တော်တို့ မအား၍ တိုးမပေးနိုင်ခဲ့ပါ။ နှစ်ရက်နှင့် မလုံလောက်မှန်းသိပါသည်။ ကျွန်တော်တို့က ပြည်သူ့နီတိသာမက စနစ်သစ်ပညာရေး၊ နိုင်ငံတကာပညာရေးအကြောင်းကိုလည်း အလျဉ်းသင့်သလို ဆွေးနွေးခဲ့ကြပါသည်။

ကျွန်တော်တို့ချည်း ဟောပြောနေတာမျိုးမဟုတ်ဘဲ သူတို့စိတ်ကူးအတွေးအခေါ် အကြံဉာဏ်များကို ရယူလိုသောကြောင့် အလုပ်ရုံဆွေးနွေးပွဲအသေးစားလည်း ဖန်တီးပြီး သူတို့ကို အားတက်သရော ပါဝင်စေပါသည်။

ကျွန်တော်တို့ချည်း ဟောပြောနေတာမျိုးမဟုတ်ဘဲ သူတို့စိတ်ကူးအတွေးအခေါ် အကြံဉာဏ်များကို ရယူလိုသောကြောင့် အလုပ်ရုံဆွေးနွေးပွဲအသေးစားလည်း ဖန်တီးပြီး သူတို့ကို အားတက်သရော ပါဝင်စေပါသည်။

သူတို့ကိုယ်တိုင်တွေး၊ သူတို့ကိုယ်တိုင်ရေး၊ သူတို့ကိုယ်တိုင်အတန်းရှေ့ထွက်ပြီး ပြောဆိုတင်ပြဆွေးနွေးကြပါသည်။ ပြည်သူ့နီတိကို သူတို့ကိုယ်တိုင်သိ၊ သူတို့ကိုယ်တိုင် စိတ်ဝင်စားပြီး ကျောင်းသားတွေကို ဘာသာရပ်တွေ သင်ကြားရင်း ပါးပါးလေးထည့်သွင်းပြောဆိုလမ်းညွှန်သွားလျှင် ရလဒ်ကောင်းတွေ ရလာမှာသေချာသည်။

ရပ်ကွက်၊ မြို့ ရွာထဲက လူငယ်တွေကိုလည်း ပြန်/ဆက်ရုံးများတွင် ပြည်သူ့နီတိ လူငယ်စကားဝိုင်းတွေ ပြုလုပ်သွားလျှင် အရပ်ဘက်အဖွဲ့အစည်းတွေ၊ လူငယ်တွေလည်း ပြည်သူ့နီတိ သိလာကြလိမ့်မည်။

လိုနေတာက ဝန်ထမ်းတွေ။ ထိုဝန်ထမ်းများကို ပြည်သူ့နီတိအသိပေးသင့်၊ မပေးသင့် ဆန္ဒမဲ ကောက်ယူလျှင် ပေးသင့်သည့်ဘက်က အနိုင်ရလိမ့်မည်ဟု ကျွန်တော် ယုံကြည်နေပါသည်။

### အမှန်တကယ်လိုအပ်

ပြည်သူတွေကို ဝန်ဆောင်မှုပေးနေသော ပြည်သူ့ဝန်ထမ်းများကို ပြည်သူ့နီတိ အသိပညာပေးမည်ဆိုလျှင် ဘယ်နေရာမှာ ပေးသင့်ပါသနည်း။ သင်တန်းကျောင်း တစ်ကျောင်း အမှန်တကယ်လိုအပ်ပါသည်။

ထိုသင်တန်းကျောင်းတွင် ပြည်သူ့ဝန်ထမ်းဆိုသည်မှာ "ဝန်ထမ်းကောင်းမှ တိုင်းပြည် ကောင်းမည်"၊ "လူ့အခွင့်အရေးနှင့် တာဝန်"၊ နိုင်ငံသားကောင်းဖြစ်စေရေး၊ နိုင်ငံကြီးသားပီသစေသော ပြုမူ ပြောဆို လုပ်ကိုင်မှုများ၊ ဆောင်ရန်၊ ရှောင်ရန်များ၊ စာရိတ္တ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ စည်းကမ်းနှင့်လွတ်လပ်ခွင့်၊ နိုင်ငံသားတစ်ယောက်၏ ရပိုင်ခွင့်နှင့်တာဝန်၊ သဘာဝ ပတ်ဝန်းကျင် ချစ်ခင်မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းကာကွယ်လိုစိတ်နှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း ဖန်တီးတည်ဆောက်ရေးတို့ကို တစ်ဦးချင်း ပါဝင်ဆွေးနွေး ဝေဖန်သုံးသပ် ဆုံးဖြတ်ချက်ချ ဆောင်ရွက်မည်။

### ကာကွယ်စောင့်ရှောက်

သင်တန်းဆင်းသွားသော ဝန်ထမ်းများနှင့် လူမှုကွန်ရက်ဖွဲ့ကာ လက်ရှိတွေ့ကြုံနေရသော အခက်အခဲများ၊ ဝေဖန်အကြံပြုချက်များကို သင်တန်းကျောင်းမှ လက်ခံဆွေးနွေးအကြံပေး ကူညီသွားမည်။ ပြုပြင်ပြောင်းလဲလိုစိတ်ရှိပြီး မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်လိုသော ဝန်ထမ်းများကို စိတ်ဓာတ်ခွန်အားပေး ထောက်ခံမည်။ လိုအပ်လျှင် ထိုဝန်ထမ်းများ၏ အခြေအနေမှန်များကို လူကြီးများထံ တင်ပြပြီး ကာကွယ်စောင့်ရှောက်ပေးမည်။

ပြည်သူ့နီတိသင်တန်းကျောင်းသည် ဝန်ထမ်းများအား စိတ်ဓာတ်မြှင့်တင်ပေးရုံသာမက နိုင်ငံသားကောင်း၊ ဝန်ထမ်းကောင်းဖြစ်စေသော အတွေးအမြင်၊ အသိတရားတို့ကို သူတို့ဘာသာ ပြောဆိုဆွေးနွေးရင်း ရရှိသွားစေရန် ရည်ရွယ်သည်။

ဝန်ထမ်းများကိုယ်တိုင် လိုလားအားထားသော သင်တန်းကျောင်းတစ်ခုဖြစ်ရေးအတွက် ပြည်သူ့နီတိ စိတ်ဓာတ်ရှိသူတိုင်း ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

## နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ အားကစားပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၅**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ အားကစား ပြိုင်ပွဲအမျိုးမျိုး ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီနာယက ဦးနိုင်ဝင်းသန်းက ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းကို ရှင်းလင်းပြောကြားကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲတွင် ဝိုင်းဝန်းပံ့ပိုး ကူညီခဲ့ကြသည့် "နေပြည်တော်မိသားစု" ပရဟိတ၊ "ရွှေလရောင်" ပရဟိတ၊ "မိုးစေတနာ" လူမှုကယ်ဆယ်ရေး ပရဟိတအသင်းတို့အား ဂုဏ်ပြုလက်မှတ်များချီးမြှင့်ခဲ့ကြောင်းနှင့် ယခုကျင်းပသည့် အားကစားပြိုင်ပွဲနှင့်အတူ ဇန်နဝါရီ ၁ ရက်မှ ၄ ရက် ညအထိ နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်များ၊ Myanmar Idol မှ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ကိုကိုရှူ (မန်းတက္ကသိုလ်)**

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)က တာဝန်ခံထုတ်ဝေသော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်တွင် ၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီနှင့် မြန်မာနိုင်ငံယာယီဝန်ကြီးချုပ် သခင်နုတို့ လန်ဒန်တွင် နု-အက်တလီ စာချုပ်လက်မှတ်ရေးထိုးနေသည့် သမိုင်းဝင် မှတ်တမ်းဓာတ်ပုံပါဝင်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဝင်စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည့် သမိုင်းမှတ်တမ်းနေ့ရက်များ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၂၁-၁-၁၉၄၆ ရက်နေ့ ဖဆပလ ပြည်လုံးကျွတ် ညီလာခံသဘင်ကြီးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်နှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ပြောကြားခဲ့သည့် အမှာစကား ကောက်နုတ်ချက်များ၊ လွတ်လပ်ရေးနေ့ သမိုင်းကြောင်း၊ ကာတွန်းနှင့် ကဗျာများ စုံလင်စွာပါဝင်ပြီး မှတ်တမ်းမှတ်ရာအဖြစ် သိမ်းဆည်းလေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါလက်ကမ်းစာစောင်များကို မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်မြင့်ကေခိုင်နှင့် ဝန်ထမ်းများက (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားမှ ဌာနဆိုင်ရာများ၊ ကျောင်းဆရာ ဆရာမများနှင့် မော်တော်ကားဂိတ်များ၊ ဈေးနှင့် မီးရထားဘူတာရုံသို့ သွားရောက်၍ လက်ကမ်းစာစောင် စုစုပေါင်း ၆၀၀ အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## အင်းစိန်မြို့နယ် မီနီမာရသွန်ပြိုင်ပွဲတွင် အားကစားသမား ၃၇၀ ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းကြီးလမ်း(ဗဟိုလမ်း) အထက(၁) ကျောင်းရှေ့၌ အင်းစိန်မြို့နယ်ဒေသအားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP) အရ အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးကျင်းပသည့် ၉ ဒသမ ၇ ကီလိုမီနီမာရသွန်ပြိုင်ပွဲကို ကျင်းပရာ ဇန်နဝါရီ ၄ ရက်နံနက်တွင် အမျိုးသား အသက် ၁၆ နှစ်အထက်(တစ်တန်း)၊ ၁၆ နှစ်အောက်(တစ်တန်း)နှင့် အလွတ်တန်း အမျိုးသမီး(တစ်တန်း) စုစုပေါင်းသုံးတန်းတို့တွင် ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၃၇၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း မြို့နယ်အားကစားမှူး ဒေါ်အေးအေးမော်ထံမှ သိရသည်။

### စတင်တာလွှတ်

ရှေးဦးစွာ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ရာ ပြိုင်ပွဲဝင် အားကစားသမားများက မင်းကြီးလမ်း(ဗဟိုလမ်း)၊ မင်းကြီးလမ်းမှ အောက်မင်္ဂလာဒုံလမ်းအတိုင်း သီရိမင်္ဂလာလမ်း (ဂျပန်လမ်း)အတွင်း ဝင်ရောက်ကာ ငုင်းလမ်းမှ ပြည်လမ်း၊ ပြည်လမ်းမှ လမ်းသစ်လမ်း၊ လမ်းသစ်လမ်းမှ မင်းကြီးလမ်း(ဗဟိုလမ်း) အထက(၁)ကျောင်းရှေ့သို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

### ဆုများပေးအပ်ချီးမြှင့်

မီနီမာရသွန်ပြိုင်ပွဲဝင် အားကစားသမားများအား အတန်းလိုက်ဆုချီးမြှင့်ရာ အမျိုးသား ၁၆ နှစ်အထက်၊ ၁၆ နှစ်အောက်နှင့် အမျိုးသမီး(အလွတ်တန်း) အဆင့်လိုက် ဆုရရှိကြသူများအား ပထမဆု ငွေကျပ် တစ်သိန်းစီ၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်းစီ၊ တတိယဆုငွေကျပ်ငါးသောင်းစီ၊ စတုတ္ထဆု ငွေကျပ် နှစ်သောင်းစီ၊ ပဉ္စမဆု ငွေကျပ် တစ်သောင်းစီနှင့် နှစ်သိမ့်ဆု ၁၅ ဦးတို့ကိုလည်း ငွေကျပ်တစ်သောင်းစီတို့ကို မြို့နယ်အားကစားမှူး ဒေါ်အေးအေးမော်နှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**၆၈၄**

# ရွှေသွေးဂျာနယ် နှစ်ငါးဆယ်

## ■ မောင်ဆွေငယ်

"ရွှေရတုတိုင်ခဲ့ပြီဖြစ်သော ကလေးစာပေလမ်းကြောင်း" ခေါင်းစဉ်ဖြင့် ဖတ်ကြားခဲ့သော စာတမ်းတွင် စာတမ်းရှင် ဆရာသူရဇော်က အောက်ပါအတိုင်း နိဒါန်းဖွင့်ခဲ့သည်-

"မြန်မာနိုင်ငံ၏ စာပေတာဝန်ကို အစဉ်တစိုက်ထမ်းဆောင်နေသော စာပေဗိမာန်သည် စာပေဆိုင်ရာဟောပြောပွဲများ၊ နှီးနှောဖလှယ်ပွဲများနှင့် စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့ပါသည်။ အဆိုပါသုံးမျိုးတွင် 'နှီးနှောဖလှယ်ပွဲ' အမည်ခံကာ စာပေပွဲတစ်ပွဲကို ၁၉၆၅ ခုနှစ်တွင် စာပေဗိမာန်က ကျင်းပပြုလုပ်ခဲ့သည်။ 'ကလေးစာပေနှီးနှောဖလှယ်ပွဲ' အမည်ဖြင့် စက်တင်ဘာလ ၁၆ ရက်မှ ၂၀ ရက်နေ့အထိ စာပေဗိမာန်ခန်းမတွင် ကျင်းပခဲ့သည်။ ယင်းနှီးနှောဖလှယ်ပွဲအမည်ခံ စာတမ်းဖတ်ပွဲသည် စာပေဗိမာန်၏ ပထမဆုံးပွဲဖြစ်ပေရာ ယခုအခါတွင် နှစ် ၅၀ ပြည့်မြောက်၍ ရွှေရတုကာလတိုင် ရောက်ခဲ့ပြီဖြစ်ပါသည်။"

ဆရာသူရဇော်သည် ဆရာတက္ကသိုလ် မောင်အောင်ဆွေ၊ ဆရာမောင်ယဉ်မျှးတို့နှင့်အတူ ၁၉-၉-၂၀၁၅ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို A ခန်းမ၌ ဤစာတမ်းကို ဖတ်ကြားခဲ့သည်။

ဤစာတမ်းကို သတိရမိသည်မှာ အခြားအကြောင်းကြောင့်မဟုတ်။ ၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က စတင်ထုတ်ဝေခဲ့သော "ရွှေသွေးဂျာနယ်"ကို အမှတ်ရမိသောကြောင့်ဖြစ်သည်။ ယမန်နှစ်(၂၀၁၈ ခုနှစ်)က ရွှေရတုအကြိုအထိမ်းအမှတ် ရွှေသွေးအထူးထုတ်ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခုရက်ပိုင်းအတွင်းမှာပင် ရွှေရတုအထိမ်းအမှတ် ရွှေသွေးအထူးထုတ် ထွက်ရှိလာပါတော့မည်။

၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် "ရွှေသွေး"စာစောင်ကို စာပေဗိမာန်(ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန) က မီးရှူးသန့်စင်ပေးလိုက်သည်။ ယခု ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရွှေသွေးဂျာနယ် နှစ်ငါးဆယ်ပြည့်လေပြီ။

ကျွန်တော်တို့ငယ်စဉ်က ၁၉၅၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် "ခလေးဂျာနယ်"နှင့် စာပေမျိုးစေ့ရခဲ့သည်။ ထိုစာစောင်တွင်ပါရှိသည့် ဆရာမင်းသုဝဏ်၊ ဇဝန၊ တက်တိုး၊ မင်းယုဝေ စသည့် စာရေးဆရာကြီးများက ကျွန်တော်တို့ကို မျက်စိဖွင့်ပေးခဲ့သည်။ သူတို့စာများကို မွေ့လျော်ခဲ့၍ စာဖတ်ဝါသနာရင့်သန်ခဲ့ကြ၏။ ကျွန်တော်အထက်တန်းကျောင်းသားဖြစ်လာသည့်အခါ "ရှေ့ဆောင်လူငယ်"နှင့် "ဒို့ကျောင်းသား" စာစောင်တို့ကို နိုင်ငံတော်က ၁၉၆၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် "တေဇ" ရုပ်စုံဂျာနယ်ကို စတင်ထုတ်ဝေခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် "ရွှေသွေး" ဂျာနယ်ထူးခြားစွာ ထွက်ရှိခဲ့သည်။ ဤစာစောင်များအားလုံးသည် ထိုခေတ်က ကလေးသူငယ်တို့အပေါ် စာပေသြဇာညောင်းခဲ့သည်။

မှတ်မှတ်ရရ ကျွန်တော့် မိတ်ဆွေတစ်ဦးက သူ၏ကိုယ်တွေ့ဖြစ်ရပ် ပြောပြဖူးသည်။ သူ့တွင် သမီးတစ်ဦးရှိသည်။ မွေးစကပေါင်မပြည့်ဘဲ လေးပေါင်ကျော်ရုံမျှသာရှိသည်။ ကလေးအထူးကုသမားတော်များ၏ ညွှန်ကြားချက်အရ ပေါင်ပြည့်သည်၊ မပြည့်သည်က အဓိကမဟုတ်။ အာဟာရပြည့်ဝအောင် စနစ်တကျကျွေးနိုင်သည်က ပဓာနဟုဆိုသည်။ မွေးစကကိစ္စမရှိ၊ အမိန့်ရည်ကိုအားပြုနိုင်သည်။ ထမင်းခွံ့ကျွေးရသည့်အရွယ်ရောက်သည့်အခါ ပြဿနာစလာပါတော့သည်။ ထမင်းကောင်းကောင်းမစားခြင်းပင်ဖြစ်သည်။

စားချင်စိတ်ရှိလျှင် အထိုက်အလျောက်စားသည်။ စားလိုစိတ်မရှိက ဝါး၍ထွေးထုတ်ပစ်သည်။ သို့သော် သူ့ဇနီးက အမြင်ကျယ်သည်။ စာအလွန်ဖတ်သူဖြစ်သည်။ သူ့ဇနီးက သူ့ရင်သွေးကို ထမင်းကျွေးခါနီးတွင် ရွှေသွေးစာစောင်ကို ဖတ်ပြသည်။ စာဖတ်ပြမှုကို နှစ်သက်လာသည့် သမီးက စာဖတ်ပြရင်း ကျွေးသလောက်စားသည်။ နောင်တော့ သူ့သမီးသည် ထမင်းစားသည့်အခါ အစားအစာတစ်ခုခုစားရသည့်အခါ စာစောင်တစ်ခုကို မဖတ်ဘဲ မစားတတ်သည်အထိ စာပေကို မွေ့လျော်လာတော့သည်။ စာပေတွင် မွေ့လျော်တတ်အောင် ရွှေသွေးက လေ့ကျင့်ပေးခဲ့သော သူ့သမီးသည် အရွယ်ရောက်သည့်အခါ သူဝါသနာပါရာ အသက်မွေးဝမ်းကျောင်းမှုနယ်ပယ်တွင် အထူးအောင်မြင်မှုရရှိနေပြီဟု ဆိုပါသည်။ ကျွန်တော်ပီတိဖြစ်ရသည်။

နိုင်ငံတကာကလေးများနှစ်တွင် ဖြစ်မည်ထင်ပါသည်။ ထိုနှစ်က ဆောင်ပုဒ်တစ်ခုပေါ်ခဲ့သည်။ "ကလေးသိမှုမှန်ကန်ရေး မိဘတို့ကိုပညာပေး" ဟူ၍ဖြစ်ပါသည်။ ကလေးသိမှုမှန်ကန်ရေးအတွက် မိဘတိုင်းတွင် တာဝန်ရှိသည်ကို လူတိုင်းငြင်းမရ။ မည်သို့အသိပညာပေးမည်နည်း။ စာအုပ်စာပေကို မွေ့လျော်အောင် မိဘတို့က ဖန်တီးပေးရန်မှတစ်ပါး အခြားမရှိပြီ။

ကလေးများအပေါ် အရှိန်အဝါကြီးခဲ့သော ရွှေသွေးဂျာနယ်နှင့် ကျွန်တော် ဖူးစာဆုံခဲ့သည်ဟု ပြောလိုပါသည်။ ၁၉၈၀ ပြည့်နှစ်တွင် စာပေဗိမာန်သို့ စာတည်းအဖြစ်ရောက်ရှိခဲ့သည်။ ထိုစဉ်က လက်ထောက်စာတည်းဟု ခေါ်သည်။ ကျွန်တော့်အား ရွှေသွေးတွင် တာဝန်ပေးပါသည်။ ထိုစဉ်က ရွှေသွေးသည် ဆယ်နှစ်သားအရွယ်ရောက်နေပေပြီ။ ကျွန်တော်ရွှေသွေးစာစောင် ကိုင်ရသည့်အခါ ရွှေသွေးကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေနေပြီဖြစ်သည်။

> **ကျွန်တော်ငယ်စဉ်က တစ်စောင်တလေမျှကိုသာ ဖတ်ရှုရသော်လည်း ယနေ့တွင် ကလေးတို့အတွက် စာအုပ်၊ စာစောင်၊ ဂျာနယ်များစွာ ထွက်ရှိနေပြီ။ ယင်းစာစောင်များမှတစ်ဆင့် ကလေးတို့ကို မျိုးချစ်စိတ်ဓာတ်ပျိုးပေးရမည်။ သတ္တိမွေးပေးရမည်။ စာအုပ်မြတ်နိုးစိတ်၊ စာဖတ်ချင်စိတ် နှိုးပေးရမည်။ ဤသို့ မလုပ်နိုင်ပါက တာဝန်ကျေမည်မဟုတ်။**

ကျွန်တော့်အထက်က တာဝန်ခံစာတည်းမှာ အလွန်တရာ စိတ်ထားကောင်း၊ ပညာရည်ဝ၊ အင်္ဂလိပ်-မြန်မာစာပေနှံ့စပ်သူ ဆရာကြီး ဦးစံလွင်ဖြစ်ပါသည်။ ကျွန်တော့် စီနီယာအယ်ဒီတာမှာ ကလေးစာပေသမိုင်းတွင် တစ်တပ်တစ်အား ပါဝင်ခဲ့သူဆရာ ဂယက်နီဖြစ်ပါသည်။ ဆရာမုံရွာဝင်းဖေမှာ သုတပဒေသာ စာစောင်ကိုင်ရသော်လည်း ကလေးစာပေ၊ ကဗျာနှင့် အကျွမ်းဝင်ပြီးသားဖြစ်ပါသည်။ ဆရာမောင်ဆုရှင်က စာတည်းမှူး ဖြစ်ပါသည်။

ပင်တိုင်သရုပ်ဖော်ရေးဆွဲပေးနေကြသော ပန်းချီ၊ ကာတွန်းဆရာကြီးများမှာ ပန်းချီ ဦးဘကြည်၊ ဦးသန်းကြွယ်၊ ဦးကျော်ဆန်း(က-ဆ)၊ ဦးဖေသိန်း၊ ဦးအောင်ရှိန်၊ ဦးမောင်စိန်၊ ဦးတင်အေးတို့က တစ်လှည့်စီတာဝန်ယူကြသည်။ နောင် ဆရာဦးသန်းကြွယ် ကွယ်လွန်သည့်အခါ သူ၏ညီက "သန်းနွယ်" အမည်ဖြင့် ဆရာဦးသန်းကြွယ်၏ လက်ရာအတိုင်း သရုပ်ဖော်နိုင်ခဲ့သည်။ ယခုထိုဆရာကြီးများ မရှိတော့။ လူငယ်ကာတွန်း၊ ပန်းချီဆရာများက ပါဝင်ရေးဆွဲကြသောကြောင့်လည်း ရွှေသွေးမှာ မြိုင်လွန်းလှသည်။ ထိုစဉ်က လူငယ်ပန်းချီဆရာများသည်ပင် ယနေ့ဦးဆောင်ပိုင်းတွင် နေရာယူနေကြပါပြီ။

ရွှေသွေးဂျာနယ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေသည့်အခါ ဘာသာပြန်ဆိုပေးကြသူများမှာ မြန်မာနိုင်ငံ၏ ထိပ်တန်းစာရင်းဝင်များဖြစ်ကြသည့် ဦးဝင်းဖေ(မြဇင်)၊ ဦးကိုကို (Motley Ko Ko)၊ ဦးပေါ်ထင်(ဂျင်မီပေါ်ထင်)၊ ဦးအောင်ခင်(ပီအောင်ခင်)၊ ဦးအောင်ချမ်းသာ (C.T.Aung)၊ ဦးကျော်မင်း(မင်းကျော်မင်း)တို့က စေတနာထား၍ ပြန်ဆိုပေးကြသည်။ ယင်းဆရာကြီးများအနက် ဆရာမြဇင်မှလွဲ၍ ကွေ့လွင့်ကုန်ကြလေပြီ။ နောက်ပိုင်းတွင် ဆရာဦးခင်မောင်အေး (KMA) နှင့် ရွှေသွေးတာဝန်ခံစာတည်းအဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သည့် ဆရာဦးခင်မောင်လေး (KML) နှင့် စာရေးသူတို့က ပါဝင်အားဖြည့်ကြသည်။

ယင်းဘာသာပြန်ဆရာကြီးများရှိစဉ်က ကျွန်တော်သည် စာတည်းရာထူးမှာပင် ရှိနေသေးသည်။ ယခင်ကယခုကဲ့သို့ ကွန်ပျူတာများမပေါ်သေး။ လက်စာစီ၊ လက်ဒီဇိုင်းဖြင့်သာ စခန်းသွားနေရချိန်ဖြစ်သည်။ အမှားတစ်ခုခုပေါ်ပါက ချက်ချင်းမပြင်နိုင်။ ထို့ကြောင့် အမှားမပေါ်ရအောင် အထပ်ထပ်စိစစ်ပြီးမှ စက်တင်ရသည်။ စာမူ၊ သရုပ်ဖော်ပုံရွေး၊ ပန်းချီအပ်၊ စာမူ၊ ရုပ်ပုံတည်းဖြတ်၊ စာစီချ၊ ဂယ်လီပရူဖတ်၊ ပြန်ပို့၊ ပြန်စစ်၊ ပန်းချီဆရာ၊ ကာတွန်းဆရာများ၊ စာရေးဆရာ၊ ကဗျာဆရာများနှင့် လုပ်ငန်းတွေ့ညှိရသည်မှာ အဆင့်များသော်လည်း ကြည်နူးရသည်။ (ယခင်က ကာတွန်းလက်ရာများကို ပုံကြမ်းတင်ရသည်။ စာတည်းအဖွဲ့က လက်ခံမှ အရောင်သွင်းပြီး သုံးရသည်။ ယခုတော့ အဆင့်မရှိတော့ပြီ။)

မှတ်မှတ်ရရ ဆရာမြဇင် ပြောခဲ့သောစကားသည် ကျွန်တော့်ရင်တွင် စွဲထင်ကျန်ရစ်နေသည်။ ထိုစဉ်က ဘာသာပြန်ပြီးသမျှအားလုံးကို ဆရာမြဇင်က တာဝန်ယူတည်းဖြတ်ရသည်။ ဆရာမြဇင်ထံမှ ကျလာသည့်အခါ အတည်ဖြစ်သည်။ သို့သော်ဆရာမြဇင်က ကျွန်တော့်ကို ဘာသာပြန်အမွေ လက်ဆင့်ကမ်းပေးခဲ့သည်။

"ဆရာကြီးတွေ ဘာသာပြန်တာနဲ့ပဲ ခင်ဗျားတို့ တင်းတိမ်မနေနဲ့။ ခင်ဗျားတို့လည်း ဝင်ပြန်ပါ။ မပြန်ရင် နောက်မျိုးဆက်ကန်းသွားလိမ့်မယ်" ဟူသော မှတ်ချက်ဖြင့် ကျွန်တော်ဘာသာပြန်ဆရာဖြစ်ခဲ့သည်။ ဆရာကြီးတစ်ဦးဦး မမာမကျန်းဖြစ်သည့်အခါ၊ ပြည်ပခရီးသွားနေသည့်အခါ သူတို့တာဝန်ကို ဝင်ယူရင်း ဘာသာပြန်ဆရာဖြစ်ခဲ့သည်။ နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့ပြီ။

နိုင်ငံခြားဘာသာပြန် ဂန္ထဝင်အပါအဝင် ကလေးစာပေအမြောက်အမြား ထွက်ရှိနေပါပြီ။ သို့ရာတွင် ကလေးတို့သည် မြန်မာ့ပုံပြင်များ၊ ခေတ်ပေါ်မြန်မာဇာတ်လမ်းများကို မြန်မာကလေးများက ပို၍နှစ်ခြိုက်ကြသည်။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်က ၃-၁၁-၁၉၇၉ ရက်နေ့ထုတ် 'ဗိုလ်တထောင်'သတင်းစာတွင် ဆောင်းပါးရှင်တစ်ဦးက ရွှေသွေးကို ဖတ်ရှုရာတွင် ကလေးတို့နှစ်သက်မှုကို အောက်ပါအတိုင်း သရုပ်ခွဲပြခဲ့သည်-

- မြန်မာ့စရိုက်နှင့် အံဝင်ခွင်ကျမှုရှိခြင်း၊
- ဖတ်ရှုသူ(ကလေးသူငယ်၊ လူငယ်လူရွယ်တို့)နှင့် နီးစပ်သော ပတ်ဝန်းကျင်မှ အကြောင်းအရာဖြစ်ခြင်း၊
- အသိပညာပေးဖြစ်ခြင်း၊
- အရေးအသားမှာ နားလည်လွယ်ခြင်း၊
- ရုပ်ပုံများမှာ မြန်မာ့ဟန်၊ မြန်မာ့မှုကို ထိန်းသိမ်းထားခြင်းတို့ပင် ဖြစ်သည်။

ရွှေသွေးတွင် ရေးဆွဲခဲ့ကြသော ပင်တိုင်ပန်းချီ၊ ကာတွန်းဆရာကြီးများသည် ကွယ်လွန်ကုန်ကြပြီ။ ယခင်က လူငယ်ပန်းချီ၊ ကာတွန်းဆရာများက ဆရာကြီးတို့၏နေရာတွင် ရောက်နေကြပြီ။ ဘာသာပြန်ဆရာကြီးများနေရာတွင် ထိုစဉ်က လူငယ်တို့ နေရာဝင်ယူနေကြပြီ။ ဤလူငယ်တို့သည်ပင် အသက် ၇၀ တန်းတွေဖြစ်နေကြလေပြီ။

ရွှေသွေးတွင် ဖော်ပြသည့်လက်ရာအချို့ ကမ္ဘာ့နိုင်ငံများသို့ ရောက်နှင့်နေပြီ။ ပါဝင်ရေးသားကြသူအချို့ ကြွေကုန်ကြပြီ။ အချို့ကား စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေဆုတို့ကိုပင် ဆွတ်ခူးခဲ့ကြလေပြီ။ အချို့ကား ရွှေသွေးကို ဦးမလှည့်နိုင်တော့။ သို့သော် အချို့ကား ယခုတိုင် ပံ့ပိုးနေဆဲ။

ယခုအခါ "ကလေးစာပေပွဲတော်" များကို နိုင်ငံတစ်ဝန်း မြို့ကြီးပြကြီးတို့တွင် စည်ကားစွာ ကျင်းပနေကြသည်။ ကလေးစာပေဖွံ့ဖြိုးရေးကို နိုင်ငံတော်က အားထည့်ကြိုးပမ်းနေချိန်လည်းဖြစ်သည်။ ကျွန်တော်ငယ်စဉ်က တစ်စောင်တလေမျှကိုသာ ဖတ်ရှုရသော်လည်း ယနေ့တွင် ကလေးတို့အတွက် စာအုပ်၊ စာစောင်၊ ဂျာနယ်များစွာ ထွက်ရှိနေပြီ။ ယင်းစာစောင်များမှတစ်ဆင့် ကလေးတို့ကို မျိုးချစ်စိတ်ဓာတ်ပျိုးပေးရမည်။ သတ္တိမွေးပေးရမည်။ စာအုပ်မြတ်နိုးစိတ်၊ စာဖတ်ချင်စိတ် နှိုးပေးရမည်။ ဤသို့မလုပ်နိုင်ပါက တာဝန်ကျေမည်မဟုတ်။

ရွှေသွေးဂျာနယ်ကို ကျွန်တော်တို့၏ ဆရာများက အမွေပေးခဲ့သည်။ ဤအမွေကို ကျွန်တော်တို့ ဆက်လက်ထိန်းသိမ်းခဲ့သည်။ ယနေ့ ကျွန်တော်တို့သည်ပင် ဘဝနေညိုသို့ ရောက်နေပါပြီ။ ကျွန်တော်တို့ လက်ဆင့်ကမ်းပေးသည့် ရွှေသွေးကို မျိုးဆက်သစ်စာတည်းအဖွဲ့က ဆက်လက်သယ်ဆောင်ကြပေလိမ့်မည်။

"ရွှေသွေး" သာမက "ရွှေသွေး"နှင့်အတူ လည်ပတ်နေကြသည့် ကလေးစာအုပ်၊ စာစောင်၊ ဂျာနယ်အားလုံး ထာဝရရှင်သန်နိုင်ကြပါစေ။ ။

ဘူးသီးတောင် နယ်ခြားစောင့်ရဲကင်းတိုက်ခိုက်ခံရမှုတွင် ကျဆုံးသွားသော ရဲတပ်သား မြတ်ကျော်ငြိမ်း မိသားစုများနေထိုင်သော ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ၃ လမ်း နေအိမ်သို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ပေးအပ်သော ထောက်ပံ့ ငွေကျပ် ၁၀ သိန်းအား သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦးက ဇန်နဝါရီ ၄ ရက်က သွားရောက်ပေးအပ်စဉ်။

ရဲမင်းထွန်း(ပြန်/ဆက်)



ဘူးသီးတောင် နယ်ခြားစောင့်ရဲကင်းတွင် တာဝန်ထမ်းဆောင်နေစဉ် ကျဆုံးသွားသော ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ ရန်ကြီးအောင်ရပ်နေ ရဲတပ်ကြပ်ကြီး တင်ထွန်းအောင်နေအိမ်သို့ သွားရောက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းအား ကန့်ဘလူမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အောင်ကျော်မိုးက ရဲတပ်ကြပ်ကြီး တင်ထွန်းအောင်၏ဇနီး ဒေါ်မော်မော်လွင်ထံ ဇန်နဝါရီ ၅ ရက်က ပေးအပ်စဉ်။

လူအောင်(ကသာ)



# ကရင်နှစ်သစ်ကူးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ရိုးရာဂျပ်ခုတ်ပြိုင်ပွဲ ကျင်းပ



**ဘားအံ ဇန်နဝါရီ ၅**

ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ပြာသို(သလေးထိုင်ခေါက်ဖိုး) လဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် ကရင်နှစ်သစ်ကူးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ရိုးရာဂျပ်ခုတ်ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသည်။

တိုင်းရင်းသားမျိုးနွယ်စုအလိုက် အသုံးပြုကြသော ရိုးရာဂျပ်ခုတ်စင်အမျိုးမျိုးရှိသည့်အနက် ကရင်တိုင်းရင်းသားတို့သည် ခါးပတ်ဂျပ်ခုတ်ရက်ကန်းစင်ကို အသုံးပြုကြပြီး ချည်မျှင်နှင့် အထည်စက်ကြီးများ ခေတ်မီတိုးတက်လာသော်လည်း တိုင်းရင်းသားရိုးရာအဝတ်အထည် ရက်လုပ်မှုဆိုင်ရာလုပ်ငန်းများ တိမ်ကောသွားခြင်း မရှိစေရေးနှင့် ပိုမိုရှင်သန်လာစေရေး၊ တန်ဖိုးမဖြတ်နိုင်သော ကရင်ရိုးရာဂျပ်ခုတ်အမွေအနှစ်များ ပျက်စီးပျောက်ကွယ်သွားခြင်းမရှိစေရေးအတွက် ရိုးရာဂျပ်ခုတ်ပညာရပ်ကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုသော ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က ယနေ့ကျင်းပသည့် ပြိုင်ပွဲမှာ ပထမအကြိမ်ကျင်းပသည့်ပြိုင်ပွဲဖြစ်ပြီး နောင်နှစ်များတွင် ယခုနှစ်ထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲ အရေအတွက်များလာသည်နှင့်အမျှ ပိုမိုထူးခြားဆန်းပြားသည့် ရိုးရာဂျပ်ခုတ်ထည်ဒီဇိုင်းများ ထွက်ရှိလာမည်ဖြစ်ပြီး တစ်နည်းအားဖြင့် ကရင်ရိုးရာအထည်ကို အဆင့်မြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးမြေးမြစ် နောင်လာ နောက်သားအားလုံးကို လက်ဆင့်ကမ်းအမွေမျှဝေပေးပြီး ပြည်တွင်းဖြစ် ကရင်ရိုးရာဓလေ့ဂျပ်ခုတ်ထည်များကို တီထွင်စမ်းသပ်မှုများ ဆောင်ရွက်နိုင်ကြပါစေကြောင်း အမှာစကားပြောကြားပြီး ဘားအံမြို့ ရက်ကန်းနှင်သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်က ပြိုင်ပွဲနှင့်ပတ်သက်သော အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ရိုးရာဂျပ်ခုတ်ပြိုင်ပွဲကို ကျင်းပရာ ဘားအံမြို့နယ် တာလဂုဏ်ကျေးရွာ၊ မိုင်းကံကျေးရွာ၊ အထက်ကော့ရင်းကျေးရွာ၊ ရိုးမဟာကျေးရွာ၊ တောင်ကလေးကျေးရွာ၊ ကော့ကရိတ်မြို့နယ် ကျုံဒိုးကျေးရွာ၊ လေးတိုင်ကျေးရွာ၊ လှိုင်းဘွဲမြို့နယ် မအဲကျေးရွာနှင့် သံတောင်မြို့တို့မှ ပြိုင်ပွဲဝင် ဂျပ်ခုတ်အဖွဲ့ ၂၄ ဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂျပ်ခုတ်ယှဉ်ပြိုင်နေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြကာ ပြိုင်ပွဲတွင်ဆုရရှိသူများအား ကရင်နှစ်သစ်ကူးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ရိုးရာဂျပ်ခုတ်ထည် တစ်ထည်ဖြစ်ပေါ်လာရန် အချိန် ၁၀ ရက်ခန့်ပေးရကြောင်း၊ ဂျပ်ခုတ်လုပ်ကိုင်သူများသည် သားသမီးဆွေမျိုးများအတွက်နှင့် သီးသန့်မှာယူသူများအတွက်သာ ဆောင်ရွက်ကြကြောင်း ဈေးနှုန်းအားဖြင့် ငွေကျပ်သောင်းဂဏန်းမှ သိန်းဂဏန်းအထိရှိ၍ ရှေးကရင်ဘိုးဘွားများဝတ်ဆင်သည့် ကရင်ရိုးရာစစ်စစ်ဂျပ်ခုတ်ထည်အချို့သည် ငွေကျပ်ဆယ်သိန်းနှင့် အထက်တန်ဖိုးရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ပါဘက်အပူပိုင်းမုန်တိုင်း အနီးဆုံးဖြတ်သန်းမည့် ကော့သောင်းမြို့အခြေအနေ

**ကော့သောင်း ဇန်နဝါရီ ၅**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၅ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ထိုင်းနိုင်ငံ ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော ဆိုင်ကလုန်း မုန်တိုင်း “ပါဘက်” သည် မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အနောက်တောင်ဘက်(၆၅)မိုင်ခန့်၊ ကိုကိုးကျွန်းမြို့၏အရှေ့တောင်ဘက်မိုင် ၃၉၀ ခန့်၊ အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့၏ အရှေ့တောင်ဘက် ၃၃၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း၊ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ပါဘက်” သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၄၈ နာရီအတွင်း ကပ္ပလီကျွန်းစုသို့ ဖြတ်ကျော်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ခန့်မှန်းထားကြောင်း သိရသည်။

အပူပိုင်းမုန်တိုင်းပါဘက် ဖြတ်သန်းမည့် မြန်မာနိုင်ငံ၏အနီးဆုံးမြို့ဖြစ်သည့် ကော့သောင်းမြို့တွင် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင်လေအနည်းငယ် တိုက်ခတ်နေပြီး မိုးတဖွဲဖွဲ ဆက်တိုက်ရွာသွန်းနေသည်မှလွဲ၍ အေးချမ်းတည်ငြိမ်လျက်ရှိသည်ကို တွေ့ရသည်။

မြို့နယ်တာဝန်ရှိအဖွဲ့အစည်းများ၏ နှိုးဆော်သတိပေးချက်များအရ မြို့မဆိပ်ကမ်းတံတား၊ ဘုရင့်နောင်တံတားနှင့် ဘုရင့်နောင်အမှတ်(၂)တံတားတို့တွင် ဆိုက်ကပ်ရပ်နားထားသည့် စက်လှေများ၊ ငါးဖမ်းလှေငယ်များ ဘေးကင်းရာသို့ရွှေ့ပြောင်းထားပြီး ကော့သောင်း-ရနောင်းကူးသန်းသွားလာသည့် ကူးတို့ပွဲချိတ်လှေငယ်များ၊ ခရီးသွားလုပ်ငန်းသုံး Speed Boat များအား ထွက်ခွာခြင်းမပြုထားကြောင်း၊ ထိုင်း-မြန်မာနယ်စပ် ဖြတ်သန်းမှုအား နှစ်နိုင်ငံစစ်ဆေးရေးဂိတ်များက အသီးသီးပိတ်ထားကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် မွန်းလွဲပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အတွင်း တိုက်ခတ်လျက်ရှိရာ မုန်တိုင်းနှင့် အနီးဆုံးဖြစ်သည့် ကော့သောင်းမြို့၌ ရာသီဥတုအခြေအနေမှာ စိုးရိမ်ဖွယ်ရာမတွေ့ရကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## သီပေါအရှေ့တောင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများ ဘုန်းတော်ကြီးကျောင်းများ၌ ခိုလှုံလျက်ရှိ

**သီပေါ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ကွာ သီပေါမြို့နယ် နမ့်ရမ်းကျေးရွာ အုပ်စု နားမခေါ်ကျေးရွာအုပ်စုနှင့် ကုန်းဆော့ကျေးရွာအုပ်စုတို့အတွင်းရှိ ကျေးရွာများအနီးတွင် လက်နက်ကိုင်အဖွဲ့အစည်းများ သွားလာလှုပ်ရှားလျက်ရှိသဖြင့် တိုက်ပွဲဖြစ်ပွားမည်ကို ဒေသခံပြည်သူများ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စိုးရိမ်မကင်းမှုများကြောင့် နီးစပ်ရာဘုန်းကြီးကျောင်းများသို့ တိမ်းရှောင်ရန်ရောက်ရှိလာသူ ၁၂၃၇ ဦး လာရောက်ခိုလှုံလျက်ရှိကြောင်း သိရသည်။

တိုက်ပွဲရှောင်ပြည်သူများ နေထိုင်စားသောက်ရေးကိစ္စများကို မြို့နယ်တာဝန်ရှိအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ပိုင်ရှင်မဲ့ သင်းခွေချပ်တစ်ကောင် ဖမ်းမိ

**ရန်ကုန် ဇန်နဝါရီ ၅**

သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက်တွင် ယနေ့နံနက်ပိုင်းက သင်းခွေချပ်တစ်ကောင် ပိုင်ရှင်မဲ့ ရရှိခဲ့သည်။ အဆိုပါသင်းခွေချပ်အား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ငြိမ်းနှင့်အဖွဲ့တို့က လှော်ကားသဘာဝဥယျာဉ်သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ရဲမင်းထွန်း(ပြန်/ဆက်)**

## မြန်မာ ယူ-၂၂ အသင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာ ယူ-၂၂ အသင်းသည် အာရှအရှေ့အလယ်ပိုင်းအသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိုမန်နိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဖေဖော်ဝါရီလတွင် ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ဇန်နဝါရီ ၇ ရက်တွင် အိုမန် ယူ-၂၂ အသင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ကာတာ ယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းခရီးစဉ်အတွက် ဗီယက်နမ် ဖိတ်ခေါ်ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့်အသင်းကို အခြေခံကာ ၂၀၁၈ အာဆီယံဆုဇူးကီးဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းမှ အသက်မီသည့် ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် အိုမန် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစား ရမည်ဖြစ်သောကြောင့် အိုမန်နိုင်ငံသို့ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် အဖွဲ့ခေါင်းဆောင်-ဦးကိုကိုသိန်း၊ နည်းပြချုပ်-ဦးကြည်လွင်၊ လက်ထောက်နည်းပြ-ဦးချစ်နိုင်၊ ဦးကျော်လွင်၊ ကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ စိုးအာကာ၊ နောက်တန်း-စိုးမိုးကျော်၊ ဝင်းမိုးကျော်၊ ရဲရင့်အောင်၊ ဖွဲ့ထက်မင်း၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ ဇင်ရဲနောင်၊ ကျော်သူထွန်း၊ အလယ်တန်း-မြတ်ကောင်းခန့်၊ မင်းကိုကို၊ လွင်မိုးအောင်၊ နန်းထိုက်ဇော်၊ စိုးလွင်လွင်၊ ဟိန်းထက်အောင်၊ ရှေ့တန်း-ဝင်းနိုင်ထွန်း၊ ဇင်မင်းထွန်း၊ ချမ်းငြိမ်း၊ ထက်ဖြိုးဝေတို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**
**၅-၁-၂၀၁၉**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၄၀)အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**
**၅-၁-၂၀၁၉**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ကရင်အမျိုးသား နှစ်သစ်ကူး ကောက်သစ်စားပွဲတော်၌ ငြိမ်းချမ်းရေးပြခန်းများပါ ထည့်သွင်းပြသသွားမည်



**အိမ်မဲ ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုရွာ၌ ဇန်နဝါရီ ၆ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုအဆင့် ကရင်အမျိုးသား နှစ်သစ်ကူး ကောက်သစ်စားပွဲတော်၌ ငြိမ်းချမ်းရေးပြခန်းများပါ ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကရင်အမျိုးသား ကောက်သစ်စားပွဲတော် ငြိမ်းချမ်းရေးပြခန်းတွင် မြန်မာနိုင်ငံ၏ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ် ကြိုးပမ်းမှုအဆင့်ဆင့်၊ ကရင်အမျိုးသားများ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှု အဆင့်ဆင့်၊ လွတ်လပ်ရေး ကြေညာစာတမ်း၊ အထင်ကရ ပုဂ္ဂိုလ်ကြီးများ၏ မိန့်ခွန်းများ၊ အထင်ကရ မှတ်တမ်းဓာတ်ပုံများ၊ ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံ၊ မြန်မာပြည် ကရင်အမျိုးသား ခေါင်းဆောင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌများ၏ မှတ်တမ်းဓာတ်ပုံများ၊ ကရင်အမျိုးသား စာအုပ်စာပေများ၊ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများကို ထည့်သွင်းပြသသွားမည်ဖြစ်သည်။

ကရင်အမျိုးသား ကောက်သစ်စားပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက် အရုဏ်တက်ချိန်မှစကာ ကျင်းပသွားမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများအပါအဝင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လှွမ်းသီဟ(ပြန်/ဆက်)**

# ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးနဲ့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးအတွက် အရေးပါတဲ့ပွဲတော်ဖြစ်ပါတယ်

**ရန်ကုန် ဇန်နဝါရီ ၅**

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနနှင့် ကရင်စာပေ၊ ယဉ်ကျေးမှုကော်မတီတို့ ပူးပေါင်းပြီး ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းမှစတင်ကာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

ပွဲတော်တွင် ကရင်ဒုံးအက၊ ကရင်ကဗျာရွတ်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် လက်ဝှေ့ပြိုင်ပွဲများ ထည့်သွင်းကျင်းပပြီး ကရင်ရိုးရာ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ကရင်စာပေနှင့် တူရိယာပစ္စည်းများ၊ ကရင်တိုင်းရင်းသား ခေါင်းဆောင်များနှင့် ကရင်လူမျိုးများ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေး ကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကို ပြခန်းများ ဖြင့်ပြသထားပြီး ကရင်ရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ကရင်အမျိုးသား နှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်ကို စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အိမ်မဲမြို့နယ် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော် ကျင်းပရေးကော်မတီမှ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ကော်မတီတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်း တင်ပြလိုက်ရပါသည်။


မန်းညက်ပိန်


စောဘိုဘို


မန်းကြိုင်ဝင်း


ဖူပလန်း

**မန်းညက်ပိန် ဒုတိယဥက္ကဋ္ဌ**
**အိမ်မဲမြို့နယ် ကရင်အမျိုးသား နှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော် ကျင်းပရေးကော်မတီ**

ကောက်သစ်စားပွဲတော်ကို မြို့နယ်အနေအထားနဲ့ ၁၉၈၇ ခုနှစ်လောက်က ကျင်းပခဲ့ဖူးပါတယ်။ အခုလို ကြီးကြီးမားမား ကျင်းပခဲ့တာကတော့ မရှိခဲ့ဘူး။ ရိုးရာဓလေ့အတိုင်းပဲ လုပ်သွားတယ်။ ကောက်သစ်စားပွဲကို လုပ်ရခြင်းရည်ရွယ်ချက်က ကရင်တိုင်းရင်းသားတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းမြောက်မြားစွာက ဖိုဖူးယော်နတ်က စပါးတိုးအောင်လုပ်ပေးတယ်။ ဖိုဖူးယော်နတ်ကို ပူဇော်ပသလိုက်ရင် တစ်နည်းအားဖြင့် စပါးလိပ်ပြာခေါ်ပွဲ လို့လည်းပြောလို့ရပါတယ်။ နှစ်စဉ် နှစ်တိုင်းပူဇော်ပသပြီး ဖိုဖူးယော်နတ်ကို တမ်းတလိုက်ခြင်းအားဖြင့် စပါးအထွက်တိုးတယ်လို့ ကရင်လူမျိုးတွေက အယုံအကြည်ရှိခဲ့ဖူးတယ်။

ရိုးရာဓလေ့တွေကို ပြန်လည်ဖော်ထုတ်ပြီး နောင်လာနောက်သားတွေအတွက် ရိုးရာဓလေ့ ထိန်းသိမ်းနိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ကရင်အမျိုးသား နှစ်သစ်ကူးနဲ့ ကောက်သစ်စားပွဲတော်ကို ဇန်နဝါရီ ၆ ရက် မနက် ၆ နာရီခွဲကနေ စတင်ကျင်းပမှာ ဖြစ်ပါတယ်။ အမျိုးသားအလံတင်ပွဲကျင်းပမယ်။ ပြီးရင် သက်ကြီးပူဇော်ပွဲနဲ့ ဟောပြောပွဲအခမ်းအနား ကျင်းပမယ်။ ဟောပြောပွဲပြီးတာနဲ့ ကောက်သစ်စားပွဲတော်ကို ကွင်းထဲမှာ သတ်မှတ်ထားတဲ့နေရာမှာ ကျင်းပမယ်။ ဖိုဖူးယော်နတ်အိမ်လေးပေါ်မှာ ရွတ်ဖတ်မယ်။ ရိုးရာဓလေ့အတိုင်း စပါးတွေ ကောက်ညှင်းတွေကို နွားနဲ့ ကျွဲနဲ့နယ်မယ်။ ရလာတဲ့ ကောက်ညှင်းစပါးတွေကို ရောက်လာတဲ့ ကရင်အဘိုးအဘွားတွေကို ပူဇော်ကန်တော့ပါမယ်။

**စောဘိုဘို**
**အိမ်မဲမြို့နယ် ကရင်အမျိုးသား နှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော် ကျင်းပရေး ကော်မတီအဖွဲ့ဝင်**

ကောက်သစ်စားပွဲကို ကရင်ပြည်နယ်အပါအဝင် ဒေသအသီးသီးမှာ ကျင်းပခဲ့ကြပါတယ်။ တစ်နှစ်တာ ထွက်ရှိတဲ့ စပါးဆိုလည်း ဦးဦးဖျားဖျား၊ ကောက်ညှင်းဆိုလည်း ဦးဦးဖျားဖျား ပူဇော်ကြတယ်။ စုပေါင်းဖွဲ့ပြီးစားသုံးကြတယ်။ လုပ်ပုံလုပ်နည်းကတော့ အမျိုးမျိုးရှိကြတယ်။ ဧရာဝတီတိုင်း ဒေသကြီးအနေနဲ့လည်း လုပ်ခဲ့တာရှိတယ်။ ကောက်ဦးကောက်ဖျားတွေကို ချက်စားကြတယ်။ ပူဇော်ကြတယ်။ ဒါလောက်ပဲ လုပ်ခဲ့ကြတယ်။ ဒီနှစ်မှာတော့ ပြန်လည်အားဖြည့်တဲ့အနေနဲ့ ဖိုဖူးယော်နတ်ကို ပူဇော်တဲ့ ပွဲအစဉ်အလာလုပ်လေ့ရှိတဲ့ ဒီအစဉ်အလာတွေကို ပြန်လည်သယ်ယူလာပြီး ဧရာဝတီတိုင်းဒေသကြီးမှာ ကျင်းပလေ့ရှိတဲ့ ပုံမှန်ကောက်သစ်စားပွဲကနေ ထပ်မံပြီး ဖိုဖူးယော်နတ်ကိုပူဇော်တဲ့ ကောက်သစ်စားပွဲ ပုံစံမျိုးပေါ်ပေါက်လာအောင် သယ်ဆောင်လာခြင်း ဖြစ်ပါတယ်။

ကောက်သစ်စားပွဲ ဖိုဖူးယော်နတ်ကိုပူဇော်ပွဲဆိုတာကလည်း အဓိက စပါးအထွက်နှုန်း ကောင်းအောင်၊ ဘေးအန္တရာယ်ကနေ ကင်းလွတ်အောင်ဆိုတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ ရိုးရာယဉ်ကျေးမှု ပွဲတစ်ခုလည်းဖြစ်တယ်။ ရိုးရာယဉ်ကျေးမှုကို ပြန်လည်ထိန်းသိမ်းတဲ့ ကရင်တိုင်းရင်းသားတို့ရဲ့ယဉ်ကျေးမှုကို ပြန်လည်ပြီးကျယ်ပြန့်လာအောင် ပြုလုပ်ခြင်းဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ဧရာဝတီတိုင်းဒေသကြီးမှာနေတဲ့ ကရင်လူမျိုးတွေဟာ စိုက်ပျိုးရေးကို အဓိက လုပ်တာ ဖြစ်တဲ့အတွက်ကြောင့် စိုက်ပျိုးတဲ့ ဆန်ရေစပါးတွေ ပေါ်ကြွယ်ဝလှအောင်၊ သဘာဝဘေးအန္တရာယ်ကနေ ကင်းလွတ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကရင်အမျိုးသား နှစ်သစ်ကူးနဲ့အတူ ကောက်သစ်စားပွဲကို ပြန်လည်ကျင်းပခြင်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ တစ်လလောက်ကစပြီး ဘောလုံးအသင်း ၁၅၀ လောက်နဲ့ ဘောလုံးပြိုင်ပွဲတွေ ကျင်းပခဲ့တယ်။ ဇန်နဝါရီ ၄ ရက်နေ့လောက်ကစပြီး ဇာတ်ပွဲတွေကျင်းပတယ်။ ဇန်နဝါရီ ၆ ရက်မှာ ကရင်အမျိုးသား နှစ်သစ်ကူးနဲ့အတူ ကောက်သစ်စားပွဲကို ကျင်းပမှာဖြစ်ပါတယ်။

**မန်းကြိုင်ဝင်း**
**ရွာသစ်ကျေးရွာအုပ်ချုပ်ရေးမှူး**

အိမ်မဲမြို့နယ်မှာရှိတဲ့ ကျေးရွာ ၅၉ အုပ်စုကနေ အလှည့်ကျနဲ့ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပလာခဲ့ကြတာပါ။ ဒီနှစ် ၄၈ ကြိမ်မြောက်ကို ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာမှာ ကျင်းပခြင်းဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ထူးထူးခြားခြား နိုင်ငံတော်အဆင့် ကောက်သစ်စားပွဲနဲ့အတူ ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်တွဲပြီး ကျင်းပတာဖြစ်ပါတယ်။ ပွဲတော်မှာ ကရင်ကဗျာစာပေပြိုင်ပွဲနဲ့ ဒုံးပြိုင်ပွဲတွေလည်း ထည့်သွင်းကျင်းပပါတယ်။ ကရင်အမျိုးသား နှစ်သစ်ကူးနဲ့ ကောက်သစ်စားပွဲက ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးနဲ့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးအတွက် အရေးပါတဲ့ ပွဲတော်ဖြစ်ပါတယ်။

**ဖူပလန်း**
**ဥသျှစ်ကုန်းကျေးရွာ**

ဒီဒေသကတော့ လယ်နဲ့ခြံလုပ်ငန်းပဲလုပ်ကြတယ်။ ဟိုတုန်းကတော့ ကောက်သစ်စားပွဲကျင်းပတာ သိပ်မရှိခဲ့ဘူး။ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကတော့ နှစ်စဉ်နှစ်တိုင်း ကျင်းပတယ်။ ဟိုတုန်းကတော့ ဒီလောက်မစည်ကားဘူး။ ပြခန်းတွေလည်း မရှိခဲ့ဘူး။ ဒီနှစ်တော့ ပြခန်းတွေလည်း တော်တော်စုံတယ်။ ကောက်သစ်စားပွဲမှာ ဝင်ရောက်အားဖြည့်ဖို့လာတာပါ။ တန်ဆောင်မုန်းလပြည့်နေ့မှာ ကျင်းပတာလည်း ရှိတယ်။ ကောက်သစ်စားပွဲလို့ မခေါ်ဘူး။

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**



# မှော်ဘီမြို့နယ်၌ မူခင်းအသိပညာပေးဟောပြော

**မှော်ဘီ ဇန်နဝါရီ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြောင်းတကာစံပြကျေးရွာ အုပ်ချောင်းဝကျေးရွာ၌ ယနေ့မွန်းတည့် ၁၂ နာရီက သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် ခိုး/ဆိုး/လု အန္တရာယ်များ ကင်းဝေးစေရန် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများကို မှော်ဘီမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်စွာက ရှင်းလင်းပြောကြားပြီး ဒုစရိုက်မှုများ ဖြစ်ပေါ်လာပါက ရဲတပ်ဖွဲ့ထံ အကူအညီတောင်းခံနိုင်ကြောင်းနှင့် ကျေးလက်နေပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**ဟန်စိုး**

# စံပယ်တုံးခါမှ ခံပွင့်ကိုကုံး

ကိုရင်ဩ



အမေရိကန်ပြည်ထောင်စု၌ အောက်လွှတ်တော်ဥက္ကဋ္ဌသစ်အဖြစ် နန်စီပလိုစီဆိုသူ ဝါရင့်သမ္မာရင့် အမျိုးသမီးကြီးတစ်ဦး ရွေးချယ်တင်မြှောက်ခံရသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ နှစ်သစ်ဦးကာလ ထူးခြားသော အခါသမယတွင် အမေရိကန်နိုင်ငံရေးလောက ဖြစ်တည်ပြောင်းလဲမှုအဖုံဖုံကို စုံငုံစေ့ငုရန် အာရုံဝင်စားမိလေ၏။

နန်စီပလိုစီဆိုသူသည်ကား အမေရိကန်ကွန်ဂရက်လွှတ်တော်၏ အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဇန်နဝါရီ ၃ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သူပါပေတည်း။

အမေရိကန်ပြည်ထောင်စု၏ ၁၁၆ ကြိမ်မြောက် လွှတ်တော်သစ်များမှာ ယင်းနေ့မှာပင် စတင်ခဲ့၏။ ဤတွင် ထူးခြားသည်မှာ အိမ်ဖြူတော်၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ကို ရီပတ်ဘလီကန်တို့က နှစ်နှစ်ကြာမျှ လွှမ်းမိုးခဲ့ရာမှ ယခုအခါတွင် အောက်လွှတ်တော်ကို ဒီမိုကရက်အများစုက ပြန်လည်လွှမ်းမိုးနိုင်ခြင်းဖြစ်၏။

## အားသာမှုတစ်ရပ်

ရီပတ်ဘလီကန်သမ္မတကြီး ဒေါ်နယ်ထရန့်၏ ရာထူးသက်တမ်းဝက်အရောက်တွင်ကျင်းပခဲ့သော ရွေးကောက်ပွဲ၏ရလဒ်မှာ ဒီမိုကရက်တို့အတွက် အားသာမှုတစ်ရပ် ဖြစ်လာရပေသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲ၌ အောက်လွှတ်တော်အမတ်နေရာ ၄၃၅ နေရာတွင် ဒီမိုကရက်အမတ်များက ၂၃၅ နေရာ အနိုင်ရခဲ့ပြီးလျှင် အထက်လွှတ်တော်၌ အမတ်နှစ်ဦး ထပ်တိုးလာခြင်းကြောင့် ရီပတ်ဘလီကန်က ၅၃ ဦး၊ ဒီမိုကရက်က ၄၇ ဦးနှင့်အတူ ရီပတ်ဘလီကန်များက အထက်လွှတ်တော်အများစု နေရာဆက်လက်ရယူထားနိုင်သည်။

ကယ်လီဖိုးနီးယားပြည်နယ် ဒီမိုကရက်အမတ် နန်စီသည် အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရခြင်းဖြင့် အမေရိကန်ကွန်ဂရက်လွှတ်တော်သမိုင်းကြောင်းကို အပြောင်းအလဲကာလတစ်ခုသို့ ဖြတ်သန်းစေနိုင်ခဲ့ပေပြီ။

လွှတ်တော်သစ်၏ ထူးထူးခြားခြား တွေ့မြင်ရချက်အဖြစ် မွတ်စလင်အမျိုးသမီးအမတ် နှစ်ဦး၊ ပထမဆုံး အမေရိကန် ဌာနေတိုင်းရင်းသားအမျိုးသမီးအမတ် နှစ်ဦး၊ အသက်အငယ်ဆုံး အမျိုးသမီးအမတ် တစ်ဦးတို့ပါဝင်လာသည်။ ၎င်းအပြင် လိင်အသွင်အပြင် ဝိသေသကွဲပြားခြားနားသူ LGBTQ ၁၀ ဦးမှာလည်း လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်လာကြသည်။ အမျိုးသမီးကိုယ်စားလှယ်များမှာ အောက်လွှတ်တော်တွင် ၁၀၂ ဦး၊ အထက်လွှတ်တော်တွင် ၂၅ ဦး ဖြစ်သည်။

## အနိုင်ရ

အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် နန်စီက အောက်လွှတ်တော် လူနည်းစုခေါင်းဆောင် ကီဗင်မက္ကာသီနှင့် ယှဉ်ပြိုင်အရွေးခံခဲ့ရာတွင် ၂၂၀-၁၉၂ မဲဖြင့် အနိုင်ရရှိခဲ့လေသည်။

လွှတ်တော်ဥက္ကဋ္ဌဖြစ်လာသူ နန်စီသည် အမေရိကန်ပြည်ထောင်စု ဥပဒေပြုရေးမဏ္ဍိုင်၏ ဦးသျှောင်အဖြစ် ရပ်တည်လာနိုင်ပေပြီ။

ကွန်ဂရက်လွှတ်တော်သည် အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်အစိုးရ၏ လွှတ်တော်နှစ်ရပ်ပါ ဥပဒေပြုအဖွဲ့အစည်းကြီးဖြစ်သည်။ ကွန်ဂရက်လွှတ်တော်တွင် ဆီးနိတ်လွှတ်တော်(အထက်လွှတ်တော်)နှင့် အောက်လွှတ်တော်တို့ပါဝင်ပြီးလျှင် ဝါရှင်တန်ဒီစီရှိ "ကက်ပီတိုး" လွှတ်တော်အဆောက်အအုံတွင် အစည်းအဝေးခေါ်ယူသည်။

အထက်နှင့်အောက် လွှတ်တော်နှစ်ရပ်လုံးအတွက် အမတ်များအား လူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်က အမတ် ၄၃၅ ဦးမှာ မဲဆန္ဒနယ်မြေ တစ်ခုချင်းစီကို ကိုယ်စားပြုပြီးလျှင် ၎င်းတို့၏ အမတ်သက်တမ်းမှာ နှစ်နှစ်ဖြစ်သည်။ အောက်လွှတ်တော်အမတ်နေရာများကို ပြည်နယ်အတွင်းရှိ လူဦးရေအလိုက် ခွဲဝေသည်။ ပြည်နယ်တစ်ခုစီမှ ဆီးနိတ်အမတ်နှစ်ဦး ရွေးချယ်ခွင့်ရှိသည်။ အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ် ၅၀ ရှိပေရာ ဆီးနိတ်အမတ် ၁၀၀ ရှိပြီး ၎င်းတို့၏ ရာထူးသက်တမ်းမှာ ခြောက်နှစ် ဖြစ်လေသည်။

## ဒုတိယအကြိမ် ရယူနိုင်သူ

အောက်လွှတ်တော်ဥက္ကဋ္ဌသစ်အဖြစ် ဇန်နဝါရီ ၃ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး စတင်တာဝန်ယူခဲ့သူ နန်စီမှာ အသက် ၇၈ နှစ်ရှိ သမ္မာရင့်နိုင်ငံရေးသမားကြီးဖြစ်၏။ အောက်လွှတ်တော်ဥက္ကဋ္ဌ ရာထူးနေရာကို သူ၏ဘဝတာတွင် ဒုတိယအကြိမ် ရယူနိုင်သူလည်းဖြစ်၏။ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အောက်လွှတ်တော်၏ အကြီးအမှူးတာဝန်ကို သူထမ်းဆောင်ခဲ့ပြီးဖြစ်၏။ ၁၇ ကြိမ်မြောက် အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသူဖြစ်ပေရာ "အမတ်လုပ်ဖို့ မွေးဖွားလာလေ သလား"ဟုပင် ဆိုရလောက်၏။ ၁၉၈၇ ခုနှစ် အထူးရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် ရွေးချယ်တင်မြှောက်ခံခဲ့ရသူလည်းဖြစ်၏။

အသက်အရွယ်အရ "ရှစ်ထိပ်စည်း"နီးလာသည့်တိုင်အောင် ဥပဒေပြုရေးတာဝန်ကို ဦးဆွေးဆံမြည့်ထမ်းဆောင်ရန် အားမာန်အပြည့်ရှိနေသူ နန်စီသည် ကွန်ဂရက်လွှတ်တော်၏ နှစ်ပေါင်း ၂၃၀ ကြာ သမိုင်းကြောင်းတွင် လွှတ်တော်ဥက္ကဋ္ဌ တာဝန်ကိုရယူနိုင်သည့် တစ်ဦးတည်းသော အမျိုးသမီး နိုင်ငံရေးသမားဖြစ်သည်။

## တတိယနေရာ

နန်စီသည် အောက်လွှတ်တော်ဥက္ကဋ္ဌဖြစ်လာခြင်းဖြင့် ယခုအခါ သမ္မတရာထူးတာဝန် ဆက်ခံပိုင်ခွင့်ရှိသူများစာရင်းတွင် တတိယနေရာ၌ ရပ်တည်လာနိုင်သည်။ အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အရ အကယ်၍ သမ္မတသည် သူ၏တာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိတော့သည့်အခါ၊ သို့တည်းမဟုတ် ရာထူးမှ နုတ်ထွက်သွားသည့်အခါ၊ သို့တည်းမဟုတ် အိမ်ဖြူတော်မှ အကြောင်းတစ်စုံတစ်ရာကြောင့် ဖယ်ရှားခံရသည့်အခါ သမ္မတတာဝန်ကို ဒုတိယသမ္မတက ထမ်းရွက်ရမည်ဖြစ်ပေရာ ဒုတိယသမ္မတ (မိုက်ပင့်စ်)ပြီးလျှင် နန်စီက တတိယနေရာတွင် ရပ်တည်လျက်ရှိပေပြီ။

အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိသည် သမ္မတဒေါ်နယ်ထရန့်နှင့် "သာတူညီမျှ"ပင်ဖြစ်သည်ဟု "နယူးယောက်တိုင်းမ်" သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် နန်စီက ဖြေကြားခဲ့လေသည်။

ဇန်နဝါရီ ၃ ရက်တွင် အမတ်သစ်များအဖြစ် စတင်တာဝန်ထမ်းရွက်ကြသူအပေါင်းမှာ လူမျိုးရေးအရ အသွေးအရောင် စုံလင်စွာရှိနေကြကြောင်း၊ အမေရိကန် နိုင်ငံရေးခေတ်သစ်ကို ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း နန်စီက ဂုဏ်ယူဝင့်ကြွားစွာ ဆိုမိန့်ခဲ့သည်။

**စာမျက်နှာ ၁၁ သို့ »»**



# ပရိသတ်ရှေ့မှောက် ရောက်ရှိလာတော့မည့် ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၅**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မကြာမီ ပရိသတ်ရှေ့မှောက် ရောက်ရှိလာတော့မည်ဖြစ်သည်။

ယခုရာသီ MNL အမှတ်ပေးပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အသင်းအချို့၏ ရာသီကြို ပြင်ဆင်မှုအနေအထားများကြောင့်လည်း စိတ်ဝင်စားစရာကောင်းနေသည်။ ပြီးခဲ့သည့်ရာသီတွင် ဖလားနှစ်လုံးရခဲ့သည့် ရန်ကုန်အသင်းသည် လိုအပ်သည့်နေရာများကိုသာ အင်အားဖြည့်တင်းခဲ့သော်လည်း အင်အားတောင့်တင်းဆဲဖြစ်ပြီး ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းတို့၏ ပြင်ဆင်မှုအနေအထားများကြောင့်လည်း ချန်ပီယံဆုအတွက် စိတ်ဝင်စားစရာကောင်းသည့် အခြေအနေပင်ဖြစ်သည်။ ပြိုင်ပွဲဝင် ၁၂ သင်းအနက် သုံးပုံနှစ်ပုံမှာ နိုင်ငံခြားသားကစားသမားများ အသုံးပြုမည်ဖြစ်ပြီး နာမည်ကြီးရတနာပုံအသင်းမှာမူ ပြည်တွင်းကစားသမားများဖြင့် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ရတနာပုံ အပါအဝင် Southern၊ ဒဂုံနှင့် မကွေးအသင်းတို့မှာ ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး ကျန်အသင်းများမှာမူ နိုင်ငံခြားသားကစားသမားများ ခေါ်ယူအားဖြည့်ထားသည်။



ရှမ်းယူနိုက်တက် အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ

၂၀၁၉ ရာသီအတွက် ပြင်ဆင်မှုများပြုလုပ်နေသည့် အသင်းများအနက် စိတ်ဝင်စားစရာကောင်းသည့်အသင်းမှာ ၂၀၁၇ ရာသီက ပြည်တွင်းပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် နည်းပြသစ်၊ ကစားသမားသစ်များ ခေါ်ယူအားဖြည့်ထားသလို မူလရှိပြီးသား လူစာရင်းအနေအထားကြောင့် ချန်ပီယံဆု စိန်ခေါ်နိုင်သည့်အခြေအနေပင်ဖြစ်သည်။ နည်းပြချုပ်အဖြစ် လူငယ်နည်းပြဆရာ ဦးမင်းသူကို တာဝန်ပေးထားပြီး ပြည်တွင်း၊ ပြည်ပကစားသမားသစ်လေးဦးစီ ခေါ်ယူထားသည်။ နိုင်ငံခြားသားကစားသမားများအဖြစ် နောက်ခံလူ ဒီဒီမာ(ဘရာဇီး)၊ ကွင်းလယ်ကစားသမား နာကာမူရာ (ဂျပန်)၊ ကွင်းလယ်တိုက်စစ်ကစားသမား ဂူစတာဗို (ဘရာဇီး)နှင့် တိုက်စစ်မှူး မေကွန်(ဘရာဇီး)တို့ကို ခေါ်ယူထားသလို ပြည်တွင်းကစားသမားများအဖြစ် နန္ဒကျော်နှင့် ဆက်ဖြိုးဝေ(မကွေး)၊ ရဲရင့်ထွန်း(ရတနာပုံ)၊ ပြည့်စုံအောင်(Southern)တို့ကို ခေါ်ယူထားသည်။

ရှမ်းယူနိုက်တက်အသင်း၏ ပြင်ဆင်မှုများနှင့် ပတ်သက်၍ အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက "ရာသီသစ်အတွက် မပြင်ဆင်ခင်မှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနဲ့ ဆွေးနွေးခဲ့ပါတယ်။ မြန်မာ့လက်ရွေးစင်အသင်းနဲ့ လူငယ်လက်ရွေးစင်အသင်းအတွက် လူငယ်ကစားသမားကောင်းတွေ ပေါ်ထွက်လာဖို့လိုတာကြောင့် ၂၀၁၉ ရာသီမှာ လူငယ်ကစားသမားတွေနဲ့ ဦးစားပေးယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ရှမ်းယူနိုက်တက်အသင်းမှာ လူငယ်အသင်းတွေကို တောက်လျှောက်ကိုင်တွယ်လာတဲ့ ဦးမင်းသူကို နည်းပြချုပ်အဖြစ် တာဝန်ပေးခဲ့တာဖြစ်ပါတယ်။ ဦးမင်းသူအနေနဲ့ ကစားသမားတွေကိုလည်း ဦးဆောင်နိုင်မယ်၊ ကြိုးစားမှုအပြည့်ရှိမယ်ဆိုတာလည်း ယုံကြည်လို့ နည်းပြချုပ်အဖြစ် တာဝန်ပေးခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီမှာ ချန်ပီယံဆုမရခဲ့ပေမယ့် အသင်းရလဒ်ကို ကျေနပ်ပါတယ်။ နောက်ဆုံးအချိန်အထိ ချန်ပီယံဆုကို စိန်ခေါ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီရာသီမှာ ပိုကောင်းလာဖို့ လိုပါတယ်။ ၂၀၁၇ ရာသီကလို ချန်ပီယံဆုတွေရယူနိုင်အောင် ပြင်ဆင်ထားပါတယ်။ လက်ရှိအနေအထားအရ ကလပ်အသင်းတွေ ရပ်တည်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ အသင်းသုံးသင်းဖွဲ့ထားရပြီး ဘောလုံးသမားနဲ့ ဝန်ထမ်းဦးရေ ၁၀၀ ကျော်ရှိပါတယ်။ ဒီအင်အားကို လစာနဲ့ အထွေထွေကုန်ကျစရိတ်က တစ်နှစ်ကို ကျပ်သိန်း ၈၀၀၀ ကနေ ၁၀၀၀၀ ကြားရှိပါတယ်။ မြန်မာ့ဘောလုံး တိုးတက်ဖို့ဆိုပြီး ကလပ်အသင်းတွေက လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ နိုင်ငံချစ်စိတ်၊ ဘောလုံးချစ်စိတ်၊ ပြည်နယ်ချစ်စိတ်တွေနဲ့ အခုလို ငွေကြေးအကုန်အကျခံပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်။ မြန်မာ့ဘောလုံးအပြင် ရှမ်းပြည်နယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ဖို့ ရှမ်းယူနိုက်တက်အသင်းကို တည်ထောင်ပေးခဲ့တဲ့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းကလည်း အသင်းကို ပံ့ပိုးပေးပါတယ်"ဟု ပြောခဲ့သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ယခုရာသီတွင် ၁၁ ရာသီမြောက် ကျင်းပမည်ဖြစ်ပြီး ပြီးခဲ့သည့် ၁၀ ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ်၊ ရှမ်းယူနိုက်တက်အသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

**❖ ကျောဖုံးမှ**

ချာရတီဖလားပြိုင်ပွဲတစ်လျှောက် သုံးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့် နှစ်ကြိမ်တွင် တစ်ကြိမ်စီ အနိုင်ရထားသည်။

ချာရတီဖလားပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ်၌ ဧရာဝတီအသင်းက ရန်ကုန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ခုနစ်ဂိုး-ငါးဂိုး၊ ၂၀၁၃ ခုနှစ်၌ ရန်ကုန်အသင်းက ဧရာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၄ ခုနှစ်၌ ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၅ ခုနှစ်၌ ဧရာဝတီအသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၆ ခုနှစ်၌ ရန်ကုန်အသင်းက ဧရာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၇ ခုနှစ်၌ မကွေးအသင်းက ရတနာပုံအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ၂၀၁၈ ခုနှစ်၌ ရန်ကုန်အသင်းက ရှမ်းယူနိုက်တက်အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ပုံငွေပြိုင်ပွဲဖြစ်သောကြောင့် ဘောလုံးပွဲမစတင်မီ ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဇော်ပိုင်၊ ဖြိုးကြီး၊ မိုးမိုး၊ ဝေလျှံ၊ ဖွဲ့ပြည့်၊ ချစ်စန္ဒီဦး၊ ဆုပန်ထွာ စသည့်အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမည်ဖြစ်သည်။ ဝင်ကြေးအဖြစ် အထူးတန်းကျပ် ၂၀၀၀၊ ရိုးရိုးတန်းကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ရရှိသည့်ကွင်းဝင်ကြေးအားလုံးကို လှူဒါန်းမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

»» **စာမျက်နှာ ၁၀ မှ**

၁၁၆ ကြိမ်မြောက် ကွန်ဂရက်လွှတ်တော်သည်ကား နိုင်ငံ့သမိုင်းတွင် အမျိုးသမီးကိုယ်စားလှယ်ဦးရေ အများဆုံးဖြစ်ပြီးလျှင် စုစုပေါင်း ၁၂၅ ဦး ရှိပေရာ အမျိုးသမီးအမတ် တစ်ပြုံတစ်ခေါင်းရှိသည့် လွှတ်တော်ဟူ၍ အန္တတ္ထသညာ ဆိုနိုင်ပေလိမ့်မည်။ အောက်လွှတ်တော်တွင် ၁၀၂ ဦး၊ အထက်လွှတ်တော်(ဝါ)ဆီးနိတ်တွင် ၂၃ ဦးရှိသည်ဟု ကျွန်ုပ်လေ့လာမှတ်သားရ၏။

၁၉၈၇ ခုနှစ်တွင် အောက်လွှတ်တော်သို့ နန်စီ စတင်ရောက်ရှိခဲ့ချိန်က အမျိုးသမီးအမတ် ၂၃ ဦးသာလျှင် ရှိခဲ့သည်ဆိုသည်။

"ချည်ပြာထဘီနှင့် တာဝတိံသာလှမ်း" ဟူဘိသို့ပင် အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် အမျိုးသမီးတစ်ဦးက တာဝန်ယူခြင်းမှာ ယခင်အခြေအနေနှင့် မတူကွဲပြားချက် မဟုတ်ပါလောဟူ၍ နန်စီက ခပ်ရင့်ရင့်ဆိုခဲ့သည်။

**ဖြတ်ကျော်ခဲ့ရ**

ဒီမိုကရက်ပါတီ၏ ထိပ်သီးများတွင် တစ်ဦးအဖြစ် နန်စီပါဝင်လာသည့် တိုင်အောင် ကွန်ဂရက်လွှတ်တော်သစ်၏ အမတ်သစ်အချို့နှင့် လက်ရှိအမတ်အချို့တို့၏ တွန်းတွန်းတိုက်တိုက် ကန့်ကွက်မှုကို ဖြတ်ကျော်ခဲ့ရသေးသည်။ ဇန်နဝါရီ ၃ ရက် မဲပေးပွဲတွင် ဒီမိုကရက်အမတ် ၁၂ ဦးတို့က နန်စီ မဟုတ်သော အခြားပုဂ္ဂိုလ်များကို အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်နိုင်ရန် မဲပေးခဲ့ကြသေးသည်။

နန်စီသည် အာပေါင်အာရင်းသန်သန် ကျယ်လောင်ကျယ်လောင် ကန့်ကွက်ခဲ့သူ အတိုက်အခံများ ကျေနပ်မှုရရှိစေရေးအတွက် သူ၏ လွှတ်တော်ဥက္ကဋ္ဌ ရာထူးသက်တမ်းအား လေးနှစ်အထိ ကန့်သတ်ခြင်းကို နောက်ဆုံးတွင် သဘောတူညီခဲ့လေသည်။

နန်စီ အောက်လွှတ်တော်ဥက္ကဋ္ဌဖြစ်လာခြင်းဖြင့် သမ္မတဒေါ်နယ်ထရန့် အစိုးရအဖွဲ့မှာ စိုးရိမ်ပူပန်ဖွယ်ရာ ကာလတစ်ရပ်ကို ဖြတ်သန်းရဖို့ရှိလာသည်။ အကြောင်းမူကား ကွန်ဂရက်လွှတ်တော်၏ အနီးကပ်စောင့်ကြည့်မှုနှင့် စုံစမ်းစစ်ဆေးမှုတို့ကို တွေ့ကြုံလာရနိုင်ခြင်းကြောင့်ပါပေတည်း။

ထိုစဉ်အတွင်း နန်စီ၏ ဒီမိုကရက်လုပ်ဖော်ကိုင်ဖက်များက ပူပူနွေးနွေး ရရှိလာသည့် အခွင့်အာဏာရပ်များကို ကိုင်စွဲကာ သမ္မတ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ "စစ်ဆေး-ထိန်းညှိ"(ဝါ) Checks And Balances လုပ်ရန် ပြင်ဆင်လျက်ရှိကြလေပြီ။

**ထိန်းချုပ်ခွင့်ပေးခဲ့**

ဖက်ဒရယ်အစိုးရအဖွဲ့သည် အစိုးရယန္တရား တစ်စိတ်တစ်ဒေသ ရပ်ဆိုင်းမှုနှင့် ရင်ဆိုင်နေရစဉ်အတွင်း နန်စီဦးဆောင်သော အောက်လွှတ်တော်က ဒီမိုကရက်တို့ကို ထိန်းချုပ်ခွင့်ပေးခဲ့ပေပြီ။

ဒီမိုကရက်များကြီးစိုးသော အမေရိကန်အောက်လွှတ်တော်သစ်သည် အစိုးရယန္တရားရပ်တန့်မှုကို တစ်စိတ်တစ်ပိုင်း အဆုံးသတ်စေရန်ရည်ရွယ်သော ဥပဒေကြမ်းများကို ဇန်နဝါရီ ၃ ရက်နေ့မှာပင် အတည်ပြုပေးခဲ့လေသည်။

ယင်းဥပဒေကြမ်းများအနက် သမ္မတ ဒေါ်နယ်ထရန့်၏ အမေရိကန်-မက္ကဆီကို တံတိုင်းတည်ဆောက်ရေးရန်ပုံငွေမပါဝင်သဖြင့် သမ္မတထရန့်မှာ ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းထုပ်ပမာ ခံစားနေရသည်။

သမ္မတထရန့်က ဗီတိုအာဏာ ခြိမ်းခြောက်မှုကိုပြသခဲ့ပြန်ရာ အထက်လွှတ်တော် လူများစုခေါင်းဆောင် မစ်ချ်မက်ကော်နယ်က အထက်လွှတ်တော်အနေဖြင့် အောက်လွှတ်တော်၏ အဆိုပြုချက်အတွက် အချိန်ကုန်ခံမည်မဟုတ်ဟု ပြောကြားခဲ့ရာ ပွတ်တိုက်မှုများ ပြင်းထန်နေချိန်ဖြစ်၏။

ဥပဒေပြုအမတ်များနှင့် အိမ်ဖြူတော်အကြား အမေရိကန်-မက္ကဆီကို တံတိုင်းတည်ဆောက်ရေးနှင့်ပတ်သက်၍ ထွက်ပေါက်တွေ့မည့်အခြေအနေ နည်းပါးနေသေးသည်။

ပြဋ္ဌာန်းလိုက်သော ဥပဒေကြမ်းများအရ နိုင်ငံခြားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ အလုပ်သမား၊ ဘဏ္ဍာရေးနှင့် အခြားအေဂျင်စီများကို လက်ရှိဘဏ္ဍာရေးနှစ်ကုန် စက်တင်ဘာ ၃၀ ရက်အထိ ရန်ပုံငွေထောက်ပံ့သွားမည်ဟု ကျွန်ုပ်လေ့လာသိရှိရသည်။

အစိုးရယန္တရားတစ်စိတ်တစ်ဒေသ ရပ်ဆိုင်းနေရမှုအဆုံးသတ်ရန် မိမိဦးစားပေး လုပ်ဆောင်ပါမည်ဟု နန်စီက ကတိပြုခဲ့သည်။ အစိုးရယန္တရားအချို့တစ်ဝက်ရပ်ဆိုင်းရခြင်းဖြင့် ဖက်ဒရယ်အစိုးရဝန်ထမ်း ရှစ်သိန်းခန့်မှာ လုပ်ခလစာမရဘဲ လုပ်ကိုင်နေရခြင်း၊ နားနေရခြင်းတို့ ဖြစ်ပေါ်နေရဆဲဖြစ်သည်။

**စတွေ့သည့်ပြဿနာတစ်ရပ်**

နယ်စပ်တံတိုင်းကာရံရေး သမ္မတထရန့်၏ ရန်ပုံငွေတောင်းခံသည့်ကိစ္စမှာ နန်စီ စတွေ့သည့်ပြဿနာတစ်ရပ်ဟု ဆိုနိုင်ပေလိမ့်မည်။

အောက်လွှတ်တော်ကို ဒီမိုကရက်တို့က ထိန်းချုပ်လိုက်ခြင်းမှာ ရီပတ်ဘလီကန် သမ္မတကြီးအတွက် တစ်နွယ်ငင် တစ်စင်ပါ အကျိုးသက်ရောက်မှုကို တွေ့ကြုံရလာဖွယ်ရှိပြီး မိမိ၏ဘက်တော်သား ရီပတ်ဘလီကန်တို့ အောက်လွှတ်တော်တွင် အားနည်းသွားရခြင်းအတွက် ပြောတိုင်းမအောင် ဆောင်တိုင်းမမြောက်သည့် အခြေအနေများကို သမ္မတကြီး ဆက်လက်ရင်ဆိုင်လာရနိုင်သည်ဟု တွေးတောမိရင်း "စံပယ်တုံးခါမှ ခံပွင့်ကိုကုံး"ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

**Ref: Daily News**



# အစိုးရယန္တရားလည်ပတ်မှု ရပ်ဆိုင်းခြင်းကို တစ်နှစ်ကျော်သည့်တိုင် စောင့်ဆိုင်းနိုင်သည်ဟု သမ္မတထရန့်ဆို

**ဝါရှင်တန် ဇန်နဝါရီ ၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မက္ကဆီကိုနယ်စပ်အုတ်တံတိုင်းကာရံရန် လွှတ်တော်အား ရသုံးငွေခွင့်ပြုရန် အခိုင်အမာဆက်လက်တောင်းခံလျက်ရှိပြီး အမေရိကန်အစိုးရယန္တရားလည်ပတ်မှု ရပ်ဆိုင်းထားခြင်းကို တစ်နှစ်ကျော်ခန့် ကြာမြင့်သည့်တိုင် ၎င်းအနေဖြင့် ပြင်ဆင်ထားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၄ ရက်တွင် သမ္မတထရန့်က ဒီမိုကရက်တစ်ပါတီဝင်များနှင့် အစိုးရယန္တရားပြန်လည် လည်ပတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း သဘောတူညီမှု မရရှိခဲ့ပေ။

သမ္မတထရန့်က ၎င်းတောင်းဆိုထားသည့် နယ်စပ်တံတိုင်းကာရံရန်ရသုံးစွဲငွေကို လွှတ်တော်က ခွင့်ပြုပေးမှု မရှိပါက အစိုးရယန္တရားရပ်ဆိုင်းမှုသည် မည်မျှအချိန်ကြာမြင့်စေကာမူ ၎င်းအနေဖြင့် စောင့်ဆိုင်းနိုင်ပါကြောင်းနှင့် အဆိုပါအခက်အခဲအတွက် ပြင်ဆင်ထားပြီးဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

အစိုးရယန္တရားရပ်ဆိုင်းလျက်ရှိသော်လည်း ဝန်ထမ်းများသည် လစာငွေမရရှိဘဲ ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိကာ ၎င်းအားကူညီထောက်ပံ့ပေးလျက်ရှိသည်ဟု သမ္မတထရန့်က ပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ လွှတ်တော်ဥက္ကဋ္ဌ နန်စီ ပီလိုစီက အုတ်တံတိုင်းကာရံခြင်းသည် မကောင်းမှုဒုစရိုက်အမှုတစ်ခုဖြစ်သည်ဟု ပြောကြားခဲ့ပြီး သမ္မတထရန့်တောင်းဆိုထားသည့် အုတ်တံတိုင်းကာရံရန် ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံကို ပယ်ချခဲ့သည်။

အစိုးရယန္တရားရပ်ဆိုင်းမှုကြောင့် ဝန်ထမ်း ရှစ်သိန်းကျော်သည် ဒီဇင်ဘာ ၂၂ ရက်မှစပြီး လစာငွေ ရရှိခြင်းမရှိဘဲ ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# The Marriott နိုင်ငံတကာ ဟိုတယ်အုပ်စု၏ နိုင်ငံကူးလက်မှတ် အချက်အလက်များ ခိုးယူခြင်းခံရ

**ဝါရှင်တန် ဇန်နဝါရီ ၅**

အမေရိကန်ပြည်ထောင်စု မာရီလန်းပြည်နယ်ရှိ The Marriott နိုင်ငံတကာ ဟိုတယ်အုပ်စုက ၎င်း၏ ဟိုတယ်လုပ်ငန်းဆိုင်ရာ အသေးစိတ်အချက်အလက်များ ခိုးယူခြင်းခံခဲ့ရသည်ဟု မီဒီယာသို့ ပြောကြားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

**ပျောက်ဆုံးခဲ့**

အဆိုပါ ဟိုတယ်၏ ဝက်ဘ်ဆိုက်အား ခိုးယူခြင်းခံခဲ့ရပြီးနောက် ၂၅ ဒသမ ၅ သန်း နိုင်ငံကူးလက်မှတ်နံပါတ်များ ပျောက်ဆုံးခဲ့သည်ဟု ဖွင့်ဟပြောကြားခဲ့သည်။ ယင်းတို့အနက် နိုင်ငံကူးလက်မှတ် ၅ ဒသမ ၂၅ သန်းခန့်၏ နံပါတ်များမှာ ပြောင်းလဲထားခြင်း ခံရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

နိုဝင်ဘာလ နှောင်းပိုင်းတွင် ဟိုတယ်သို့ လာရောက်တည်းခိုမည့် ဧည့်သည် သန်း ၅၀၀ ခန့်၏ ကြိုတင်စာရင်း ပေးသွင်းထားသည့် အချက်အလက်များ ခိုးယူခံခဲ့ရပြီးနောက် အထက်ပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါ ဟိုတယ်ကုမ္ပဏီအုပ်စုက ဆိုသည်။




**အကြံပြုပြောကြားခဲ့**

ယင်းသို့ ဧည့်သည်များ၏ အချက်အလက်များခိုးယူမှု ခံခဲ့ရခြင်းနှင့် ပတ်သက်ပြီး ဧည့်သည်တော်များ ကျေနပ်သည့်တိုင် ဆက်လက်အဖြေရှာဖော်ထုတ်မည်ဖြစ်သည်ဟု ဟိုတယ်ကုမ္ပဏီအုပ်စုက ပြောကြားခဲ့သည်။

သတင်းအချက်အလက် ခိုးယူမှုနောက်ကွယ်တွင် တရုတ်နိုင်ငံက ကြိုးကိုင်နိုင်ဖွယ်ရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အီရန်ရေတပ်မှ ရေယာဉ်စုတစ်စုအား အတ္တလန္တိတ်သမုဒ္ဒရာတွင်းသို့ ငါးလကြာစေလွှတ်မည်

**တီဟီရန် ဇန်နဝါရီ ၅**

၂၀၁၉ ခုနှစ်အစောပိုင်းတွင် အီရန်ရေတပ်မှ ရေယာဉ်စုတစ်စုအား အတ္တလန္တိတ်သမုဒ္ဒရာတွင်းသို့ ငါးလကြာခရီးစေလွှတ်မည်ဟု အီရန်ရေတပ်ဒုတိယစစ်ဦးစီးချုပ်က ပြောကြားသည်ဟု အီရန်အစိုးရပိုင်အိုင်အာရ်အင်န်အေသတင်းဌာနက ဇန်နဝါရီ ၄ ရက်တွင် သတင်းဖော်ပြသည်။

အတ္တလန္တိတ်သမုဒ္ဒရာတွင်းသို့ အီရန်ရေတပ်ရေယာဉ်စုအား ရှည်လျားသော လမ်းကြောင်းသို့ စေလွှတ်မည်ဖြစ်ပြီး ယင်းခရီးစဉ်မှာ ငါးလကြာလုပ်ဆောင်မှ ပြီးမြောက်မည်ဖြစ်ကြောင်း အီရန်ရေတပ်ဒုတိယဦးစီးချုပ် တိုရာ့ချ်ဟက်ဆန်နီက အိုင်အာရ်အင်န်အေသတင်းဌာနသို့ ပြောကြားသည်။

ယင်းရေယာဉ်စုတွင် ဖျက်သင်္ဘောရှာဟန်းလည်း ပါဝင်မည်ဟု ၎င်းက ပြောကြားပြီး အခြားအသေးစိတ်အချက်အလက်များကိုမူ ပြောကြားခြင်းမရှိပေ။

ဖျက်သင်္ဘောရှာဟန်းအား အီရန်ပြည်တွင်းတွင် တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် အီရန်နိုင်ငံတောင်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ဆန်ဒါအဘတ်စ်တွင် ယင်းသင်္ဘောကို စတင်ရေချခဲ့သည်။ ဖျက်သင်္ဘောရှာဟန်းသည် ရေဒါဖြင့် ထောက်လှမ်းမှုကို တိမ်းရှောင်နိုင်သည့်ရေယာဉ်ဖြစ်ပြီး ယခုစေလွှတ်မည့် ငါးလကြာရေကြောင်းခရီးတွင် ပြန်လည်ထောက်ပံ့ပေးရန် လိုအပ်ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းဖျက်သင်္ဘောတွင် ရဟတ်ယာဉ်ဆင်းကွင်းပါရှိပြီး လေကြောင်းနှင့် ရေကြောင်းရန်တုံ့ပြန်တိုက်ခိုက်ရေး တော်ပီဒိုပစ်စင်များ၊ ရေပြင်မှ ရေပြင်ပစ်ဒုံးကျည်များနှင့် ရေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ပွန်ပီယို အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ သွားရောက်မည်

**ဝါရှင်တန် ဇန်နဝါရီ ၅**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် လာမည့်ရက်သတ္တပတ်အတွင်း အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်မည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၅ ရက်တွင် ပြောကြားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပွန်ပီယိုသည် ဇန်နဝါရီ ၈ ရက်မှ ၁၅ ရက်အတွင်း အီဂျစ်နှင့် ဆော်ဒီအာရေဗျနိုင်ငံများအပါအဝင် အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံရှစ်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ဆော်ဒီအာရေဗျခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် ဒေသတွင်း၌ ဦးစားပေးကိစ္စရပ်များဖြစ်သည့် ယီမင်နှင့် ဆီးရီးယားနိုင်ငံအရေးများကို ဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက စီစဉ်ထားပြီး ဆော်ဒီအာရေဗျနိုင်ငံသား သတင်းစာဆရာ ဂျမဲလ်ခါရှော့ဂီ သတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ၏နောက်ဆုံးအခြေအနေများကို မေးမြန်းမည်ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် အီဂျစ်နိုင်ငံတွင် အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်၏အာမခံချက်နှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) စစ်သွေးကြွများ အာဏာပြန်လည် မရရှိရေးတားဆီးရန် ကတိပြုမှုများနှင့် ဒေသတွင်း၌ အီရန်နိုင်ငံ၏ဩဇာလွှမ်းမိုးမှု ကြီးထွားလာခြင်းအား ခွင့်မပြုကြောင်းတို့ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားမည်ဟုမျှော်လင့်ရသည်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ဂျွန်ဘော်တန်သည်လည်း လာမည့်ရက်သတ္တပတ်တွင် တူရကီသို့သွားရောက်ရန် စီစဉ်ထားသည်။

ဆီးရီးယားနိုင်ငံတွင်းမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းမည်ဟု ကြေညာခဲ့ပြီးနောက်တွင် ယင်းဒေသတွင်း၌ အမေရိကန်၏ ဩဇာလျော့ပါးသွားခြင်းမရှိကြောင်း အမေရိကန်အစိုးရက ပြသလိုခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အမေရိကန်တာဝန်ရှိသူများ၏ ယင်းခရီးစဉ်များ လုပ်ဆောင်ခြင်းဖြစ်သည်ဟု လေ့လာသူများက ပြောကြားကြသည်။

**အင်န်အိတ်ချ်ကေ**



# လီဗာပူးအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဆိုလန်ကီအား ပေါင် ၁၉ သန်းဖြင့် ဘုန်းမောက်အသင်း ခေါ်ယူ

ဘုန်းမောက်အသင်းသည် လီဗာပူးအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဒိုမီနစ်ဆိုလန်ကီအား ပြောင်းရွှေ့ကြေး ပေါင် ၁၉ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ ဆိုလန်ကီသည် ယခုသီတင်းပတ်အစောပိုင်းက ခရစ္စတယ်ပဲလေ့အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဟု သတင်းများထွက်ပေါ်နေခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဆိုလန်ကီသည် ၂၀၁၇ ခုနှစ်အတွင်းက ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ဘရာဇီးနှင့် အင်္ဂလန်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ပါဝင်ပွဲထွက်ကစားခဲ့သူဖြစ်သည်။

ဘုန်းမောက်အသင်းသည် လီဗာပူးညာနောက်ခံလူ နက်သန်နီယာကလိုင်းကိုလည်း ယခုနှစ်ဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး ဘရိုက်တန်နှင့် ပွဲစဉ်တွင် စတင်ပွဲထွက်ခွင့်ပေးခဲ့ကြောင်း သိရသည်။




# အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွင် မန်ယူက ရီးဒင်းကို နှစ်ဂိုးပြတ်အနိုင်ရ

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် ရီးဒင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက ရီးဒင်းအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းသည် လူကာကူ၊ ဆန်းချက်ဇ်၊ မာတာ၊ တွမ်မီနေး၊ ဖရက်ဒ်၊ ပါရဲရား၊ ဒါလော့၊ ဒါမီယန်၊ ဖီးဂျုံးစ်၊ အက်ရှ်လေယန်း စသည့်ကစားသမားများကို ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ရီးဒင်းအသင်းကလည်း လုတ်ဒါ၊ ဟာရီယော့၊ ရီနွမ်ဟိုနာ၊ ဆွစ်ဖ်၊ ကီလီ၊ မက်ကလီယာရီ၊ ယီယာဒမ်၊ အိုင်အိုရီ၊ လီယမ်မိုး၊ အိုမာရစ်ချက် စသည့်ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် အက်ဖ်အေဖလားနောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် ဆန်းချက်ဇ်နှင့် လူကာကူတို့ကို ပထမပွဲထွက်ကစားသမားစာရင်းတွင် ထည့်သွင်းလာခဲ့ပြီး ပွဲကစားချိန် ၂၂ မိနစ်တွင် ရရှိခဲ့သည့် ပင်နယ်တီသွင်းဂိုးကို မာတာက သွင်းယူခဲ့ပေးကာ ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်တွင် တိုက်စစ်မှူးလူကာကူ၏ သွင်းဂိုးဖြင့် ဒုတိယဦးဆောင်ဂိုးထပ်မံရရှိခဲ့ပြီး မန်ယူအသင်းက ရီးဒင်းအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အခြားသောပွဲစဉ်များတွင် ဘရိုက်တန်အသင်းက သုံးဂိုး-တစ်ဂိုး ဖြင့်လည်းကောင်း၊ ဘန်လေအသင်းက ဘန်စလေအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဝက်စ်ဘရွန်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဝက်စ်အသင်းက ဘာမင်ဂန်အသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ရှက်ဖီးဝက်နက်စဒေးနှင့် လူတန်တို့ပွဲစဉ်တွင် ဂိုးမရှိသရေ၊ ရှရီဘူရီနှင့် စတုတ်စတီးတို့ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေစသည့်ဖြင့် ရလဒ်များထွက်ပေါ်ခဲ့သည်။

ငွေကြယ် - ရေးသားသည်

# မန်စီးတီးကစားသမား ဒိုင်ယက်ဇ် ပေါင် ၁၅ သန်းကျော်ဖြင့် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်မှုရှိနေ

မန်စီးတီးအသင်း၏ လူငယ်ကစားသမား ဘရာဟင်ဒိုင်ယက်ဇ်သည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ကနဦးပြောင်းရွှေ့ကြေး ပေါင် ၁၅ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ကစားရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာအနေဖြင့် ဒိုင်ယက်ဇ်အား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ယခင်က စီစဉ်ခဲ့ကြောင်း ပြောကြားခဲ့သော်လည်း ကစားသမားကိုယ်တိုင်ကမူ ၎င်း၏မန်စီးတီးအသင်းကစားသမားဘဝ ဆက်လက်ရှင်သန်ရန် မသေချာတော့သည့်အတွက် အသင်းပြောင်းရွှေ့ကစားရန် စီစဉ်လာခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

အသက် ၂၁ နှစ်အောက်လူငယ် စပိန်ကစားသမား ဒိုင်ယက်ဇ်အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုပါက ပြောင်းရွှေ့ကြေး ပေါင် ၂၁ သန်းအထိ မြင့်တက်လာဖွယ်ရှိကြောင်းလည်း သတင်းများက ဆိုသည်။ ဒိုင်ယက်ဇ်သည် ၂၀၁၃ ခုနှစ်က မာလာဂါအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်စီးတီးအသင်း စီနီယာအသင်းနှင့်အတူ ပွဲပေါင်း ၁၅ ပွဲ ပါဝင်ကစားပေးထားကြောင်း သိရသည်။

# တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တွေ့မြင်ရမယ့် ဟိုမင်း

တောင်ကိုရီးယားရဲ့ အောင်မြင်ခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "T-ara"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဟိုမင်းဟာ လတ်တလောမှာတော့ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် ပရိသတ်ရှေ့ အရောက်ပြန်လာမှာဖြစ်ကြောင်းနဲ့ သူ့ရဲ့အစီအစဉ်တွေကို ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာမီမှာပင် "T-ara" ရဲ့ နောက်ထပ်အဖွဲ့ဝင်တစ်ဦးကိုလည်း တစ်ကိုယ်တော် တေးသံရှင်အဖြစ် တွေ့မြင်သွားရမှာပါ။ အေဂျင်စီဟောင်းနဲ့ လမ်းခွဲပြီးနောက် တစ်ကိုယ်တော်တေးသံရှင်အဖြစ် ပထမဆုံးစတင်ခဲ့သူကတော့ ဂျီယောင်းဖြစ်ပြီး ဟိုမင်းကတော့ အဖွဲ့ဝင်တွေအနက် ဒုတိယမြောက်ဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၄ ရက်မှာ ဟိုမင်းက သူဟာ နှစ်သစ်မှာ တစ်ကိုယ်တော်တေးသီချင်းသစ်ကို ထုတ်လွှင့်ကာ တစ်ကိုယ်တော်တေးသံရှင်အဖြစ် ရပ်တည်သွားမှာဖြစ်ကြောင်း ပရိသတ်တွေကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဟိုမင်းက သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ် "U Um U Um"ကို လာမယ့် ဇန်နဝါရီ ၂၀ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း၊ ဒ့ါအပြင် သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော် မီနီတေးအယ်လ်ဘမ်ကိုလည်း လာမယ့် ဖေဖော်ဝါရီလအတွင်း ထုတ်လွှင့်ပေးနိုင်ရန် စီစဉ်ထားကြောင်း တစ်ပါတည်း ပြောကြားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဟိုမင်းရဲ့ အေဂျင်စီမှ ကိုယ်စားလှယ်တစ်ဦးက "ဟိုမင်းဟာ လက်ရှိမှာတော့ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်နဲ့ လာမယ့်လအတွင်း ထုတ်လွှင့်သွားမယ့် မီနီတေးအယ်လ်ဘမ် ထွက်ရှိဖို့အရေး အလုပ်များနေပါတယ်။ ဒီလိုတစ်ကျော့ပြန်ကာ တစ်ကိုယ်တော်တေးသံရှင်အဖြစ် ပရိသတ်ရှေ့ပေါ်ထွက်လာရာမှာတော့ တေးဂီတအမျိုးအစားသစ်ကို သယ်ဆောင်လာမှာပါ။ ဒီတေးသီချင်းဟာ ပရိသတ်တွေအနေနဲ့ တစ်ခါမျှ မတွေ့မြင်ခဲ့ဖူးတဲ့ ဟိုမင်းကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

တေးသီချင်းသစ်နဲ့ ပတ်သက်ပြီး ဟိုမင်းကလည်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ " U Um U Um "ကို ပြီးခဲ့တဲ့ ဩဂုတ်လကတည်းက အသံသွင်းခဲ့တာဖြစ်ကြောင်းနဲ့ အစကတည်းက ပရိသတ်တွေကို နှစ်သစ်ကူးလက်ဆောင်အဖြစ် ပေးဖို့ရာ ရည်ရွယ်ခဲ့တာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

အေးပြည့်





# မူဆယ်တွင် ကဖင်းအလေးချိန် ကီလို ၄၂၅၀ နှင့် အမိုနီယမ်ကလိုရိုက် အလေးချိန် ကီလို ၁၇၅၀ သိမ်းဆည်းရမိ

**မူဆယ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ဟိုနောင်ကျေးရွာလမ်းခွဲ ကျင်စန်းကျော့လမ်းအတိုင်း မောင်းနှင်လာသည့် ISUZU အမျိုးအစား အဖြူရောင် ၁၂ ဘီး ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်းအတွင်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီခွဲတွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီခွဲတွင် ရှေ့တန်းခြေလျင်တပ်ရင်း ၂၉၀ စစ်ကြောင်း(၂)နှင့် မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ဟိုနောင်ကျေးရွာလမ်းခွဲ ကျင်စန်းကျော့လမ်းအတိုင်း ယာဉ်မောင်းတွမ်ရင်ရိန်းနှင့် ယာဉ်နောက်ပါ ရန်ဆိုင်လျန်မောင်းနှင်လာသည့် ISUZU အမျိုးအစား အဖြူရောင် ၁၂ ဘီးယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်းအတွင်းမှ ပီနံအိတ်အတွင်း ထည့်ထားသည့် ကဖင်းဟုယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၂၅ ကီလိုစီပါ အဖြူရောင် ပီနံအိတ် ၉၀၊ အညိုရောင်ပီနံအိတ် ၈၀၊ စုစုပေါင်း ကဖင်းအလေးချိန် ကီလို ၄၂၅၀ (ကာလတန်ဖိုးငွေကျပ် ၃၁၈၇ သိန်းကျော်)၊ စက္ကူပုံးအတွင်းထည့်ထားသော အမိုနီယမ်ကလိုရိုက်ဟု ယူဆရသောအဖြူရောင်အမှုန့် အလေးချိန် ၂၅ ကီလိုစီပါ ပုံး ၇၀၊ စုစုပေါင်းအလေးချိန် ၁၇၅၀ ကီလို (ကာလတန်ဖိုး ငွေကျပ် သိန်း ၃၅၀)၊ စတီးဘွိုင်လာအိုးအကြီး တစ်လုံး၊ စတီးဘွိုင်လာအိုးသေး တစ်လုံး၊ စတီးပေါင်းခံအိုးတစ်လုံး၊ လေးထောင့်စတီးတိုင်ကီတစ်လုံး၊ မီးခိုးရောင်မွှေစကလေးလုံး၊ ၂၀၀၀၀ ML ဖန်ပေါင်းချောင် တစ်လုံး၊ အခြောက်ခံစက် (Water bath) တစ်လုံး၊ အရောင်းအဝယ်စာချုပ်မူရင်းတစ်စောင်နှင့် ယာဉ်ခေါင်းခန်းအတွင်းမှ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သိမ်းဆည်းရမိခဲ့သော မော်တော်ယာဉ်နှင့် သက်သေခံပစ္စည်းများကို အမှုဖွင့်အရေးယူ ဆောင်ရွက်နိုင်ရေး၊ ကွင်းဆက်ဖော်ထုတ်နိုင်ရေးအတွက် မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပန်ဆိုင်း(ကြူကုတ်)မြို့တွင် ဝက်စာကျိုသည့် မီးဖိုမှတစ်ဆင့် မီးလောင်မှု ဖြစ်ပွား

**ပန်ဆိုင်း ဇန်နဝါရီ ၅**

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့တွင် ဝက်စာကျိုသည့် မီးဖိုမှတစ်ဆင့် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပန်ဆိုင်း(ကြူကုတ်)မြို့ ရပ်ကွက် (၃) ပြည်ထောင်စုလမ်းမဘေးရှိ ဦးကော်ဂျောင်သက်၏နေအိမ်တွင် အိမ်ရှင်မရှိစဉ် ဝက်စာကျိုသည့် မီးဖိုမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇာနည်၊ မြို့စခန်းမှူး ရဲအုပ်အောင်ကျော်မိုး၊ မြို့နယ်မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ရဲထွန်းနီနှင့် အဖွဲ့၊ အရန်မီးသတ်တပ်ခွဲမှူး ဦးအိုက်သိန်းနှင့် အဖွဲ့နှင့် ပြည်သူများက မီးသတ်ယာဉ် တစ်စီးနှင့် ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် နေအိမ် တစ်လုံးမီးလောင်ကျွမ်းခဲ့ပြီး လူနှင့် တခြားတိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ဆက်လက်၍ အိမ်ရှင် ဦးကော်ဂျောင်သက်အား ပန်ဆိုင်း(ကြူကုတ်)နယ်မြေ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြေညှိရာမှ လက်ပစ်ဗုံးဟောင်းနှစ်လုံး တွေ့ရှိ

**သထုံ ဇန်နဝါရီ ၅**

သထုံမြို့ နောင်ကုလားကျေးရွာတွင် ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီခန့်က နေအိမ်ဆောက်လုပ်ရန် မြေညှိရာမှ လက်ပစ်ဗုံးဟောင်းနှစ်လုံး တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံမြို့နယ် နောင်ကုလားကျေးရွာဘုရားလမ်းနေ ဒေါ်လှဲ့လှဲ့စန်း၏ ဥယျာဉ်ခြံမြေအား နေအိမ်ဆောက်လုပ်ရန်အတွက် မြေညှိရာမှ လက်ပစ်ဗုံးဟုယူဆရသည့် လက်ပစ်ဗုံးဟောင်းနှစ်လုံးအား တွေ့ရှိခဲ့သဖြင့် မြို့မရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများက လာရောက်စစ်ဆေးပြီး ပေါက်ကွဲမှုမရှိအောင် ကားတာယာကွင်းများ၊ သဲအိတ်များ ကာရံထားကြောင်း သိရသည်။ **လှိုင်ထွန်းအောင်(သထုံ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၆၈၅ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၂၀ သန်း) စုစုပေါင်း တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၈၀၅ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီး၊ ယာဉ်ငယ်လေးစီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဆေးလိပ် ၁၀ ဖာ အပါအဝင် အဝတ်အထည်မျိုးစုံ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၆၈၅ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အချို့တွင် ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီခွဲက မောင်တောမြို့နယ် မြို့ဦးကျေးရွာအုပ်စု လသာ(အောက်) ကျေးရွာနေ ဆော်လု(ခ)ဆော်လိမ်မူလာ(ခ) အေဇာမျာ၏နေအိမ်ကိုရှာဖွေရာ မာမက်အာလောင်နှင့် အာစ်မော်တူလ္လာတို့အား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၂၆ ပြား ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ပန်အင်ကျေးရွာနှင့် တောင်သုံးလုံးကျေးရွာအကြား တာချီလိတ်-ကျိုင်းတုံ သွားလမ်းဘေးတွင် လော်ကော်မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၆ ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် နောင်တရားမြို့ သံတဲကျေးရွာအနီးတွင် မောင်အို မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၂၃ ဒသမ ၄ ကီလိုကို လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၃ ရက် ည ၇ နာရီက တပ်မတော်က မိုးနဲမြို့နယ် နားခံကျေးရွာအနီး မိုးနဲ-နမ့်စန်သွား ကားလမ်းတွင် ကျိုင်းတောင်မြို့ဘက်မှ မောင်းနှင်လာသည့် ကန်တာအမျိုးအစားမော်တော်ယာဉ်ကို ရှာဖွေရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားပြီး ယာဉ်ပေါ်ပါသူ အမျိုးသားသုံးဦးမှာ ဆင်းပြေးသွား၍ မော်တော်ယာဉ်အား ရှာဖွေစစ်ဆေးရာ တန်ဖိုးငွေကျပ် ၂၇၁၂ သိန်းဖိုးရှိ ဘိန်းစိမ်း ၄၅၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီက နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သန့်ဇင်ဦး မောင်းနှင်ပြီး အောင်ချမ်းသူနှင့် ငြိမ်းချမ်းအောင်(ခ)ကိုငြိမ်းတို့ လိုက်ပါလာသော HYUNDAI DUMP TRUCK အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ ဆပ်ပြာခွက် ၄၁၈၀ ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၄၁ ဒသမ ၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၈၀၀၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် သန့်ဇင်ဦး၊ အောင်ချမ်းသူနှင့် ငြိမ်းချမ်းအောင်(ခ)ကိုငြိမ်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

AR YU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏
ဝန်ဆောင်မှုနှင့် အထောက်အပံ့များ

- ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ခွဲစိတ်ခွဲခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
- သေချာစွာလေ့ကျင့်သင်ကြားထားသော ခွဲစိတ်ခွဲခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
- ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
- ထူးခြားသာလွန်ကောင်းမွန်၍ သက်တောင့်သက်သာရှိသော အတွင်းလူနာခန်းများ
- တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
- ပင်မဆေးရုံအဆောက်အဦးနှင့်တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
- အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်

- နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
- အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
- အသည်းရောဂါအမျိုးမျိုး
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
- သားဖွားနှင့်မီးယပ်ရောဂါများ
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
- ကလေးအထွေထွေရောဂါများ
- အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (၀၁) ၉၃၇ ၆၂၀၀
www.aryuhospital.com

## ဆေးပညာနှီးနှောဖလှယ်ပွဲ၊ ဆေးနှင့်ဆေးပစ္စည်းပြခန်းများဖွင့်ပွဲ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်

**မန္တလေး ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး၊ (၁၈) ကြိမ်မြောက် ဆေးပညာနှီးနှောဖလှယ်ပွဲ၊ ဆေးနှင့် ဆေးပစ္စည်းပြခန်းများ ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် ၃၁ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ရုံးခန်းမ၌ ကျင်းပသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာရေးမရက မြန်မာနိုင်ငံဆရာဝန်အသင်းအနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ဆေးပညာတိုးတက်ရေးနှင့် ဆရာဝန်များ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပါမောက္ခ ဒေါက်တာသီတာက ဆေးပညာနှီးနှောဖလှယ်ပွဲ အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌနှင့် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်တို့သည် ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ဆေးပညာနှီးနှောဖလှယ်ပွဲနှင့် ဆေးနှင့် ဆေးပစ္စည်းအရောင်းပြခန်းများကို ဇန်နဝါရီ ၃ ရက်မှ ၆ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ဆေးရုံကြီးများနှင့် ဆေးတက္ကသိုလ်များမှ ပါမောက္ခ၊ ဌာနမှူးများက ဆေးပညာဆိုင်ရာများ ဆွေးနွေးကြမည်ဖြစ်ပြီး ထူးချွန်ဆရာဝန်များကို ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## တိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေးအားကစားပွဲတော် ပိတ်ပွဲ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်

**ဖယ်ခုံ ဇန်နဝါရီ ၅**

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေးအားကစားပွဲတော် ဘောလုံးဗိုလ်လုပွဲ၊ ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဖြဲအားကစားကွင်း၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖောင်းရှို တက်ရောက်အမှာစကား ပြောကြားပြီး ပြိုင်ပွဲတွင် ကယန်း ၊ ကရင်(ပဲခူး)၊ ကယား၊ တအာင်း၊ ခနော၊ အင်းသား၊ ကရင်(ရန်ကုန်)၊ အာခါ၊ လားဟူ၊ ပအိုဝ်းနှင့် လီဆူ(ကချင်) တိုင်းရင်းသားဘောလုံးအသင်းများ ပါဝင်ကစားခဲ့ကြပြီး ဘော်လီဘော အမျိုးသား၊ အမျိုးသမီးနှင့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများ ကျင်းပခဲ့သည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေးအားကစားပွဲတော် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ပြိုင်ပွဲဝင်အားကစားသမားများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ကိုထွေး(ဖယ်ခုံ)**




## ကချင်ပြည်နယ်အတွင်း အတူနေဌာနေတိုင်းရင်းသားများ၏ ပထမအကြိမ် နှစ်ဦးကောက်သစ်စားပွဲ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**မိုးကောင်း ဇန်ဝါရီ ၅**

ကချင်ပြည်နယ်အတွင်း အတူတကွမှီတင်းနေထိုင်ကြသည့် အတူနေဌာနေတိုင်းရင်းသားများ၏ ပထမအကြိမ် နှစ်ဦးကောက်သစ်စားပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့နယ် နမ္မနကျေးရွာဘောလုံးကွင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဘဏ္ဍာအခွန် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြသိန်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ အမှတ်(၃)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးကျော်ခိုင်ထွန်းတို့က မင်္ဂလာအချိန်တွင် အဆိုပါ မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကာ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားပြီး ကချင်မျိုးနွယ်စု ဗဟိုစာပေနှင့် ယဉ်ကျေးမှုကော်မတီက ပေးပို့သည့်သဝဏ်လွှာကို ကချင်မျိုးနွယ်စုဗဟိုစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးခက်ထိန်နန်က လည်းကောင်း၊ ရှမ်းမျိုးနွယ်စုစာပေယဉ်ကျေးမှုကော်မတီက ပေးပို့သည့် သဝဏ်လွှာကို မိုးကောင်းမြို့နယ် စာပေယဉ်ကျေးမှုဥက္ကဋ္ဌ ဦးတင်ညွန့်ကလည်းကောင်း အသီးသီးဖတ်ကြားကာ ပြည်နယ်အတွင်း အတူနေဌာနေတိုင်းရင်းသားများ၏ ပထမအကြိမ် နှစ်ဦးကောက်သစ်စားပွဲကို တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား ကျင်းပရေးနာယက ဦးကျော်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရိုးရာအကအဖွဲ့များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြကာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် အခမ်းအနားသို့တက်ရောက်လာသည့် နာဂတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဂုဏ်ပြုပန်းခြင်းများ ပြန်လည်ပေးအပ်ကာ ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များ၊ ဖိတ်ကြားထားသူများကို သတ်မှတ်ထားသည့်နေရာများ၌ ကောက်သစ်စားပွဲဖြင့် ဧည့်ခံခဲ့ကြသည်။

အဆိုပါပွဲတော်ကို ဇန်နဝါရီ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကျင်းပမည်ဖြစ်ပြီး ညပိုင်းတွင် ရှမ်းစတီရီယိုတေးသံရှင်များနှင့် ကချင်အနုပညာရှင်များအသင်းတို့ ပူးပေါင်းကာ စတီရီယိုတေးသံရှင်များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြမည်ဖြစ်သည်။

**၁၀၈**

## ကရင်ပြည်နယ်တွင် ချောင်းညီနောင်တံတားဖွင့်ပွဲ ကျင်းပ

**ဘားအံ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် ဘားအံခရိုင်နှင့် ဖာပွန်ခရိုင်တို့ကို အဓိကဆက်သွယ်ပေးထားသော ကမမောင်းမြို့ ဝါးဘိုးတော-ကမမောင်းလမ်းပေါ်ရှိ ချောင်းညီနောင်တံတားဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီကကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ရေရှည်တည်တံ့သည့် တံတားတစ်စင်းဖြစ်လာစေရန် ဒေသခံများအားလုံးတွင် တာဝန်ရှိကြောင်း၊ အားလုံးဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် တံတားသည် အရှည် ၉၁ ဒသမ ၄၄ မီတာ၊ အကျယ် ၉ ဒသမ ၁၄ မီတာ၊ လူသွားလမ်းတစ်ဖက်လျှင် သုည ဒသမ ၉၁ မီတာ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်း ပါဝင်သည့် တံတားအမျိုးအစားဖြစ်သည်။

အဆိုပါတံတားသည် ဒေသ၏ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေမည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ မြန်ဆန်ချောမွေ့လာမည်ဖြစ်ပြီး ဒေသတွင်း ပြည်သူများ၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကို များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**















# သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက်ခေါက်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်(တောင်ပိုင်း)ခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် ဘုရားအနေကဇာတင်လှူပွဲနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းအောင်ပွဲအလှူတော် ရေစက်ချမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၆ နာရီခွဲက စေတီတော်ရင်ပြင် ရှုခင်းသာတန်ဆောင်း၌ ကျင်းပသည်။

ဆရာတော်၊ သံဃာတော်အပါး ၃၆၀ တို့က စေတီတော်ကြီးအား အနေကဇာတင်တော်မူကြသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးကြည် (ဒုရဲမှူးကြီး-ငြိမ်း) က လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့မှုများအား ရှင်းလင်းလျှောက်ထားသည်။

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် စက်လှေကားနှင့် ဓာတ်လှေကား အသစ်တိုးချဲ့တည်ဆောက်လျက်ရှိရာ လှူဒါန်းလိုကြသည့် ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၇၉၉၄၅၈၀၀၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သက်နိုင် (သန်လျင်)**

# မြို့နယ်အလိုက် လျှပ်စစ်လိုင်းဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်ပြိုင်ပွဲကျင်းပ

**မဟာအောင်မြေ ဇန်နဝါရီ ၅**

မန္တလေးခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှကြီးမှူး၍ မြို့နယ်အလိုက် လိုင်းဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုစွမ်းဆောင်ရည်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် ၇၆ ဓာတ်အားခွဲရုံအနီး ၇၃ လမ်းနှင့် ၇၈ လမ်း ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းသစ်တွင် ကျင်းပသည်။

ပြိုင်ပွဲတွင် အုပ်စုလိုက် တိုင်တက်၊ လက်တန်းတပ်၊ လိုင်းကြိုးဆွဲပြိုင်ပွဲ၊ သုံးယောက်တွဲလိုင်းကြိုးဆက်ပြိုင်ပွဲ၊ ကြွေသီးတပ်ပြိုင်ပွဲ၊ ၄၀၀ ဗို့ Gap Fuse ပြုလုပ်ခြင်းပြိုင်ပွဲ၊ Linf Fault Megga Test အုပ်စုလိုက်ပြိုင်ပွဲများကျင်းပပြီး တစ်မြို့နယ်လျှင် ကြီးကြပ်သူအပါအဝင် လုပ်သားခုနစ်ဦး ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲသို့ မန္တလေးခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးကျော်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ လာရောက်ကြည့်ရှုအကဲဖြတ်အမှတ်ပေးပြီး ဆုများချီးမြှင့်ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## တိုတိုထွာထွာဖတ်စရာ

### ကြို့ပင်ကောက်တွင် ကရင်စာပေပြိုင်ပွဲကျင်းပ

**ကြို့ပင်ကောက်**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မှန်ပင်ထူးအုပ်စု လက်ပံဖြူကျေးရွာ အမကကျောင်းဝင်းအတွင်း၌ ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကရင်စာပေပြိုင်ပွဲကို ကျင်းပသည်။

ကရင်တိုင်းရင်းသူလေးများက ကရင်ဒိုးယိမ်းအကဖြင့် ကပြဖျော်ဖြေကြပြီး မြို့ကိုင်းကျေးရွာ၊ ညောင်ပင်အိုင်ကျေးရွာနှင့် လက်ပံဖြူကျေးရွာတို့မှ ကရင်တိုင်းရင်းသား တိုင်းရင်းသူ ၃၀ တို့က ကရင်စာပေရေးဖြေပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဗေယျာထွန်း(ကြို့ပင်ကောက်)**

### ကျောက်တန်း၌သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

**ကျောက်တန်း**

သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ဇန်နဝါရီ ၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပသည်။

ပြိုင်ပွဲသို့ သားကောင်းမိခင်ခုနစ်ဦးနှင့် ကလေး ၆၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဌေး၊ ကျောက်တန်းမြို့နယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**



(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိလမ်းအသီးသီး၌ပျော်ပွဲရွှင်ပွဲများနှင့် အားကစားနည်းမျိုးစုံဖြင့် ပျော်ရွှင်စည်ကားစွာ ကျင်းပကြောင်း သိရသည်။ **ညီညီ(သမိုင်း)**

# (၈၁)နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော် ဒိုးစင်ဖွင့်ပွဲနှင့် ဒိုးယိမ်းပြိုင်ပွဲ ကျင်းပ



**ကျိုက်ဒုံ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် ကျိုက်ဒုံမြို့တွင် ဇန်နဝါရီ ၄ ရက် ည ၇ နာရီက မြို့မအားကစားကွင်း၌ (၈၁) နှစ်မြောက်ကရင်နှစ်သစ်ကူးပွဲတော် ဒိုးစင်ဖွင့်ပွဲနှင့် ဒိုးယိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဒိုးယိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဒိုးများဖြစ်သော မိတန်ကျေးရွာ၊ မိနန်းအပ်ကျေးရွာ၊ လယ်တောကြီးကျေးရွာ၊ ကွင်းကလေးကျေးရွာ၊ နို့ဘိုးကျေးရွာ၊ ကံ့ကွယ်ကျေးရွာနှင့် လှိုင်ကမိန်ကျေးရွာတို့မှ ဒိုးယိမ်းအဖွဲ့များမှလာရောက်၍ ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ကျိုက်ဒုံမြို့ ကျောင်းသား ကျောင်းသူလေးများကလည်း တိုင်းရင်းသားကဏ္ဍ ဖျော်ဖြေရေးအကများဖြင့် တပျော်တပါး တင်ဆက်ကပြကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**သန်းထွန်းနိုင်(ပြန်/ဆက်)**




**မင်္ဂလာဒါ 09 42666 9001~9002~9003**

- အလောင်းတော်ကဿပ(သီးသန့်)။ မုံရွာ၊ စစ်ကိုင်း၊ ကျောက်ဇီမ်း။ 40000/ 75000
- အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်(၅)ရက်။ 55000/ 100000/ 160000
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရှင်၊ ကျိုက္ခမီ၊ ဇက်ဆံ(၄)ရက်။ 65000/ 100000
  ဆက်၍-မြိတ်ကျွန်းစုလေ့လာရေး (၆)ရက်။ 90000/ 140000 **Jan 11,18,25**
- မြစ်ကြီးနား၊ မြစ်ဆုံ၊ အင်းတော်ကြီး၊ ဖလုံတောင်၊ ရွှေဘို(၆)ရက်။ 100000
  ဆက်၍-မိုးကုတ်၊ အညာသီဟတော ပါ (၇)ရက်။ 120000 (အဖတ်ခွဲ-သောကြာ)
- ပုဂံ၊ ပုပ္ပါး (ရွှယ်တော်လေးဆူ)၊ (ပြည့်ငါးပြည်)၊ ပခုက္ကူ (၃)ရက်။ 65000/ 85000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်းစမ်း၊ ကက္ကူ၊ မိန်းမရဲ (၄)ရက်။ 55000/ 75000
  ဆက်၍-လွိုင်ကော်၊ တောင်ကွဲစေတီ၊ ဒီမောဆို၊ ပန်ပက် (၅)ရက်။ 75000/ 100000
- မြိတ်ကျွန်းစုလေ့လာရေး၊ ကော့သောင်း၊ ရနောင်း (၆)ရက်။ Hotel Package- 350000
- ပေလီ၊ ကမ်းသာယာ၊ သံတွဲ (၃)ရက်။ 100000 ကားမျိုးစုံဝင်းလုံးငှား(အရေးနှုန်း)
- တောင်ငူ၊ သံတောင်၊ ပသီချောင်း၊ နော်မူဘောကော် (စနေ-နေ့ချင်းပြန်) 35000

## ပျောက်ဆုံး

ကျွန်တော် မောင်မျိုးမင်းသန်း CDC-76794 ကိုင်ဆောင်ထားသော PSCRB (No.7693/12) လက်မှတ်ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၆၉၈၄၇

**ရွှေထူးလှိုင်**
ကျိုက်ထီးရိုး(၈၀၀၀ကျပ်)
နေ့စဉ်/ချောင်းသာ
(ဇလုံတောင်၊မိုးကုတ်)သီးသန့်
09 4500 44494, 4500 44496

## ဂုဏ်ယူဝမ်းမြောက်လွှာ

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်၏ ဥက္ကဋ္ဌ၊ Super One Holdings Co.,Ltd ၏ ဥက္ကဋ္ဌ CFO **ဒေါ်စန်းစန်းရီ**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ သာသနာတော်ဆိုင်ရာ **သုဓမ္မသိဂီ** ဘွဲ့တံဆိပ် အပ်နှင်းခံရခြင်းအား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**St.Philo's /အထက (၂) စမ်းချောင်း (၁၉၈၀)ခုနှစ်ထိ၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကော်မတီ**

## ဂျပန်နိုင်ငံအလုပ်အကိုင်

**(တိုးတွားစောင့်ရှောက်ရေးဂေဟာများ/ဆောက်လုပ်ရေးလုပ်ငန်း)**

- ➢ **တိုးတွားပြုစုရေးဝန်ထမ်း** - ဂျပန်ဘာသာစကား N4 Level လက်မှတ်ရှိသူ ကျား (၂) ဦး + ကျား (၂) ဦး + ကျား (၇) ဦး + ကျား (၄) ဦး = **ကျား (၁၅) ဦး**
- ➢ **ဆောက်လုပ်ရေးလုပ်ငန်း** - ဂျပန်ဘာသာစကား N5 Level လက်မှတ်ရှိသူ **ကျား (၃) ဦး**
- ➢ အသက်ကန့်သတ်ချက် - (၂၀ - ၃၀) နှစ်ကြား
- ➢ စာချုပ်သက်တမ်း - (၁+၂) နှစ်
- ➢ အလုပ်ချိန် - တစ်ရက်လျှင် (၈) နာရီ
- ➢ အလုပ်လုပ်ရက် - တနင်္လာနေ့ မှ စနေနေ့ထိ
- ➢ ပိတ်ရက် - တနင်္ဂနွေနေ့
- ➢ အခြေခံလစာ - ခန့်မှန်း (၁၆၀,၀၀၀-၁၈၀,၀၀၀ ယန်း)
- ➢ အချိန်ပို - ဂျပန်နိုင်ငံ ဥပဒေအတိုင်း
- ➢ နေရာထိုင်ခင်း - အလုပ်ရှင်မှ စီစဉ်ပေးသည်။
- ➢ ကောက်ခံမည့်ဝန်ဆောင်ခ - ဝန်ကြီးဌာန၏သတ်မှတ်ချက်အတိုင်း (2800 USD)
- ➢ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် - ဂျပန်နိုင်ငံ ဥပဒေအတိုင်း ခံစားခွင့်ရှိသည်။

**ဇန်နဝါရီလ (၁၅)ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားပေးသွင်းပါရန်**

၁။ နိုင်ငံကူးလက်မှတ် (မူရင်း)၊ (၁) လအတွင်း ဆေးအောင်လက်မှတ် မူရင်းများယူဆောင်လာရမည်။
၂။ နိုင်ငံကူးလက်မှတ်မရှိပါက လျှောက်ထား ရန်အတွက် (၁၈)နှစ်ပြည့်မှတ်ပုံတင် (မူရင်း)၊ အိမ်ထောင်စုဇယား (မူရင်း) ယူဆောင်လာပါရန်။

**ဂျပန်နိုင်ငံသို့သွားရောက်လုပ်ကိုင်ရာတွင် ဂျပန်ဘာသာစကားမဖြစ်မနေ တတ်မြောက် ရမည်ဖြစ်သည်။သို့ဖြစ်ပါ၍ TTS သင်တန်းကျောင်းမှ ဂျပန်ဘာသာစကား သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။**

**Today Top Star Co., Ltd. (Since 1996)**
TTS အမှတ် (၃)၊ ရင်းတွင်းလမ်း၊ သစ်ဆိမ်တုန်းရပ်ကွက်၊ သဃ်န်းကျွန်းကြီး (၃လဲ) မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်းညွှန် ➢ (၁၂) လမ်းမှတ်တိုင်တွင်ဆင်း၍၊ ရွှေမင်းဝံကျောင်းအတိုင်းဝင်လာရန်။
ဆက်သွယ်ရမည့်ဖုန်း – ၀၁-၆၃၈၆၁၂၊ ၆၃၈၄၄၆၊ ၆၃၈၄၂၆၊
၀၉-၃၃၃၃၃၃၃၀၅၅၊ ၅၅၃၃၉၃၀၃၂၊ ၅၅၅၅၅၃၅၃၉၊
E-mail : todaytopstar@gmail.com Facebook : todaytopstar

## "အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၉ နတ်တော်လပြည့်ကျော် (၁၃)ရက်နေ့တွင် TOKYO PIPE ၏ ဥက္ကဋ္ဌ EXCEL HOTEL GROUP၏ ဥက္ကဋ္ဌ ဖြစ်သူ **ဦးသိန်းဟန်**အား (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအချိန်အခါသမယတွင် **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်အား ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

"EXCEL CAPITAL HOTEL" နေပြည်တော်
" TOKYO PIPE" နေပြည်တော် (ရုံးခွဲ)

**မီး ဘေး ရှောင် မ လောင် ခင် တား**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅(ဆရာတော်ကြီး)၊ မြေကွက်အမှတ်(၈)၊ ဧရိယာ(၆-၁၃၁)ဧကဆံ၊ ... ကွက်တည်နေရာအမှတ်(၆၈၃)ဘုရင့်နောင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ BK ဒါတ်တဲ့ရက်၊ TKဒါတ်တဲ့ရက်... ဥပဒေရုံး၊ တရားရေးမဏ္ဍိုင်မှုအမှတ်-၇/၂၀၁၈ ... ၁၃-၂-၂၀၁၈ရက်နေ့ပါ တရားရုံးစီရင်ချက်အမိန့်နှင့်ဒီကရီ၊ တရားမဓားအိမှုအမှတ်-၂၁/၂၀၁၈ ... ၂၃-၃-၂၀၁၈ရက်နေ့ပါ ... ၁၁-၃-၂၀၁၈ ... (၁၂/၃ကမ(နိုင်)၀၀၄၃၃၃၄) ... (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုးဝင်း ... မြို့နယ်... ဥပဒေ...



# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၉) ဖြင့် ဥက္ကဋ္ဌ ဦးကျော်ဝင်း၏ မိခင်ဖြစ်သူ **ဒေါ်သန်းစိန်(ခ)ဒေါ်နီ** နာယက (ရွှေသံလွင်)အား **မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့** နှင့်**ဝဏ္ဏကျော်ထင် ဦးကျော်ဝင်း** ဥက္ကဋ္ဌ - ရွှေသံလွင်လုပ်ငန်းစုကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ - မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်(MLCA)၊ဥက္ကဋ္ဌ -မြန်မာလိုင်စင်ရကန်ထရိုက်တာများအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MLCP) အား **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့** တို့ကို နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အနာဂတ်တွင်လည်း ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုး အကျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် **(MLCA)**

မြန်မာလိုင်စင်ရ ကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်**(MLCP)**

## လိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ခုနှစ်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉)ဖြင့် သုခမ္မမဏိဇောတရေ **ဦးကျော်ဌေး** မန်နေးဂျင်းဒါရိုက်တာ(ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ)အား **သီဟသုခမ္မမဏိဇောတရေ**ဘွဲ့ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ရှေးအနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့်(ချစ်သောမိသားစုနှင့်အတူ) နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ဇနီး-သုခမ္မသိင်္ဂီ ဒေါ်ခိုင်သက်မွန်**
**(ဒါရိုက်တာ-ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ)**
**ချစ်သမီးကြီး-သီရိရတနာဌေး @Julia(Grade-VII-YIS)**
**ချစ်သားကြီး-စည်သူကျော်ဌေး (Grade-III-TTC)**
**ချစ်သမီးငယ်-မြင့်မြတ်ရတနာဌေး @Sweety (KG-TTC)**
**ချစ်သားငယ်-ရဲရင့်ကျော်ဌေး @Nikki**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် မြန်မာစီးပွားဆက်လုပ်ငန်းစု ဥက္ကဋ္ဌ ဦးအောင်စိုးသာ၏ဇနီး ဒုတိယဥက္ကဋ္ဌ **ဒေါ်ခိုင်ပြည့်စုံကြိုင်**အား (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာ အခါသမယတွင် **"သီဟသုခမ္မသိင်္ဂီဘွဲ့"** တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့် အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

ချစ်ခင်ပွန်း ဦးအောင်စိုးသာနှင့်
မြန်မာစီးပွားဆက်လုပ်ငန်းစု မိသားစုများ




ရတနာသစ်တောပြည့်သွေးကြောသစ်တောရတနာထိန်းသိမ်းပါ

# ပုပ္ပားစကားဝါမြေဆရာတော်အား အထူးကြည်ညိုလေးစားဂုဏ်ယူဝမ်းမြောက်ခြင်း

ပုပ္ပားစကားဝါမြေ ဆရာတော် **ဘဒ္ဒန္တပညာဝံသ**အား ၂၀၁၇ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့၌ အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊ ပတ္တနားမြို့ LALIT NARAYAN MITHILA UNIVERSITY မှ ဓမ္မပါရဂူ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခံရ၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲ၌ **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခြင်းခံရ၍လည်းကောင်း အထူးပင်ကြည်ညိုလေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆရာတော်၏ သာသနာပြုလုပ်ငန်းများ ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ။

၁။ **ကိုစိုးဝင်း-မဖြူဖြူကျော် (ရတနာတိုးဆောက်လုပ်ရေး) သီရိမြိုင်(၂)လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**

၂။ **ကိုမြတ်မင်းလှိုင်-မသိန်းသိန်း (မော်တော်ယာဉ်ရောင်းဝယ်ရေး) (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**

၃။ **ဦးကံသိန်း-ဒေါ်ခင်သန်းနုမိသားစု (ကားဝပ်ရှော့လုပ်ငန်း)၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**

၄။ **ဦးသိန်းဝင်း-ဒေါ်သီတာ (မော်တော်ယာဉ်ရောင်းဝယ်ရေး) မာလာမြိုင်၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**

၅။ **ဒေါ်သန်းခင်မိသားစု (ကံကော်ဦးဖိနပ်ဆိုင်) မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်။**

၆။ **ဒေါ်စောတင်၊ သမီးမသိင်္ဂီချိုမိသားစု (ချိုရတနာရွှေဆိုင်) မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်။**

၇။ **ဒေါ်ခင်ယုမေ၊ ဒေါ်သန်းသန်းဌေး (ရတနာမေစတိုး) မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်။**

၈။ **ဒေါ်စိုစိုး၊ ဒေါ်မွန်မွန် မိသားစု၊ မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်။**

၉။ **ဒေါ်သံလုံးမိသားစု၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။**

၁၀။ **ဦးစိုးသန်း-ဒေါ်ခင်စန်းယဉ် (ယဉ်နုရွှေဆိုင်) ကျောက်ပန်းတောင်းမြို့။**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သံသရာလမ်းညွှန် အဘိဓမ္မာသင်တန်း၏ သင်တန်းမှူး ဆရာမ**ဒေါ်ငွေရည်ဦး**သည် နိုင်ငံတော်မှချီးမြှင့်သော **"သဒ္ဓမ္မဇောတိကဓဇ"**ဘွဲ့ကို ထိုက်တန်စွာရရှိခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဝေနေယျတို့အား သံသရာမှလွတ်ကြောင်း ဓမ္မခရီးလမ်းကို ကျန်းမာချမ်းသာစွာဖြင့် ဆက်လက်ညွှန်ကြား၊ ပြသ၊ ပို့ချနိုင်ပါစေကြောင်း ထပ်လောင်း၍ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**သံသရာလမ်းညွှန် အဘိဓမ္မာသင်တန်း**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်သမီးကြီး **ငွေရည်ဦး** (သံသရာလမ်းညွှန်အဘိဓမ္မာသင်တန်းမှူး)၏ (၁၁)နှစ်တာ စွမ်းစွမ်းတမံသာသနာပြုခရီးအတွက် ၄-၁-၂၀၁၉ရက်တွင် နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သော **"သဒ္ဓမ္မဇောတိကဓဇ"**ဘွဲ့ထူးကို ထိုက်တန်စွာရရှိသည့်အတွက် ဖေဖေ-မေမေနှင့် မောင်လေး မိသားစုများက အထူးပင်တန်ဖိုးထားဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဖေဖေ ဗိုလ်မှူးချုပ်ငွေ(ငြိမ်း)-မေမေ ဒေါ်ရီရီငွေ**
**မောင်လေးရဲမှူးကြီးနိုင်ရဲသူ-ဒေါ်ဝါဝါခင်**
**မောင်လေးဦးမင်းသူရ-ဒေါ်ယဉ်ယဉ်ထွေး**
**ပိုးတီတုံး+ဟန်နီ+လုံးလုံး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**နေပြည်တော်၊ ရုံးအမှတ်(၅၁)**
**တင်ဒါခေါ်ယူရေးကော်မတီ**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များမှ သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ (ပထမအကြိမ်) ခေါ်ယူခဲ့ရာတွင် တင်ဒါတင်သွင်းသူ တစ်ဦးတည်းရှိသဖြင့် (ဒုတိယအကြိမ်) ထပ်မံတင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် ခြောက်ခန်းတွဲ(၅)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (Pile Foundationနှင့် မြေဖို့ခြင်းလုပ်ငန်းများအပါအဝင်)

(ခ) သာကေတမြို့နယ်ရုံးနှင့်ဆေးခန်း ပေ (၆၀×၅၄) RC(၂)ထပ် ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များအား နေပြည်တော်၊ ရုံးအမှတ်(၅၁)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံဝယ်ယူရမည့်ရက် - ၇-၁-၂၀၁၉ရက် မှ ၁၁-၁-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း) (၉း၃၀နာရီမှ ၁၆း၃၀နာရီထိ)

၄။ တင်ဒါ Specification တင်သွင်းရမည့်ရက်နှင့်နေရာ - ၁၁-၁-၂၀၁၉ရက် (၉း၃၀နာရီမှ ၁၆း၃၀နာရီထိ) ရုံးအမှတ်(၅၁)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၅။ တင်ဒါဖွင့်မည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး၊ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်-၀၆၇-၃၄၃၀၁၈၁၊ ၀၆၇-၃၄၁၇၉၀၅နှင့် ၀၆၇-၃၄၁၇၉၀၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပြီး၊ ဝန်ကြီးဌာန website www.mol.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**နေပြည်တော်**


**Yangon White Light**
**အိမ်ခြံမြေကုမ္ပဏီ**

နှစ်သစ်မင်္ဂလာမှာ လူကြီးမင်းတို့၏ ရန်ကုန်မြို့တွင်ရှိသော လုံးချင်းတိုက်ခန်း၊ မြေကွက်၊ ဂိုဒေါင်များကို ရောင်းမည် ငှားမည်လိုပါက အမြန်ဆုံး ဆက်သွယ်ပေးပါ။ စမ်းချောင်းမြို့နယ်တွင်ရှိသော ကွန်ဒိုတိုက်ခန်းများကို အမြန်ဆုံး ငှားချင်ပါသည်။
(ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပေးပါ။)
အသေးစိတ်စုံစမ်းရန် -
09-252703331, 09-969117983


**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မအူတန်းစံပြကျေးရွာနေ အဖ ဦးလှသန်း[၇/ညလပ(နိုင်)၀၃၅၁၄၀]နှင့် အမိ ဒေါ်တင်တင်[၇/ညလပ(နိုင်)၀၃၅၁၄၇]တို့၏ အငယ်ဆုံးသား မောင်သန်းတိုးအောင်[၇/ညလပ(နိုင်)၂၁၈၂၂၉]သည် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို မိဘနှင့်ညီအစ်ကိုမောင်နှမများအားလုံးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ ယခုအကြောင်းအရင်းများနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးလှသန်း၊ ဒေါ်တင်တင်**


သင့်သွေးဖြင့် အသက်ကယ်ပါ


**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး**
**ဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ)၊ စဝ်စံထွန်းဆေးရုံကြီး၊ အမျိုးသမီးနှင့် ကလေးဆေးရုံ၊ လွိုင်လင်ပြည်သူ့ဆေးရုံ၊ လားရှိုးပြည်သူ့ဆေးရုံ၊ ကျိုင်းတုံပြည်သူ့ဆေးရုံ၊ မြို့နယ်ဆေးရုံ။ တိုက်နယ်ဆေးရုံ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်ကလေးကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများအတွက်လိုအပ်သော ဆေးဝါးများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ စတင်ရောင်းချမည့်ရက် - ၇-၁-၂၀၁၉ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက် - ၁-၂-၂၀၁၉ရက်(သောကြာနေ့)

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ) ဖုန်း ၀၈၁-၂၁၂၁၀၆၉၊ ၀၈၂-၂၃၀၁၃၊ ၀၈၄-၂၁၀၇၀နှင့် သက်ဆိုင်ရာ ဆေးရုံကြီးများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**


**အမြန်ရောင်းလိုသည် (ပွဲစားမလို)**
(50× 55) 8လွှာ၊ Master 7ခန်း၊ Aircon 9လုံး ဖြစ်ဆင်ပြီး၊ စဉ့်အိုးတန်းလမ်းနှင့် မဟာဗန္ဓုလ လမ်းထောင့်၊ အပေါ်ဘလောက်၊ တက်လမ်းကွန်ဒို၊ လသာမြို့နယ်။
ဖုန်း - ၀၉၅၀၂၂၂၄၄၊ ၀၉၄၉၄၉၇၇၇၇ သိန်း (၃၅၀၀)



ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့သက်တော်ရှည်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌကြီး**
**ဆူးလေစေတီတော်ဂေါပကအဖွဲ့ဝင် (ငြိမ်း)**
**ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ**
**မန္တလေးမြို့၊ မလွန်စျေးဆန်လှူအသင်းကြီး၏ အောက်မြန်မာပြည်တာဝန်ခံ**
**ပန်းဘဲတန်းမြို့နယ်၊ မလွန်ဆန်လှူသင်းထောက်ဥက္ကဋ္ဌကြီး**
**အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏နာယက**
**မဟာသဒ္ဓမ္မဇောတိကဓဇ**

## သီတဂူ ဦးဟန်

**B.A,B.L တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်**
**(ရွှေတောင်မြို့) အသက် (၉၅)နှစ်သည်**

၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့**
**မလွန်စျေးဆန်လှူအသင်းကြီး**
**မန္တလေးမြို့**

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီ ဦးကျော်ညွန့်(ခ) ဟာဂျီအဟ်မက်ကာစင်ဂျီဝါး

**က. က. ဝယ်၊ ဝန်ထောက်(ငြိမ်း)**
**Agfa Gevaert(Film) နှင့်**
**Jonson Philips (ပွဲချိတ်)တို့၏ ကိုယ်စားလှယ်**
**အသက် (၁၀၁) နှစ်**

ရန်ကုန်မြို့၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၈၇)၊ သုံးလွှာနေ (ဦးထွန်းမောင်-ဒေါ်အရှာဘီဘီ)တို့၏သားကြီး၊ ဦးကျော်မြင့် (အိုးအိမ်ဦးစီးဌာနမှူး-ငြိမ်း)၊ [ဦးမြင့်သန်း(တိုင်းမှူး-ငြိမ်း၊ ပြည်တွင်းအခွန်ဦးစီးဌာန)]၊ [ဦးကျော်သိန်း(ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ဖွဲ့-ငြိမ်း)]၊ ဦးအောင်သန်း (Gesterner Agent)တို့၏အစ်ကိုကြီး၊ (ဒေါ်အေးမြိုင်)၊ (ဒေါ်ငယ်)တို့၏ခင်ပွန်း၊ သားသမီးကိုးယောက်၊ မြေး ၂၆ ယောက်၊ မြစ် ၁၂ ယောက်၊ တူ/ တူမ ၂၀ ယောက်တို့၏ဘိုးဘိုးကြီးသည် ၄-၁-၂၀၁၉ ရက် မွန်းလွဲ ၁၂း၃၀ နာရီ တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးမွတ်စလင်သုသာန်၌ ဒဖွာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီ ဦးကျော်ညွန့် (ခ) ဟာဂျီအဟ်မက်ကာစင်ဂျီဝါး

**က. က. ဝယ်၊ ဝန်ထောက်(ငြိမ်း)**
**Agfa Gevaert (Film) နှင့်**
**Jonson Philips (ပွဲချိတ်)တို့၏ကိုယ်စားလှယ်**
**အသက် (၁၀၁) နှစ်**

ရန်ကုန်မြို့၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၁၈၇)၊ သုံးလွှာနေ ဦးနိုင်နိုင်ညွန့် (Publisher & CEO၊ 'ချွန်း'မီဒီယာ)၏ဖခင် ဟာဂျီ ဦးကျော်ညွန့်သည် ၄-၁-၂၀၁၉ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၁-၂၀၁၉ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးမွတ်စလင်သုသာန်၌ ဒဖွာနာပြီးစီးပါကြောင်း လုပ်ဖော်ကိုင်ဖက် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်ရီ (ခ) ဒေါ်ဖွားကြီး(ကျောက်တန်း)

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၅၁)၊ ငုဝါလမ်းနေ ဦးကျင်မောင်၏ဇနီး၊ ဦးမောင်မောင်-ဒေါ်ခင်ခင်ဆွေ၊ ဦးကြီးရှိန်-ဒေါ်တင့်တင့်၊ ဦးခင်မောင်စိုး၊ ဦးအုန်းဝင်း-ဒေါ်နန့်ပါမလာထွန်း၊ (ဒေါ်မေမေသန်း)၊ ဦးအုန်းလင်း၊ ဦးထွန်းဝင်း-ဒေါ်သန်းသန်းတင့်တို့၏မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

## ဒေါ်ခင်နု (၈၃)နှစ်

**စာရင်းကိုင်-၁၊ဝင်ငွေဌာန၊ ဘဏ္ဍာရေး၊ MEPE ရုံးချုပ်-ငြိမ်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းခရိုင်၊ တံတားမြို့နေ ဦးဘလွန်း-ဒေါ်သိန်းရှင်တို့၏ သမီးချွေးမ၊ သထုံမြို့၊ ညောင်ဝိုင်းရပ်နေ (ဦးပါ-ဒေါ် အမာ)တို့၏သမီး၊ [ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း) (မပက)၊ အတွင်းရေးမှူး၊ မိတ္ထီလာမြို့]၏ဇနီး၊ (ဦးမြင့်ဦး)-ဒေါ်ခင်သီတာ၊ဦးခင်မောင်စိုး-ဒေါ်စန္ဒာမြင့်၊ ဒုအရာခံဗိုလ်ကျော်မြင့်ဦး(မိတ္ထီလာလေတပ်)-ဒေါ်သီတာမြင့်၊ ဒေါ်မြင့်မြင့်မာ(အလပြ)၊ မူလွန်(၂၂)၊ လှိုင်သာယာ၊ ဦးမြင့်ကျော်ကျော်(AGD) ဘဏ်ရုံးချုပ်၊ မော်တော်ယာဉ်ဌာန-ဒေါ်ဆွေဆွေမျိုး တို့၏မိခင်၊ ဦးသိန်းဌေးအောင်-ဒေါ်ခင်မျိုးလှိုင်(လူရည်ချွန်)စာသင်ဝိုင်း၊ မဆုမြတ်စန္ဒီ (ဥပဒေနောက်ဆုံးနှစ်) ကျောက်မြောင်း၊ ဦးအောင်ဘိုဘို-ဒေါ်သွယ်သွယ်အောင်၊ ဦးအောင်မြင့်မြတ်-ဒေါ်မေသက်ခိုင်၊ မောင်ဇွဲရန်နိုင် (Bot.တတိယနှစ်)၊ မသီရိသိမ့် (BA Geog:)၊ မချောချောဟန်တို့၏ အဘွား၊ မအိမ့်မှူးစံ၊ မောင်အောင်မင်းခန့်၊ မဆုလာဘ်အောင်၊မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၄-၁-၂၀၁၉ (သောကြာနေ့)နံနက် ၇ နာရီတွင် အမှတ်(၅၁၉/က)၊ ဗိုလ်လရောင်လမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ-
လ ၁၃၇၂၃၃ ရဲတပ်ကြပ်ကြီးတင်ထွန်းအောင်၊အသက်(၅၄)နှစ်
လ ၁၆၇၂၆၄ ရဲတပ်ကြပ် မျိုးမြင့်၊ အသက် (၄၄)နှစ်
လ ၁၇၅၄၉၅ ရဲတပ်ကြပ် မန်လျှန်ဇမ်း၊ အသက် (၄၁)နှစ်
လ ၂၁၁၁၂၂ ရဲဒုတပ်ကြပ်အောင်ဌေး၊ အသက် (၃၄)နှစ်
လ ၂၅၃၄၅၈ ရဲဒုတပ်ကြပ် ထွန်းလှ၊ အသက် (၂၇)နှစ်
လ ၂၃၃၂၁၈ ရဲတပ်သား သန့်ဇင်မင်း၊ အသက် (၂၇)နှစ်
လ ၂၅၈၇၅၇ ရဲတပ်သား ဂိုးခန့်ပေါင်၊ အသက် (၂၂)နှစ်
လ ၂၆၁၄၂၈ ရဲတပ်သား သန်းရွှေဦး၊ အသက် (၂၁)နှစ်
လ ၂၇၀၅၁၀ ရဲတပ်သား ကိုကိုလတ်၊ အသက် (၂၁)နှစ်
လ ၂၇၄၅၇၅ ရဲတပ်သား မြတ်ကျော်ငြိမ်း၊ အသက် (၂၀)
လ ၂၇၄၅၉၉ ရဲတပ်သား ဖားဖာ့၊ အသက် (၂၂)နှစ်

တို့သည် ၄-၁-၂၀၁၉ ရက်နေ့တွင် ဘူးသီးတောင်မြို့နယ်အတွင်း၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့်ဇနီး**
**ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

## ဒေါက်တာသန်းထွင့်

**(T.H.O-ငြိမ်း)**
**အသက် (၆၁) နှစ်**

ရန်ကုန်မြို့နေ (ဦးလှိုင်ဖေ-ဒေါ်သန်းစု)တို့၏သား၊ (ဦးခင်စိုး)-ဒေါ်ရင်နုတို့၏သားသမက်၊ ဒေါ်အေးအေးခိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဉာဏ်လင်းဇော်-ဒေါက်တာမြတ်စုခိုင်၊ မစုသစ္စာခိုင် (DAIWA INSTITUTE Of RESEARCH CO., Ltd-Tokyo)၊ မောင်ဇွဲသီဟကျော် (OKKAR THIRI Co., Ltd)တို့၏ ချစ်လှစွာသောဖခင် ဒေါက်တာသန်းထွင့်သည် ၄-၁-၂၀၁၉ ရက် ည ၉း၂၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်ခန်းမ(၂)မှ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၈/စီ၊ စေတနာသုခလမ်း၊ ၃-ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

## ဒေါ်ခင်လဲ့လဲ့ဟန် (၇၄) နှစ်

**စီးပွားရေးတက္ကသိုလ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် (၃၃/D)၊ ရွှေဟင်္သာလမ်း၊ (၁၁) ရပ်ကွက်နေ (ဦးဘဟန်-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးဆင့်-ဒေါ်ကြွေ)တို့၏သမီးချွေးမ၊ ဗိုလ်မှူးကြီးဝင်းဟန်(ငြိမ်း)-ဒေါ်ဖြူဖြူတို့၏ ချစ်လှစွာသောညီမ၊ ဦးဌေးကျော်-ဒေါက်တာခိုင်ကေသီဟန်တို့၏ချစ်လှစွာသောအစ်မ၊ (ဦးမြင့်လွင်)၏ချစ်လှစွာသောဇနီး၊ ဦးသက်လွင်ဦး (AMPW Technology & Machinary Co.,Ltd)၊ ဦးကျော်မင်းလွင် (Chief Officer)၊ ဦးအောင်ဝင်းလွင် (Master Mariner)-ဒေါ်ယမုံအေး (ပြည့်ပြည့်ရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မောင်သန့်ထူးလွင်(ဒုတိယတန်း-B၊ အ. ထ. က-၁၊ ဒဂုံ)၏ ချစ်လှစွာသောအဘွား ဒေါ်ခင်လဲ့လဲ့ဟန်သည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးရာဇာဦး (ကျောက်ဆည်)

**ကြည်း-၄၃၉၃၃**
**DSA-၄၈**
**အသက် (၃၃) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နေ ဒေါ်ကြည်ကြည်ဝင်း (မြို့နယ်သမအသင်းစု)၏တူ၊ ဦးကျင်သိန်း-ဒေါ်လှလှရီတို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကညွတ်ကွင်းမြို့နေ ဦးတိုးကြည်-ဒေါ်ငယ်တို့၏သားသမက်၊ မနိုင်နိုင်ဝေ၏ခင်ပွန်း၊ မမေကိုးရတီဆု၏ဖခင်သည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့၊ ကြာကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မောင်စည်သူလင်းမြတ် (၁၀)နှစ်

**(Grade-IV, B၊ အထက-၆၊ ဗိုလ်တထောင်)**

ရန်ကုန်မြို့နေ(ဦးသန်းဌေး-ဒေါ်သိန်းကြည်)၊(ဦးပြည်သိမ်း-ဒေါ်အုန်းမြင့်)တို့၏မြေး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အနောက်)ရပ်ကွက်၊ ဇီနမာန်အောင်ဘုရားလမ်း၊ အမှတ် (၁၀၇၂)၊ တတိယထပ်(A+B)နေ ဦးအောင်ကိုကို-ဒေါ်မြမြသိန်းတို့၏သားကြီး၊ မအိမ့်မှူးအောင်၊ မအိမ့်ဖူးအောင်(KG-A၊ အထက-၄၊ ဗိုလ်တထောင်) အမြွှာညီအစ်မတို့၏အစ်ကိုသည် ၄-၁-၂၀၁၉ (သောကြာနေ့) ည ၉း၃၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယိကာမကြီး**

### ဒေါ်ဌေးဌေးဝင်း (ခရမ်း)

**အသက် (၇၀)**

မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာ(၂)လမ်း၊ အမှတ် (၂၆၇/၇)နေ ဗိုလ်မှူးမောင်ကြည်၏ဇနီး၊ ဦးအောင်ခိုင်ထွေး-ဒေါ်အေးမိုးမိုးကြည်တို့၏ကျေးဇူးရှင်မိခင်ဖြစ်သူ ဒေါ်ဌေးဌေးဝင်းသည် ၄-၁-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝန်ထမ်းမိသားစု**
**Smile Happy Co.,Ltd**

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာစွမ်းပကားစက်မှုကုမ္ပဏီလီမိတက် (MMIC)မှ အထွေထွေမန်နေဂျာ ဦးဗိုလ်ကျော်ကျော်သိန်းဝင်း၏ဖခင် ဦးဇော်ဝင်းသည် ၄-၁-၂၀၁၉ ရက် ည ၉း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**MD နှင့် ဝန်ထမ်းများ**

---

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့နေ မအိမ့်မျက်ချယ် [၉/ပသက(နိုင်)၁၂၂၃၀၅] ၏လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မိတ်ဆွေ မအိမ့်မျက်ချယ်သည် **(FB Name-Honey Love) Account** ဖြင့် ၂၀၁၈ခုနှစ်၊ မတ်လပိုင်းမှစ၍ လေလံမဲစုခြင်း၊ လေလံမဲဝယ်ယူခြင်း တစ်ဆင့်ပြန်လည်ရောင်းချခြင်းများကို အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ထိုစဉ်ကျွန်ုပ်မိတ်ဆွေ မအိမ့်မျက်ချယ်ထံမှ ငွေကြေးများ လိမ်လည်ရယူသွားသူများက ကျွန်ုပ်မိတ်ဆွေထံသတ်မှတ်ရက်အတွင်း ပြန်လည်ပေးဆပ်ခြင်းများ မရှိသေးသောကြောင့် ဥပဒေနှင့်အညီတောင်းခံလျက်ရှိနေပါသည်။ ထို့အတူ ကျွန်ုပ်မိတ်ဆွေက ငွေကြေးရှင်းလင်းပေးရန်ရှိနေသူများကိုလည်း အမြန်ဆုံးငွေများ ပြန်လည်ရှင်းလင်းပေးရန် စာရင်းများညှိနှိုင်းဆောင်ရွက်နေပါသည်။ သို့ပါ၍ ကျွန်ုပ်မိတ်ဆွေထံ ငွေပေးသွင်းရန်ရှိနေသူများက အမြန်ဆုံးရှင်းလင်းပေးသွင်းကြပါရန်နှင့် ကျွန်ုပ်မိတ်ဆွေထံမှ ငွေကြေးရရန်ရှိသူများသည် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁)နှစ်ပြည့်သည့်နေ့အထိ စောင့်ဆိုင်းပေးကြပါရန် မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။ဤကဲ့သို့ တရားဝင်တောင်းပန်ထားပါလျက် ကျွန်ုပ်မိတ်ဆွေထံမှငွေရရန်ရှိသူများနှင့် ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်သူများ တစ်ဦးဦးကအတင်းအကျပ်စာချုပ်ချုပ်ဆိုခိုင်းခြင်း၊ ကြိမ်းမောင်းခြောက်လှန့် တောင်းခံခြင်း၊ (Facebook) လူမှုကွန်ရက်စာမျက်နှာများပေါ် မှ မလိုလားအပ်သောပုံများတင်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန်ရေးသားခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုမူပြောဆိုရေးသားဆောင်ရွက်လာပါက တည်ဆဲဥပဒေများနှင့်အညီ မလွှဲမရှောင်သာပြန်လည် တရားစွဲဆိုသွားတော့မည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**မအိမ့်မျက်ချယ်**
**[၉/ပသက(နိုင်)၁၂၂၃၀၅]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်ဆန်း LL.B (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၈၁/၁၉၉၇)**
**တိုက်-၂၇၊ အခန်း-၀၀၂၊ ပဲခူးမြစ်လမ်း၊ စစ်တောင်းရိပ်မွန်၊**
**(၉၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၄၃၁၉၀၀၃**

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲ-၃၃၄၂ ရဲမှူးစိုင်းဘိုဟန် အသက်(၅၃)နှစ်နှင့် လ-၁၇၀၁၁၈ ဒုရဲအုပ်မြင့်လွင် အသက်(၄၆)နှစ်တို့သည် ၄-၁-၂၀၁၉ ရက်နေ့တွင် ဘူးသီးတောင်မြို့နယ်အတွင်း၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တာဝန်များထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့်ဇနီး**
**ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်းနှင့် ကျေးဇူးတင်လွှာ

# ဒေါ်ရှုကင်း (ထားဝယ်)

## အသက် (၉၀)

ဦးမြတ်စိန် (ခ) ဦးခွမ်း၏ဇနီး၊ ဦးကျင်ပေါ၊ ဒေါ်ရှုကြည်တို့၏အစ်မ၊ သားသမီးခုနစ်ယောက်၏အမေ၊ မြေး(၁၈)ယောက်၏အဘွား၊ မြစ်သုံးယောက်၏ ဘွားဘွားကြီး အသက်ရှင်စဉ်ကာလအတွင်း လူတိုင်းအပေါ် ခွင့်လွှတ်အနစ်နာခံခြင်း၊ ပေးဆပ်ခြင်းနှင့် ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်များကို အောက်မေ့သတိရလျက် ကောင်းရာသုဂတိလားပါစေဟု နေ့စဉ်ဆုတောင်းနေမိသည်မှာ ယနေ့ (၆-၁-၂၀၁၉) ဆိုလျှင် တစ်လတင်းတင်းပြည့်ခဲ့ပါပြီ။

ကျေးဇူးရှင်မိခင်ကြီး မကျန်းမာစဉ်ကာလအတွင်း ဂရုတစိုက်ပြုစုပေးသော ချမ်းမြေ့အထူးကုဆေးရုံရှိ ဆရာဝန်နှင့်ဝန်ထမ်းများ၊ နာရေးတွင်ဝိုင်းဝန်းကူညီပေးကြသော Super Coffee Mix မိသားစု၊ ရွှေသစ်ထွန်းကားဂိတ်၊ လူကြီးမင်း ကုန်မျိုးစုံရောင်းဝယ်ရေး၊ ရွှေသဇင်ကုန်မျိုးစုံရောင်းဝယ်ရေးနှင့် ဆွေမျိုးမိတ်သင်္ဂဟအားလုံး၊ ရပ်နီးရပ်ဝေးမှ ဆုမွန်ကောင်းတောင်းပေးကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့ သက်တော်ရှည်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌကြီး
ဆူးလေစေတီတော်ဂေါပကအဖွဲ့ဝင်(ငြိမ်း)
ပန်းဘဲတန်းမြို့နယ်မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဂေါပကအဖွဲ့ဥက္ကဋ္ဌ
မန္တလေးမြို့၊ မလွန်ဆန်လှူအသင်းကြီး၏ အောက်မြန်မာပြည်တာဝန်ခံ
ပန်းဘဲတန်းမြို့နယ်၊ မလွန်ဆန်လှူအသင်းထောက်ဥက္ကဋ္ဌကြီး
အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နာယက

## မဟာသဒ္ဓမ္မဇောတိကဓဇ

## သီတဂူဦးဟန် BA.BL တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်

(ရွှေတောင်မြို့)

## အသက်(၉၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နေ (ဦးဘမှီ-ဒေါ်ဒေါ်ရှင်)တို့၏ သား၊ (ဦးကျော်-ဒေါ်တင့်)တို့၏ သားသမက်၊ (ဦးတင်-ဒေါ်လှလှ)၊ (ဦးခိုင်-ဒေါ်အေးစိန်)၊ (ဦးအုန်း-ဒေါ်တင်တင်)၊ (ဦးမြသန်း-ဒေါ်ခင်ခင်)တို့၏ ညီ/မောင်၊ (ဦးသိန်း-ဒေါ်စိန်ရီ)၊ ဒေါ်ညိုညို တို့၏ အစ်ကို၊ (ဒေါ်မြယဉ်၊ ဒေါ်ခင်နု)တို့၏ ခင်ပွန်း၊ ဒေါက်တာကံထွန်း-ဒေါက်တာခင်ဆွေလှဲ့၊ ဦးအောင်သန်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ဆွေဝင်း(ရုက္ခ-ငြိမ်း)၊ ဒေါ်မိမိဟန်၊ ဦးအောင်(ဓာတုအင်ဂျင်နီယာ)-ဒေါ်ကေသီဝင်း တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ ဒေါက်တာသက်သက်ထား၊ ဒေါက်တာသက်သက်လင်း၊ မိမွန်အောင်၊ ဝတ်ရည်အောင်၊ ဇေလတ်အောင်၊ ဟန်ဇော်အောင်၊ ဒေါက်တာဟန်ထွဋ်အောင်၊ အာကာအောင်တို့၏ အဘိုး၊ မြစ်ရှစ်ယောက်တို့၏ ဘိုးဘိုးကြီး သီတဂူဦးဟန်သည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်၌ သရဏဂုံတင်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## မဟာသဒ္ဓမ္မဇောတိကဓဇ သီတဂူ ဦးဟန် (ရွှေတောင်)

ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၏
ဂေါပကဥက္ကဋ္ဌကြီး

## အသက် (၉၅) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်နေ (ဦးဘမှီ-ဒေါ်ဒေါ်ရှင်)တို့၏ သား၊ (ဦးကျော်-ဒေါ်တင့်)တို့၏သားသမက်၊ (ဒေါ်မြယဉ်)၊ (ဒေါ်ခင်နု)တို့၏ ခင်ပွန်း၊ ဒေါက်တာကံထွန်း-ဒေါက်တာခင်ဆွေလှဲ့၊ ဦးအောင်သန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ဆွေဝင်း(ရုက္ခ-ငြိမ်း)၊ ဒေါ်မိမိဟန်၊ ဦးအောင် (တွဲဖက်အတွင်းရေးမှူး၊ ဓာတုအင်ဂျင်နီယာ)-ဒေါ်ကေသီဝင်းတို့၏ကျေးဇူးရှင်မွေးသဖခင် သီတဂူဦးဟန်သည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းတို့အား လိုက်ပါပို့ဆောင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့
မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်
ပန်းဘဲတန်းမြို့နယ်

---

ရွှေတောင်မြို့နယ်အသင်း (ရန်ကုန်)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့
သက်တော်ရှည်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌကြီး

## မဟာသဒ္ဓမ္မဇောတိကဓဇ သီတဂူ ဦးဟန်

B.A,B.L တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
(ရွှေတောင်မြို့)

## အသက် (၉၅) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နေ (ဦးဘမှီ-ဒေါ်ဒေါ်ရှင်) တို့၏သား၊ (ဦးကျော်-ဒေါ်တင့်)တို့၏သားသမက်၊ (ဒေါ်မြယဉ်၊ ဒေါ်ခင်နု) တို့၏ခင်ပွန်း၊ ဒေါက်တာကံထွန်း-ဒေါက်တာခင်ဆွေလှဲ့၊ ဦးအောင်သန်း-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်မိမိဟန်၊ ဦးအောင်-ဒေါ်ကေသီဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး သီတဂူဦးဟန်သည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်နိုင်ရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင် (ဆက်သွယ်ရေး)

## အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ ရောဝတီရေတပ်စခန်းဌာနချုပ်၊ ရောမြိုင်လမ်း၊ အမှတ်(၇) နေ (ဦးမောင်ချိန်-ဒေါ်အေးကြည်)တို့၏သား၊ ဒေါ်ခင်သိုက်၏ခင်ပွန်း၊ (ဦးမြင့်လွင်)၊ ဦးမျိုးလွင်-ဒေါ်ငွေရှင်၊ ဦးဝင်းမြင့်-(ဒေါ်ခင်နှင်းလွင်)၊ ဒေါ်အေးအေးဟန်၊ ဗိုလ်မှူးချုပ်ထိန်ဝင်း(တပ်မတော်-ရေ)-ဗိုလ်ကြီးဒေါ်သီတာလွင်(ငြိမ်း)၊ ဒေါ်စန္ဒာလွင်တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၅-၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၇)၊ ရောမြိုင်လမ်း၊ ရောဝတီရေတပ်စခန်းဌာနချုပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်တင့် (ကသာစာတိုက်၊ ငြိမ်း)

ယုဝတီကလောင်ရှင် သလ္လာခင်လေး

## အသက်(၈၅)နှစ်

အမှတ်(၃၉၀)၊ ရတနာပုံ(၅)လမ်း၊ ရတနာပုံအိမ်ရာ၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးကြည်တင်၏ ဇနီး၊ ဒေါ်လှဲ့လှဲ့ကြည်၊ ဦးခင်မောင်ထွန်း-ဒေါ်အေးအေးကြည်၊ ဦးအောင်မျိုး-ဒေါ်ခင်သန်းဝင်း၊ ဦးမျိုးသက်-ဒေါ်ငွေငွေဇံ၊ ဗိုလ်မှူးလှိုင်မိုးစန် (ငြိမ်း)-ဒေါ်ငွေငွေကြည်၊ ဦးစိုးသူ-ဒေါ်ကြည်ကြည်အေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၁-၂၀၁၉ ရက် နံနက် ၀၀း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

## ဒေါ်ရှု (၈၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/မြောက်)၊ အောင်ရတနာလမ်း၊ (၈၁/က)နေ (ဦးချွန်)၏ဇနီး၊ (ဦးဝင်းမောင်)၊ (ဦးအုံးခိုင်-ဒေါ်ကျင်လှိုင်)၊ ဦးမောင်ကြိုင်၊ (ဦးကြင်ထွေး)-ဒေါ်သိန်းသိန်းမြင့်၊ (ဒေါ်စန်းမြင့်)၊ ဦးယုကီတင်း-ဒေါ်စမ်းစမ်းအေး၊ ဦးဝင်းကျော်-ဒေါ်ချိုချိုဝင်း(စင်ကာပူ)၊ ဦးငွေဝင်း၊ ဦးသန်းဝင်း-ဒေါ်နီနီမာတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၈ ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘွားသည် ၄-၁-၂၀၁၉ (သောကြာနေ့) ည ၇ နာရီတွင် စင်ကာပူနိုင်ငံ Boon Lay ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ ရက်တွင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးကြည်ဟန်

ဒု-စာရင်းကိုင်ချုပ်(ငြိမ်း)၊
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ပြေ (၁၂)လမ်း၊ အမှတ် (၃၄)နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးမျိုးမြင့် (ရေစက်မိသားစု Co., Ltd)-ဒေါ်သီသီဟန်(KBZ Bank)၊ ဒေါ်ယဉ်ယဉ်ဟန်၊ ဦးသိန်းထွဋ်-ဒေါ်မြတ်မြတ်နွယ် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ (ဦးတင်စိုးနိုင်)-ဒေါ်မိုးမိုးစံ (SPA/FMI Co., Ltd)တို့၏ဖခင်၊ မအေးဖြူဖြူမြင့်၊ မောင်အောင်မျိုးဆန်း၊ မောင်လင်းထွဋ်အောင်တို့၏အဘိုးသည် ၄-၁-၂၀၁၉ (သောကြာနေ့) ည ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းနွဲ့

ဆည်မြောင်းဌာန၊သက်ကြီးကန်တော့ခံ

## အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၄၄)၊ ထူပါရုံ (၅)လမ်း အရှေ့နေ (ဦးမှိန်-ဒေါ်မြသိန်း)တို့၏သမီးကြီး၊ ဦးတိုးမြင့်(လဝက-ငြိမ်း၊ စာရေးဆရာ ဦးတိုးတက္ကသီလာ)၏ဇနီး၊ ဒေါ်ခင်တိုးမြင့်ခိုင်(လဝက-ငြိမ်း)၊ (ဦးတိုးမြင့်ငြိမ်း)-ဒေါ်အေးစန္ဒာကြွယ်၊ ဦးတိုးမြင့်ဇော် (SECOND OFFICER LIZSTAR CO.,LTD)-ဒေါ်စုစုမော်၊ ဗိုလ်မှူးကြီးတိုးမြင့်ကျော်-ဒေါက်တာဝင်းပပအောင်တို့၏မွေးသမိခင်၊ မောင်ငြိမ်းချမ်းပြည့်၊ မောင်မျိုးသုတဇော်၊ မောင်ငြိမ်းချမ်းဖြိုး၊ မောင်အောင်ကောင်းမြတ်၊ မောင်လင်းမြတ်အောင်တို့၏အဘွားသည် ၄-၁-၂၀၁၉ (သောကြာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ပဓာနနာယကဆရာကြီး

## ဒေါ်ပညာစာရီ

(သဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ)

## သိက္ခာတော် (၆၂) ဝါ၊ သက်တော်(၇၁) နှစ်

ပြင်ဦးလွင်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်၊ သီပေါမြို့၊ ရွှေမောင်းသီလရှင်စာသင်တိုက်၊ တန့်ယန်းမြို့၊ ရွှေမောင်းသီလရှင်ပရဟိတကျောင်းတို့တွင် သီတင်းသုံးတော်မူသော ဆရာကြီးဒေါ်ပညာစာရီသည် (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်) ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရန်ကုန်မြို့မှ ပြင်ဦးလွင်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်သို့ နေ့ချင်းပင့်ဆောင်သွားခဲ့ပြီး သီလရှင်ဆရာကြီး၏ ရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်) ၇-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့၊ (၈)မိုင်၊ ထုံးဘိုသုသာန်၌ ဈာပနကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

---

## ဒေါ်တင်တင် (၉၁)နှစ်

(BPI-အငြိမ်းစား၊ အင်းစိန်) (နတ်တလင်းမြို့နယ်အသင်း)

အင်းစိန်မြို့၊ ခရိုင်ရဲဝန် (ဦးအုန်းသွင်-ဒေါ်လှ)တို့၏သမီး၊ (ဗိုလ်မှူးညွန့်သိန်း-ဒေါ်ခင်အုန်းသွင်) တို့၏ညီမ၊ (ဦးမောင်ကို)၏ဇနီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၂)လမ်း၊ အမှတ်(၇၁၁)နေ ဦးဥက္ကာ-ဒေါ်ကြူကြူသွင်တို့၏ မွေးသမိခင်၊ ဦးဝဏ္ဏထွန်း-ဒေါ်နှင်းဝတ်ရည်ကျော်၊ ဗိုလ်ကြီးမင်းသိမ်း-ဒေါ်နန်းစပယ်ထွေးတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး ဒေါ်တင်တင်သည် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၂)လမ်း၊ အမှတ်(၇၁၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

## ဒေါ်ငွေငွေဝင်း (ခရမ်း)

## အသက် (၇၀)

ခရမ်းမြို့၊ စနေလမ်းနေ ဦးအောင်ညွန့်-ဒေါ်သိန်းဟန်တို့၏ သမီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာ(၂)လမ်း၊ အမှတ်(၂၆၇/၇) နေ ဗိုလ်မှူးမောင်ကြည်(ငြိမ်း)၏ဇနီး၊ ဦးကောင်းစံလင်း-ဒေါ်ဆွေဇင်ဦးကြည်၊ ဦးအောင်ခိုင်ထွေး-ဒေါ်အေးမိုးမိုးကြည်တို့၏ကျေးဇူးရှင်မိခင်၊ မောင်သုတလင်း၊ မောင်ကောင်းခန့်၊ မသီရိသံစဉ်တို့၏အဘွားသည် ၄-၁-၂၀၁၉ (သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးရဲမြင့်

## အသက် (၆၉) နှစ်

(ထားဝယ်မြို့)

ထားဝယ်မြို့၊ ကညံ့ရပ်၊ စာတိုက်လမ်း၊ အမှတ်(၃၈၆)နေ (ဦးစိန်ကျင်-ဒေါ်ပိုအေး)တို့၏သား၊ (ဒေါ်တင်ဝေ)၏ခင်ပွန်း၊ ဦးမြင့်သိန်း-ဒေါ်ခင်ဖြူတို့၏ အစ်ကို၊ ဦးကိုကိုဦး-ဒေါ်ယဉ်ယဉ်မွန်(အထက-၂၊ လမ်းမတော်၊ရန်ကုန်)၊ ဒေါ်သင်းသင်းမွန်၊ ဦးရဲလင်းထွန်း၊ ဒေါ်ဥမ္မာလတ်တို့၏ မွေးသဖခင်၊ မသက်ထားစံ၊ မောင်ကောင်းမြတ်မွန်၊ မအိမ်ဂျယ်မိုးတို့၏အဘိုးသည် ၅-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းနွဲ့

## အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၄၄)၊ ထူပါရုံ(၅)လမ်း၊ (အရှေ့)၊ (၁)ရပ်ကွက်နေ (ဦးမှိန်-ဒေါ်မြသိန်း) တို့၏သမီးကြီး၊ ဦးတိုးမြင့်(ဦးစီးအရာရှိ၊ လဝက-ငြိမ်း၊ စာရေးဆရာ ဦးတိုးတက္ကသီလာ)၏ဇနီး၊ ဦးအေးသန်း(ဆည်မြောင်း-ငြိမ်း)-ဒေါ်ခင်စန်းယု၊ ဦးမြင့်ဆွေ-(ဒေါ်ကြွေရည်)၊ ဦးအောင်သွင်-ဒေါ်ခင်ပြုံးအေး၊ ဦးအောင်ကျော်ငြိမ်း (တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်ခင်ထားဝေ၊ ဦးမြတ်ထွန်း-ဒေါ်ခင်သန့်ဇင်၊ ဦးကျော်မင်း-ဒေါ်လှလှငွေ(ပါရဂူဆေးရုံ)၊ (ဦးစံသောင်း)-ဒေါ်နီနီမာ (ဆည်မြောင်း-ငြိမ်း)၊ ဦးကျော်အေး-ဒေါ်ခင်မေသွဲ့(ဆည်မြောင်း-ငြိမ်း)၊ ဦးမျိုးမြင့်အောင်-ဒေါ်စုစုငယ်(ဆည်မြောင်း-ငြိမ်း)တို့၏ချစ်လှစွာသော အစ်မသည် ၄-၁-၂၀၁၉ (သောကြာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဂါ့အောလစ်စပါဂျင် (နမ္မတူ)

## OLIVE SPURGEON

## အသက် (၈၉) နှစ်

နမ္မတူမြို့၊ အမှတ်(၆၃)၊ ပန်ဟိုက် (၄)ရပ်ကွက်နေ (REV.စပါဂျင်-ဒေါ်အေးဇီ)တို့၏သမီး၊ (ဦးဝမ်ဖုတ်-ဒေါ်ကျင်ရွှေ)တို့၏သမီးချွေးမ၊ (ဦးလှစပါဂျင်-ဒေါ်သန်း(ငြိမ်း))တို့၏ ညီမ၊ ဒေါ်ဘက်တီစပါဂျင်၏အစ်မ၊ Rose လှိုင်လှိုင်ဝင်း-စိုင်းနော်ဖ၊ (Robin ဝင်းနိုင်)-ဂါ့လင်းဒါ၊ (Aronအောင်နိုင်)-ဒေါ်ကြည်ကြည်ဝင်း၊ Emily နှင်းနှင်းအေး-ဦးဝင်းဇော်၊ (Amos ချစ်နိုင်)-ဒေါ်ဆိုင်းခေါန်၊ John သက်နိုင်-ဆရာမအေးအေးတင့်၊ Ricky စိုးနိုင်-နော်ကက်သရင်းစိန်၊ ဒေါ်စေးစေးဖော-S Tyrone၊ ဦးမောင်မောင်နိုင်၊ ဒေါ်မေမေလွင်-ဦးဟောင်ဒေါင်းတို့၏မိခင်၊ မြေး ၂၁ ယောက်၊ မြစ် ၁၁ ယောက်တို့၏ဘွားဘွားကြီး၊ (ဦးယူဖီမောင်မောင်)၏ချစ်လှစွာသောဇနီး ဂါ့ Olive စပါဂျင်သည် ၅-၁-၂၀၁၉ ရက် မွန်းလွဲ ၂း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် နောက်ဆုံးပြုအပ်သော ဈာပနဝတ်ကို ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ထိန်ပင်သုသာန်ခန်းမ၌ ဆုတောင်းဝတ်ပြုပြီး မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တတေဇနိယ

## သိက္ခာတော်(၇၆)ဝါ၊ သက်တော်(၉၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ကျွန်းတောကျောင်းတိုက်ကြီး၏ ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တတေဇနိယ အရှင်သူမြတ်ကြီးသည် (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော်၊ ၁၂ ရက်)၊ ၃-၁-၂၀၁၉ (ကြာသပတေးနေ့) ည ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်)၊ ၇-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျောင်းတိုက်၌ သာခုကီဠနဈာပနပူဇာသဘင် ဆင်ယင်ကျင်းပပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
ကျွန်းတောကျောင်းတိုက်

---

## ဦးသောင်းရှိန် (ချောက်မြို့)

အလုပ်သမားဝန်ကြီးဌာန-ငြိမ်း

## အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၂၅)၊ အခန်း(၂၁)နေ (ဦးလှ-ဒေါ်သန်း)တို့၏သား၊ ဒေါ်ဝင်းမြ၏ခင်ပွန်း၊ ဦးသောင်းထိန်-ဒေါ်မော်မော်၊ ဦးကျော်မျိုးဝင်း-ဒေါ်မြင့်မြင့်ကြည်၊ (ဦးဇော်ဝင်း)-ဒေါ်ထားထားတင်တို့၏ အစ်ကိုကြီး၊ (ဦးဝဏ္ဏဝင်းရှိန်)၊ ဦးသီဟဝင်းရှိန်-ဒေါ်တင့်တင့်ခိုင်၊ ဒေါ်ဖြူဖြူဝင်းရှိန် (လေကြောင်းဦးစီးဌာန)၊ ဒေါ်မူမူဝင်းရှိန် (ရေကြောင်းကောလိပ်)၊ ဦးအာယုဝင်းရှိန်တို့၏ဖခင် ဦးသောင်းရှိန်သည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးဇော်ဝင်း

## အသက် (၇၄) နှစ်

ရန်ကုန်မြို့နေ (ဦးလှမြင့်-ဒေါ်သန်းဆွေ)တို့၏သားကြီး၊ တာချီလိတ်မြို့နေ (ဦးစိန်ဝင်းကြည်-ဒေါ်လှိုင်ကင်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၄၉)၊ ပထမထပ်နေ ဒေါ်မြင့်မြင့်ဝင်း (ခ) ဒေါ်ချိန်မေဟွာ၏ခင်ပွန်း၊ ဒေါ်အေးပပဝင်း-ဦးမြတ်ဇော်မင်း၊ ဦးဗိုလ်ကျော်ကျော်သိန်းဝင်း-ဒေါ်စန္ဒာလွင်၊ ဒေါ်အေးကြည်စမ်း-ဦးအောင်ညီညီတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ကောင်းစည်သူ၊ မောင်ကောင်းစည်သာ၊ မောင်မြတ်သူကို၊ မောင်ဘုန်းမြတ်သူ၊ မောင်လင်းမြတ်မင်းတို့၏ချစ်လှစွာသောအဘိုးသည် ၄-၁-၂၀၁၉ ရက် ည ၉း၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိုးမင်း (ကျောက်တံခါး)

## အသက် (၆၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ဦးဘိုကြီး)-ဒေါ်သန်းသန်း(အောင်ချမ်းသာဆေးဆိုင်) တို့၏သား၊ ဦးဘုန်းမြင့်-ဒေါ်စန်းစန်းမြင့်၊ (ဦးတိုးဝင်း)-ဒေါ်လှသန်း၊ ဦးစိုးဝင်း-ဒေါ်ခင်သစ်၊ ဦးနိုင်ဝင်း-ဒေါ်အေးအေးသန်းတို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်၊ မြေးခြောက်ယောက်တို့၏ဘကြီး ဦးစိုးမင်းသည် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျွန်းကုန်းတောရကျောင်းဝေနေယျသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှဝေ

## အသက် (၆၆) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ (ဦးမောင်လှိုင်-ဒေါ်အေးမြ)တို့၏ သမီးကြီး၊ မှော်စက်ရပ်ကွက်နေ (ဦးလှရွှေ-ဒေါ်လှ)တို့၏သမီးချွေးမ၊ ဦးလှသိန်း-(ဒေါ်သီတာ)၊ ဦးလှမြင့်-ဒေါ်လှလှခင်တို့၏ ညီမ၊ ဦးသန်းထွေး-ဒေါ်စန်းစန်းဝေ၊ ဦးဝင်းထိန်-(ဒေါ်ခင်မာဝေ)၊ ဦးအောင်မြင့်-ဒေါ်နီနီဝေ၊ ဦးထွန်းထွန်းဝေ၊ ဦးမျိုးမြင့်-ဒေါ်ယုကို၊ ဒေါ်ညိုညိုလှိုင်၊ ဒေါ်ခင်မိုးမိုးလှိုင်တို့၏အစ်မ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၄)၊ ပထမထပ်နေ ဦးကျော်ရင်၏ဇနီး၊ မထက်ဝေဝေကျော်၊ မဇင်သူဇာကျော်တို့၏ချစ်လှစွာသောမိခင်၊ တူ/တူမ ၁၇ ယောက်တို့၏ အဒေါ် ဒေါ်လှလှဝေသည် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိုက်မျိုးဝင်း (ခ) ကိုသိုက်

## အသက် (၄၆) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ မြသီတာလမ်း၊ အမှတ်(၁၀)နေ ဦးခင်ဇော်ဝင်း-ဒေါ်ခင်မျိုးမြင့်တို့၏သားကြီး၊ ကိုထိုက်လင်းဝင်း-မအိအိမွန်၊ ကိုကျော်ဇင်မြင့်-မထားယုဝင်းတို့၏အစ်ကိုကြီး၊ မသံသာနှင်းအိဖြူ(ရန်ကင်းပညာရေးလေ့ကျင့်ရေးကျောင်း၊ ဒုတိယတန်း-ဂ)၏ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်နှင်းမာလာဖြူ (Nielsen MMRD)၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၁-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယဝန်ကြီး ဦးခင်မောင်တင် ဦးစီးအဖွဲ့ မောင်တောဒေသသို့ သွားရောက်မည်

**နေပြည်တော် ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်းလေးခု တိုက်ခိုက်ခံရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် ဦးစီးသည့်အဖွဲ့သည် ဘူးသီးတောင်၊ မောင်တောသို့ ဇန်နဝါရီ ၆ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ပြုလုပ်မည်**

အဆိုပါအဖွဲ့တွင် အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်း၊ ဦးမျိုးမြင့်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ လိုက်ပါသွားမည်ဖြစ်ပြီး ဖြစ်စဉ်ဖြစ်ပွားသောနေရာများသို့ သွားရောက်စစ်ဆေးကာ လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ယင်းအဖွဲ့နှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာ ၁၅ ဦး ပါဝင်သောအဖွဲ့တို့လည်း လိုက်ပါသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

၅-၁-၂၀၁၉

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | -၁ | ဒီဂရီစင်တီဂရိတ် | သီပေါ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၂ | ဒီဂရီစင်တီဂရိတ် | နမ့်စန် | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၂ | ဒီဂရီစင်တီဂရိတ် | ပင်လောင်း | ၄ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၃ | ဒီဂရီစင်တီဂရိတ် | တီးတိန် | ၄ | ဒီဂရီစင်တီဂရိတ် |



၂၀၁၈ ချာရတီဖလားပြိုင်ပွဲတွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း တွေ့ဆုံခဲ့စဉ်။

# ရန်ကုန်နှင့် ရှမ်းယူနိုက်တက် အားပြိုင်မည့် MFF ချာရတီဖလားပြိုင်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၅**

ဘောလုံးရာသီသစ်မစတင်မီ ကျင်းပလေ့ရှိသည့် ရာသီကြို ချာရတီဖလားပြိုင်ပွဲကို ကျင်းပတော့မည်ဖြစ်ပြီး MNL ထိပ်သီးအသင်းနှစ်သင်းဖြစ်သည့် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ အားပြိုင်မှုကို တွေ့မြင်ရတော့မည်ဖြစ်သည်။ ၂၀၁၉ ရာသီကြို MFF ချာရတီဖလားပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ၂၀၁၈ ရာသီ အမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်းနှင့် အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၂ ရာသီမှစ၍ အမှတ်ပေးချန်ပီယံအသင်းနှင့် ရှုံးထွက်ချန်ပီယံအသင်းတို့အား ရာသီကြိုချာရတီဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားစေခဲ့ပြီး ယခုအကြိမ်မှာ ရှစ်ကြိမ်မြောက် ကျင်းပမည့်ပြိုင်ပွဲလည်းဖြစ်သည်။ ကျင်းပပြီးစီးသွားသည့် ချာရတီဖလားပြိုင်ပွဲ ခုနစ်ကြိမ်တွင် ရန်ကုန်အသင်းက သုံးကြိမ်၊ ရှေဝတီအသင်းက နှစ်ကြိမ်၊ ရှမ်းယူနိုက်တက်နှင့် မကွေးအသင်းက တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းသည် နှစ်ကြိမ်ဆက်တိုက် တွေ့ဆုံခြင်းဖြစ်သည်။ ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းသည်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

# မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့ အမြင့်ပေ ၇၇၅၂ ပေရှိ အရှေ့မြင်အနောက်မြင်တောင်သို့ အောင်မြင်စွာတက်ရောက်



**ရှားငံ ဇန်နဝါရီ ၅**

မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့မှ အဖွဲ့ဝင် ၁၃၈ ဦးသည် ရှားငံမြို့နယ် လုပ်ပြင်ကျေးရွာအနီးတွင်တည်ရှိပြီး အမြင့်ပေ ၇၇၅၂ ပေမြင့်သည့် အရှေ့မြင်အနောက်မြင်တောင်ပေါ်သို့ ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီက အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

"အရှေ့မြင်အနောက်မြင်တောင်ကိုတက်ဖို့ မနေ့ကညပိုင်းမှာ တောင်ခြေက လုပ်ပြင်ကျေးရွာမှာ မိတ္ထီလာခြေလျင်တောင်တက်အဖွဲ့ဝင်အားလုံး ညအိပ်ကြပါတယ်။ မနက် ၅ နာရီက စတင်ပြီးတော့ အမျိုးသမီး ၈၈ ဦး၊ အမျိုးသား ၅၀ ပါဝင်တဲ့ ကျွန်တော်တို့တောင်တက်အဖွဲ့သားတွေ တောင်တက်ခရီးကို စတင်ထွက်ခွာပါတယ်။ တောင်ထိပ်ပေါ်အထိကို မနက် ၁၁ နာရီမှာ အောင်အောင်မြင်မြင်နဲ့ တက်ရောက်နိုင်ခဲ့ပါတယ်"ဟု မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့ဥက္ကဋ္ဌ ကိုဝင်းမျိုးသက်က ပြောသည်။

မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့၏ ၂၀၁၈ တောင်တက်ရာသီတွင် တောင်တက်ခရီးစဉ် ရှစ်ခုအနက် ခြောက်ခုမြောက်တောင်အဖြစ် အရှေ့မြင်အနာက်မြင်တောင်ကို တက်ရောက်ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ဒုတိယပတ်တွင် မဲနယ်တောင်နှင့် မတ်ဒုတိယပတ်တွင် ဖုန်ကန်ရာဇီရေခဲတောင်များကို တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

၈

ဇန်နဝါရီ ၆၊ ၂၀၁၉ (တနင်္ဂနွေနေ့)




## မနောမြေ မနောအက မနောအလှ အထင်ကရ သဘာဝများနှင့် ကချင်တိုင်းရင်းသားတို့ဌာနေသို့ အလည်တစ်ခေါက်

စိုင်းဇော်လတ်(လင်းခေး)

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တန်ဖဲ့ရွာအနီး မေခ မလိခပေါင်းဆုံရာ မြစ်ဆုံဧရာဝတီက ထာဝရသာယာလှပ လျက်ရှိနေသည်။ စာရေးသူ ပြန်မရောက်ဖြစ်သော ဇာတိ ကချင်မြေ၏ ဒီဇင်ဘာလအအေးဓာတ်က မြစ်ကြီးနားမြို့ နှင့် ပတ်ဝန်းကျင်တစ်ခုလုံးအား လွှမ်းခြုံသိုင်းကာထားနေ သလားဟုလည်း ခံစားမိသည်။ စာရေးသူတို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင်သာမက ကမ္ဘာအရပ်ရပ်ရှိ ခရစ်ယာန်ဘာသာ ယုံကြည်ကိုးကွယ်သူလူသားအားလုံး တို့က ဤအချိန်ခါသမယကာလ၌ (Jesus Christ) သခင် ယေရှုဖွားမြင်တော်မူခြင်းကို ကြိုဆိုနှုတ်ဆက်ကြသည့် အထိမ်းအမှတ် ခရစ္စမတ်ပွဲတော်ကို စုပေါင်းကျင်းပကြ သည့် အချိန်အခါလည်းဖြစ်ကြောင်း ဒီဇင်ဘာလ၏ အအေးဓာတ်က ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ မြေပြန့်တောင်တန်းဒေသအသီးသီးတို့၌ ရေတွက်မရနိုင်လောက်အောင် အထင်ကရနေရာများ ထာဝရလှပစွာ တည်ရှိလျက်ရှိကြရာတွင် ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားမြို့သည်လည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအတွက် အပန်းဖြေအနားယူချင်စရာ နေရာဒေသတစ်ခုဟု ဆိုရပေမည်။ မြစ်ကြီးနားမြို့ ဒေသ တစ်ဝန်းလုံး ကချင်အိုးစည်၊ ပလွေမှုတ်သံ၊ သာယာ နာပျော်ဖွယ် မနောမြေသဘာဝအလှ တေးသီချင်းသံများက ခရစ္စမတ်ချိန်ခါသမယအား ပိုမိုထင်ဟပ်ပေါ်လွင်နေစေ ပါသည်။

အထူးသဖြင့် ကချင်တိုင်းရင်းသားတို့၏ ရှေးကာလ အစဉ်အဆက်မှပေါ်ထွန်းလာခဲ့သော ကချင်ရိုးရာမနောပွဲ ( JingHpaw MaNau poi) ကျင်းပလျက် ၎င်းတို့၏ ရိုးရာဓလေ့ကို ဆင်ယင်ကျင်းပကြခြင်းက ကချင် တိုင်းရင်းသားလူမျိုးတို့၏ စည်းလုံးညီညွတ်ခြင်း၊ ရိုးရာ ယဉ်ကျေးမှုဖြစ်သော ဘိုးဘွားအမွေအနှစ်ကို ထိန်းသိမ်း စောင့်ရှောက်ကြသည့် အကပင်ဖြစ်ပါကြောင်း မနောပွဲ၌ ပါဝင်ခဲ့ကြသူများက ဆိုသည်။

ရှေးအခါက ကောက်ဦးစားပွဲ(ကောက်သစ်စားပွဲ) များ ကျင်းပရာတွင်လည်း အခါအားလျော်စွာ ကချင်ရိုးရာမနောအကကို စုပေါင်းကပြလေ့ရှိခဲ့ကြောင်း သက်ကြီးသူအချို့ထံမှ သိရသည်။ ခေတ်စနစ် ပြောင်းလဲလာမှုနောက်ပိုင်း အထူးကဏ္ဍ [ခ] သို့ »»

## ရခိုင်ဌာနေတိုင်းရင်းသား သက္ကမ(ဒိုင်းနက်)လူမျိုးတို့၏ အမျိုးသားနေ့




မောင်မောင်ကျော့ (ပလက်ဝ)

ရခိုင်ဒေသမှ သက္ကမ(ဒိုင်းနက်) လူမျိုးတို့သည်လည်း လူသားတို့၏ လူ့အခွင့်အရေးကို တန်းတူညီမျှခံစားနေသည့် လူမျိုးတစ်မျိုးဖြစ်လေရာ မိမိလူမျိုးတို့၏ အမျိုးသားရေးစရိုက် လက္ခဏာနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့အား အနာဂတ်တွင် ဖွံ့ဖြိုးမှုပိုပြင်စွာ အကောင်အထည်ဖော် စေနိုင်မည့် အမျိုးသားနေ့ကို ယခုအခါ သတ်မှတ်ကျင်းပလာခဲ့ကြကြောင်း တွေ့ရပေမည်။ နှစ်စဉ် ဇန်နဝါရီ ၇ ရက်တွင် ကျင်းပလျက်ရှိကြောင်း တွေ့ရ၏။

### အတိတ်သမိုင်းပြန်ပြောင်းကြည့်လျှင်

သက္ကမ(ဒိုင်းနက်)အမျိုးသားနေ့သည် အေဒီ-၁၃၃၃ ခုနှစ်တွင် အရှေ့သက်တို့ ရခိုင်ဘုရင် မင်းထီးပိုင်နက်ဖြစ်သော တောင်စဉ်ကျေးရွာများကို ထိပါးလာသဖြင့် အရှေ့သက်တို့ကို အုပ်ချုပ် သော သက်မင်းရှင်စောအုပ်စိုးရာ သရက်မြို့ကို ဘုရင်မင်းထီးက တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုစဉ် အရှေ့သက်အိမ်ထောင်စု တစ်သောင်းခေါ်ယူခဲ့၍ အမ်းချောင်း၊ ရှူးချောင်းများတွင် ရပ်ရွာတည်ထောင်ချထားလေ၏။ ယင်းအရှေ့သက်များကို ဘုရင်မင်းထီးက ဒိုင်းနက်ငွေခွန် ဖွဲ့စည်း၍ ဒိုင်းခွန်ငွေများ စည်းကြပ်ကောက်ခံစေခဲ့သည်။

ဤသို့ ဒိုင်းခွန်စည်းကြပ်ကောက်ခံရာမှ ဒိုင်းအတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက် လာခဲ့ရမှုကို အကြောင်းပြု၍ ဒိုင်းတတ်မှ ဒိုင်းနက်ဟုခေါ်တွင်ခံခဲ့ရမှုမှသည် နောင်တွင် ဒိုင်းနက်သူရဲတပ်ဖွဲ့တစ်ခုအသွင်အထိ ဖွဲ့စည်းခံခဲ့ရသည်။ ဤအချက်ကို မင်းဘာဘုရင်ကြီး၏ တပ်မတော်မှာ လက်ဝဲသင်းကိုယ်ရံတော် သုံးသောင်း၊ အထူးကဏ္ဍ [ဂ] သို့ »»

အထူးကဏ္ဍ [ က ] မှ »»



ကချင်ပြည်နယ်နေ့ (ဇန်နဝါရီလ ၁၀ရက်) ရောက်တိုင်း မြစ်ကြီးနားမြို့ရှိ စီတာပူ မနောကွင်းကြီးတွင် (Jing Hpaw MaNau poi) ကချင်မနောပွဲတော်ကို ၂၀၁၂ ခုနှစ်အထိ နှစ်နှစ်၊ သုံးနှစ်လျှင် တစ်ကြိမ်ကျင်းပဖြစ်ခဲ့ကြကြောင်း၊ အခြေအနေအရပ်ရပ်ကြောင့် ၎င်းပွဲတော်ကျင်းပနိုင်ခြင်းမရှိခဲ့တော့သည်မှာ ခုနစ်နှစ်ခန့်ကြာမြင့်လာခဲ့ပြီဖြစ်ပါကြောင်း မြစ်ကြီးနားဒေသခံ ကချင်တိုင်းရင်းသား တစ်ဦးက ပြောသည်။

စာရေးသူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ အလည်တစ်ခေါက် ပြန်လည်ရောက်ရှိနေချိန်၌ မြစ်ကြီးနားမြို့ ဒူကထောင်ဘုရားရှိခိုးကျောင်း နှစ် ၅၀ပြည့် ရွှေရတုသဘင်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ စီတာပူဘုရားရှိခိုးကျောင်းတည် နှစ် ၅၀ပြည့် ရွှေရတုပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ခရစ္စမတ်ပွဲတော်တို့ကို ပူးတွဲဆင်ယင်ကျင်းပခဲ့ကြရာတွင် ကချင်တိုင်းရင်းသားရိုးရာ မနောအကပွဲအား ထည့်သွင်း ကျင်းပခဲ့ကြသည်ကို လေ့လာကြုံတွေ့ခဲ့ရသည်။

ဂျိန်းဖော့၊ လော်ဝေါ်၊ လချိတ်၊ လီဆူ၊ ရဝမ်နှင့် ဆိုင်ဝါး(အဇီး)အိန္ဒိယ၊ တရုတ်နှင့် ကချင်ပြည်နယ်အတွင်းရှိ ရပ်နီးရပ်ဝေး အနယ်နယ်အရပ်ရပ်မှ ကချင်တိုင်းရင်းသား လူမျိုးစု ခြောက်မျိုး အနွယ်ဝင်တို့က လာရောက် ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။

အဆိုပါပွဲတော်အား ဒီဇင်ဘာ ၂၂ရက်မှ ၂၈ရက်အထိ ကချင်တိုင်းရင်းသားလူမျိုးများ သာမက မြစ်ကြီးနားဒေသအတွင်းရှိ အများပြည်သူအချို့ကလည်း စုပေါင်းပါဝင်ခဲ့ကြသဖြင့် ကချင်ပြည်နယ်၏ ရောင်စုံပန်းများ ပွင့်လန်းနေမှုအား မြင်တွေ့ရသကဲ့သို့ပင် မြင်ရသူတိုင်းအား ပျော်ရွှင်ကြည်နူးစေသည်။



မေခမလိခမြစ်နှစ်သွယ် ပေါင်းဆုံရာ မြစ်ဆုံအလှသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ အထင်ကရနေရာများစွာအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မြစ်ကြီးနားမြို့နှင့် ၂၉ မိုင်ခန့်အကွာ တန်ဖဲရွာအနီး၌ တည်ရှိသည်။ ၎င်းရွာမှ မြစ်ဆုံအပန်းဖြေစခန်း တည်နေရာသို့ တစ်မိုင်ခရီးနှင်ရသည်။

မြစ်ဆုံလွင်ပြင်သို့ ရောက်ရှိသော် တစ်လုံးချင်းစီ ပြန့်ကျဲနေသည်ဟု ထင်ရသော မြစ်ဆုံကျောက်ခဲလုံးများက အသေးအကြီး အလုံးဝိုင်းဝိုင်းသဏ္ဌာန်တို့ဖြင့် သဘာဝအလျောက် အစီအရီမြင်တွေ့နိုင်သည်။

တန်ဖဲရွာနှင့်အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူတို့က ကချင်ရိုးရာအစားအစာ အရောင်းဆိုင်၊ ကချင်ဝတ်စုံ၊ လော်ဝေါ်၊ လီဆူ တိုင်းရင်းသားလူမျိုးဝတ်စုံ အငှားဆိုင်များ ဖွင့်လှစ်ထားရှိသည်ကို မြင်တွေ့ရသည်။ ကချင်ထမင်းဟင်းလျာများ၊ မြစ်ဆုံငါးကင်၊ ခေါင်ရည်ချိုမြမြနှင့် အရသာရှိရှိချက်ပြုတ်ထားသည့် အခြားကချင်ရိုးရာအစားအစာများကို လာရောက် အပန်းဖြေသူတို့ ဝယ်ယူစားသုံးနိုင်သည်။

မေခမလိခမြစ်ဆုံ ဧရာဝတီရှုခင်းအလှ နောက်ခံပြု၍ ကချင်၊ လီဆူဝတ်စုံများ ငှားရမ်း၍ အလှဓာတ်ပုံများ အမှတ်တရ ရိုက်ကူးနိုင်ကြသည်။ ၎င်းမြစ်နှစ်သွယ် လမ်းကြောင်း နှစ်ကြောင်းအတိုင်းသော်လည်းကောင်း၊ ပေါင်းဆုံပြီးမြစ်ကြောအတိုင်းသော်လည်းကောင်း အပျော်စီးစက်လှေငှားကာ မြစ်ကြောအတွင်း လည်ပတ်ကြည့်ရှုနိုင်သည်။

စက်လှေစီးခ လူတစ်ဦးလျှင် ငွေကျပ်နှစ်ထောင် အော်ဒါငှားလျှင် ငွေကျပ် တစ်သောင်းဖြင့် သုံးမြောင့်သဏ္ဌာန်မြစ်ဆုံ ဧရိယာအတွင်း လည်ပတ်ကြည့်ရှုနိုင်သည်။ မြစ်ကြောအတွင်းလှည့်လည်ကြည့်ရှုခြင်း မပြုလိုပါက တစ်ဖက်ကမ်းကူး၍ အပန်းဖြေအနားယူခြင်းဖြင့် မြစ်ဆုံအလှအား ခံစားနိုင်ပေသည်။ ပွင့်လင်းရာသီကာလသို့ရောက်လျှင် ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များနှင့် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေ လေ့လာကြသောကြောင့် မြစ်ဆုံအပန်းဖြေစခန်း၌ စည်ကားသာယာမြဲဖြစ်သည်။

၎င်းအပြင် တန်ဖဲရွာနှင့်အနီးပတ်ဝန်းကျင်ရှိ ရွာသူရွာသားများအတွက် စီးပွားရေးအခွင့်အလမ်းများ အသင့်အတင့်ရရှိစေပါကြောင်း မြစ်ဆုံအပန်းဖြေစခန်းရှိ ဈေးရောင်းလုပ်ငန်းလုပ်ကိုင်လျက်ရှိသူတို့ထံမှ သိရသည်။

ထို့အပြင် ကချင်ပြည်နယ် မြစ်ကြီးနားဒေသအတွင်း လည်ပတ်လေ့လာစရာနေရာများအနက် စီတာပူ၊ မန်ခရိန်၊ ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ မြစ်ကြီးနားမြို့တွင်း ဆုတောင်းပြည့်စေတီ၊ ဝန်းသိုကျောင်းတိုက် ဆရာတော်ကိုယ်တိုင်(သက်ရှိထင်ရှားရှိခဲ့စဉ်က)အမျှုးပြုတည်ထားကိုးကွယ်တော်မူခဲ့သော ဆင်ရံစေတီတော်မြတ်၊ အောင်မြေသာ ကျိန်ခရန်ခချောင်း အပန်းဖြေစခန်း၊ စီတာပူ မနောကွင်း၊ မြစ်ကြီးနားမြို့ တစ်ဖက်ကမ်း ဝိုင်းမော်မြို့ ခတ်ချို့ရွာ ကချင်ပြည်နယ်ဝါရှောင်ဆည်(ငွေရွှတ်ချောင်းအပန်းဖြေစခန်း)နှင့် ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁၅ရက်က ဖွင့်လှစ်နိုင်ခဲ့သော ကချင်တိုင်းရင်းသားလူမျိုးတို့၏ ကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင် အောင်လအန်ဆန်၏(ကြေးရုပ်) တည်ရှိရာနေရာများသို့လည်း တစ်ခါတစ်ခေါက်ဖြင့် လာရောက်လည်ပတ်လေ့လာနိုင်ကြောင်းနှင့် ကချင်တိုင်းရင်းသားတို့၌သနေ မနောမြေ၊ မနောအက မနောအလှ အထင်ကရသဘာဝနေရာများသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ခရစ္စမတ်ပွဲတော်ကာလအတွင်း စာရေးသူ မြစ်ကြီးနားမြို့သို့ အလည်တစ်ခေါက်ရောက်ခဲ့စဉ်က တစေ့တစောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

❐



## ဒေသအစားအစာ ခေါက်ချပ်လုပ်ငန်း တစ်ပိုင်တစ်နိုင်လုပ်ကိုင် ရောင်းချသူများအဆင်ပြေ

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့နယ်၌ ဒေသအစားအစာဖြစ်သော ခေါက်ချပ်လုပ်ငန်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်ရောင်းချသူများ မိသားစုဝင်ငွေ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ခေါက်ချပ်ကို ရိုးရိုး၊ နှမ်း၊ ပုစွန်နှင့် နံနံပင်ခေါက်ချပ်ဆိုပြီး လေးမျိုးပြုလုပ်ရာမှာ ပုစွန်နှင့် နံနံပင်ခေါက်ချပ်ကိုတော့ အထူးမှာယူသူရှိမှလုပ်ဖြစ်ပြီး မိုးနဲမြို့မှာ ခေါက်ချပ်လုပ်ကိုင်ရောင်းချသူ ရှစ်ဦးလောက်ရှိတယ်လို့ ခေါက်ချပ်ရောင်းချသူ ဥယျာဉ်ရပ်ကွက်နေ ဒေါ်ပါအုမ့်ရဲ့ပြောပြမှုအရ သိရသည်။ ၎င်းသည် ခေါက်ချပ်လုပ်ငန်းကို အဓိကထားလုပ်ကိုင်လာတာ ဆယ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်းလည်း သိရသည်။ ခေါက်ချပ်ပြုလုပ်ရာတွင် ရှမ်းဆန်ကို မပျစ်မကျဲကြိတ်ယူရပြီး ဆူပွက်နေသော ရေဆူအိုးပေါ်တွင် ပိတ်စအုပ်ကာ ထိုပိတ်စတွင် ကြိတ်ထားသော ဆန်မှုန့်ရည်ကို ရေနွေးငွေ့ဖြင့်ကျက်စေပြီး ရရှိလာသောခေါက်ချပ်အစိုကို သက်ငယ်ပျစ်ပေါ်တွင် နေလှန်းအခြောက်ခံထားရသည်။ အခြောက်အား မိုးပြဲဒယ်၊ ချောင်းသဲကိုမီးဖြင့်အပူပေး၍ ၎င်းကိုကင်ယူပြီး အသင့်စားသုံးနိုင်သော ခေါက်ချပ်ကို ရရှိသည်။ ယင်းခေါက်ချပ်ကို ဒေသခံပြည်သူများ သရေစာအဖြစ် စားသုံးကြကြောင်း သိရသည်။

တစ်ရက်လျှင် ရှမ်းဆန်လေးပြည်ပြုလုပ်ရကာ တစ်ပြည်လျှင် ပျမ်းမျှခေါက်ချပ် ၃၅ ချပ်ထွက်ရှိပြီး ခေါက်ချပ်တစ်ချပ်လျှင် ငွေကျပ် ၁၅၀နှင့်ရောင်းချရသဖြင့် ခေါက်ချပ်ပေါင်း ၁၄၀မှ ရောင်းရငွေ ၂၁၀၀၀ ကျပ်အနက် နေ့တွက်လုပ်အားခ ငွေကျပ် ၄၅၀၀ မှ ၇၀၀၀ ကျော်ရရှိပြီး ဒေသအစားအစာ ခေါက်ချပ်လုပ်ငန်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

»» အထူးကဏ္ဍ [ က ] မှ

လက်ယာရံ ကိုယ်ရံတော်သုံးသောင်း၊ ဒိုင်းနက်သူရဲ တစ်သောင်းဟု ဖော်ပြပါရှိသည်။

ဒိုင်းနက်သူရဲတို့သည် မင်းဘာကြီးလက်ထက်တွင် ရခိုင်တပ်မတော်၌ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိ၊ ဒိုင်းပညာတတ်ကျွမ်းသူများအချင်းချင်း စုစည်း၍ တပ်ဖွဲ့တစ်ခုအသွင်ဖြင့် တိုင်းပြည်ကို ကာကွယ်ခဲ့ကြသူများလည်း ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ရခိုင်သမိုင်းတစ်ကွေ့တွင် ဒိုင်းနက်လူမျိုးအဖြစ် အမည်ခေါ်တွင်မှုဖြင့် ရပ်တည်လာခဲ့ခြင်းပင်ဖြစ်သည်။ ဒိုင်းနက်အမည် ရရှိလာမှုသည် ဒိုင်းနက်ငွေခွန်ဖွဲ့စည်းမှု သန္ဓေတည်ခဲ့သည့် ထိုခေတ် ထိုအချိန်က ဇန်နဝါရီ ၆ ရက်ဟု လက်ဆင့်ကမ်းနှုတ်ထွက် မှတ်သားလာခဲ့မှုသည် ခေတ်ပြိုင်မှတ်တမ်းအရရော တူညီနေကြပြီး ရခိုင်ဒေသခံသမိုင်းမှတ်တမ်းတို့နှင့်လည်း ကိုက်ညီမှုရှိကြောင်း တွေ့ရသည်။

သက္ကမ (ဒိုင်းနက်)တို့သည် ရခိုင်ဒေသတွင် ဒိုင်းနက်အမည်ဖြင့် နှစ်ပေါင်းခြောက်ရာကျော်တိုင်အောင် နေထိုင်လာခဲ့ကြသည့် ဒိုင်းနက်တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ရေးသည် ကိုလိုနီနယ်ချဲ့တို့၏ ပြည်နယ်၊ ပြည်မ သွေးခွဲအုပ်ချုပ်ခဲ့မှု၊ ဒေသတွင်းလက်နက်ကိုင်သောင်းကျန်းခဲ့မှု၊ လူဦးရေနည်းပါးမှု စသည့်အကြောင်းတို့ကြောင့် သက္ကမ(ဒိုင်းနက်)လူနည်းစု တိုင်းရင်းသားတို့၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍ မှေးမှိန်ခဲ့ရသလို လူမျိုးအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရပြီး လူနေမှုအဆင့်အတန်းပါ နိမ့်ကျလာခဲ့ရသည်။



မည်သို့ပင်ဆိုစေ မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် နိုင်ငံတော်အစိုးရ၏ ရိုးဖြောင့်သန့်စင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး သဘောထားနှင့် ရပ်တည်ချက်ပေါ်တွင် ကြည်လင်စူးရှသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ရဲရင့်ရှင်သန်သော ပြည်ထောင်စုစိတ်တို့ကို လူနည်းစု သက္ကမ(ဒိုင်းနက်) တိုင်းရင်းသားတို့ အနေဖြင့်လည်း နိုးကြားစွာခံယူလာကြပြီးဖြစ်သဖြင့် သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍ ပြည့်စုံဖို့လိုအပ်လာသည်။

တိုင်းရင်းသားလူမျိုး အသီးသီးဟူ၍ တည်တံ့နိုင်မှုအတွက် ယင်းတို့၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ စောင့်ထိန်းအပ်သည့် ထုံးတမ်းဓလေ့များကို တိုးတက်ထွန်းကား ခိုင်မာလာအောင် ဖော်ထုတ်ခြင်း၊ ကြိုးပမ်းဆောင်ရွက်ခြင်းကသာ အဓိကကျသည်။ သက္ကမ(ဒိုင်းနက်) တိုင်းရင်းသားတို့သည်လည်း လူနည်းစု တိုင်းရင်းသားများဖြစ်လေရာ ယင်းတို့၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်ချက်ကို အရှင်ဇောတိပါလအနေဖြင့် လက်လှမ်းမီရာ ရှာဖွေစုဆောင်း၊ ဖတ်ရှု၊ လေ့လာ၊ ကြိုးပမ်း၊ အားထုတ်၊ ရေးသား၊ ဖြည့်ဆည်းပေးနေပြီးလည်းဖြစ်ပေသည်။ ပြီးပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍ မှေးမှိန်နေခြင်းမှ ထင်ရှားလာစေခြင်းသည်ပင် အရှင်ဇောတိပါလ၏ စွမ်းဆောင်ချက် တစ်စွန်းတစ်စကို ဖော်ညွှန်းနေပါလိမ့်မည်။

## သက္ကမ (ဒိုင်းနက်) အမျိုးသားနေ့

ရခိုင်သမိုင်းတစ်ကွေ့တွင် အမွေခံယူလိုက်ရသော ဒိုင်းနက်လူမျိုးတို့ကို ရှေးအခါက သက္ကမ(ချက္ကမ) လူမျိုးဟုခေါ်တွင်ခဲ့ကြောင်း စစ်တကောင်းတောင်တန်းဒေသရှိ အနောက်သက်တို့ ယနေ့တိုင် သက္ကမ(ချက္ကမ) လူမျိုးဟု ခံယူကျင့်သုံးနေခြင်းက အထောက်အထားတစ်ရပ်ပင်ဖြစ်သည်။ သက္ကမသည် 'သကျ' ဟူသော ဝေါဟာရမှ ရွေ့လျားလာသည်ဟု သုတေသီအချို့က ယူဆကြသည်။ အချို့က ဘာသာစကားကိုအခြေခံကာ လေ့လာခြင်းဖြင့် 'သက္ကမ'မှာ သာကီဝင်ဟု ယူဆစရာ အကြောင်းရှိသည်ဟုလည်း ဆို၏။

ယခုအခါ ရခိုင်ပြည်ရှိ ဒိုင်းနက်လူမျိုးထု တစ်ရပ်လုံးအနေဖြင့် ဒိုင်းနက်အမည်ကို မခံယူလိုတော့ဘဲ ရှေးအခေါ် သက္ကမလူမျိုးအဖြစ်ခံယူရန်နှင့် သက္ကမအမည် ပြန်လည်အသက်ဝင်လာစေရန် ဒိုင်းနက်ငွေခွန်ဖွဲ့စည်းခြင်းခံခဲ့ရသည့်နေ့၏ နောက်တစ်နေ့ ဇန်နဝါရီ ၇ ရက်ကို သက္ကမအမျိုးသားနေ့အဖြစ် သတ်မှတ်ကြရန် တညီတညွတ်တည်း ဆွေးနွေးဆုံးဖြတ်ကာ သက္ကမလူမျိုးအမည်ဖြင့်ပင် မိမိတို့၏သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံများကို တိုးတက်ထွန်းကား ခိုင်မာလာအောင် ဖော်ထုတ်ကြိုးပမ်းဆောင်ရွက်ကြပြီး အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့အား အနာဂတ်တွင် ပီပြင်စွာအကောင်အထည်ဖော်သွားရန်နှင့် အမျိုးသားနေ့၏ ဦးတည်ချက်ဖြင့် မိမိတို့လူမျိုးတို့၏ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်သွားရန် သက္ကမအမျိုးသားနေ့ကို နှစ်စဉ် ဇန်နဝါရီ ၇ ရက်တွင် အမျိုးသားနေ့သတ်မှတ်၍ ကျင်းပရခြင်းဖြစ်ပေသည်။

သက္ကမအမျိုးသားနေ့ကို ၂၀၁၂ ခုနှစ်မှစ၍ သက္ကမ(ဒိုင်းနက်) တိုင်းရင်းသားတို့ စုစည်းနေထိုင်ကြရာ ရခိုင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ကျေးရွာများတွင် အလှည့်ကျကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြသဖြင့် ၂၀၁၂ ခုနှစ် ပထမအကြိမ်ကို မင်းပြားမြို့နယ် လက်ပန်ကိုင်းကျေးရွာတွင် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဒုတိယအကြိမ်ကို မြောက်ဦးမြို့နယ် အင်းရှည်ကျေးရွာတွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် တတိယအကြိမ်ကို မင်းပြားမြို့နယ် ဦးပျဉ်တောင်ကျေးရွာတွင် လည်းကောင်း၊ ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ်ကို ကျောက်တော်မြို့နယ် လေသွန်တောင်ကျေးရွာတွင် လည်းကောင်း၊ ၂၀၁၆ ခုနှစ် ပဉ္စမအကြိမ်ကို ပုဏ္ဏားကျွန်းမြို့နယ် ရှင်တော်ကျေးရွာတွင် လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဆဋ္ဌမအကြိမ်ကို မင်းပြားမြို့နယ် ဇီးကုန်းကျေးရွာတွင် လည်းကောင်း၊ ၂၀၁၈ ခုနှစ် သတ္တမအကြိမ်ကို ဘူးသီးတောင်မြို့နယ် မီးကျောင်းခေါင်းဆွဲကျေးရွာတွင် လည်းကောင်း၊ ခုနစ်ကြိမ်တိုင် ကျင်းပခဲ့ပြီးဖြစ်ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ကျရောက်မည့် အဋ္ဌမအကြိမ်မြောက် သက္ကမအမျိုးသားနေ့ကို ဘူးသီးတောင်မြို့နယ် လောင်းချောင်းကျေးရွာတွင် ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပေသည်။

ဤသို့ခုနစ်ကြိမ်ကျင်းပခဲ့သည့် အမျိုးသားနေ့များအနက် ပဉ္စမအကြိမ် အမျိုးသားနေ့တွင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် သက္ကမကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ သက္ကမ တိုင်းရင်းသားရေးရာဝန်ကြီး Kalikumar Chakma ကိုယ်တိုင်တက်ရောက် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ဆဋ္ဌမအကြိမ်မြောက် အမျိုးသားနေ့တွင် စာရေးသူအားဖိတ်ကြား၍ တက်ရောက်ချီးမြှင့်ခဲ့မှုနှင့်အတူ မြန်မာနိုင်ငံသို့ အလည်ရောက်ရှိနေသည့် ပြင်သစ်နိုင်ငံရောက် သက္ကမအမျိုးသမီးတစ်ဦးကလည်း လေ့လာရန် တက်ရောက်ခဲ့ကြောင်း တွေ့ခဲ့ရသည်။ သတ္တမအကြိမ်မြောက် အမျိုးသားနေ့တွင်မူ ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးပုန်ဘွေ၊ မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်အတွင်းရှိ ရခိုင်ဌာနေ တိုင်းရင်းသားကိုယ်စားလှယ်များပါ တက်ရောက်ချီးမြှင့်ခြင်းဖြင့် တစ်နှစ်ထက် တစ်နှစ် ပိုမို၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ဤသို့သော သမိုင်းကြောင်းများကို အခြေခံ၍ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော သက္ကမ (ဒိုင်းနက်) တိုင်းရင်းသားတို့၏ သမိုင်းစဉ်တွင် အရေးကြီးသော သက္ကမ (ဒိုင်းနက်)လူမျိုးတို့အတွက် တန်ဖိုးမဖြတ်နိုင်သော သက္ကမအမျိုးသားနေ့ဖြစ်ခဲ့ရပြီ ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ကျရောက်သည့် သက္ကမ (ဒိုင်းနက်) တိုင်းရင်းသားတို့အတွက် အနှစ်သာရပြည့်ဝစွာ ကျင်းပကြမည့် အဋ္ဌမအကြိမ် သက္ကမအမျိုးသားနေ့အကြောင်းကို တိုင်းရင်းသားချစ်ကြည်ရေးစိတ်ဓာတ်ဖြင့် ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

❐

**ရခိုင်ပြည်ရှိ ဒိုင်းနက်လူမျိုးထုတစ်ရပ်လုံးအနေဖြင့် ဒိုင်းနက်အမည်ကို မခံယူလိုတော့ဘဲ ရှေးအခေါ် သက္ကမလူမျိုးအဖြစ်ခံယူရန်နှင့် သက္ကမ အမည် ပြန်လည်အသက်ဝင်လာစေရန် ဒိုင်းနက်ငွေခွန်ဖွဲ့စည်းခြင်း ခံခဲ့ရသည့်နေ့၏ နောက်တစ်နေ့ ဇန်နဝါရီ ၇ ရက်ကို သက္ကမ အမျိုးသားနေ့အဖြစ် သတ်မှတ်ကြရန် တညီတညွတ်တည်း ဆွေးနွေးဆုံးဖြတ်ကာ သက္ကမလူမျိုးအမည်ဖြင့်ပင် မိမိတို့၏သမိုင်း ကြောင်းနှင့် ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံ များကို တိုးတက်ထွန်းကား ခိုင်မာလာအောင် ဖော်ထုတ်ကြိုးပမ်း ဆောင်ရွက်ကြပြီး အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့အား အနာဂတ်တွင် ပီပြင်စွာအကောင်အထည်ဖော်သွားရန် နှင့် အမျိုးသားနေ့၏ ဦးတည်ချက်ဖြင့် မိမိတို့လူမျိုးတို့၏ ဖွံ့ဖြိုး တိုးတက်မှု ဆောင်ရွက်သွားရန် သက္ကမအမျိုးသားနေ့ကို နှစ်စဉ် ဇန်နဝါရီ ၇ ရက်တွင် အမျိုးသားနေ့သတ်မှတ်၍ ကျင်းပရခြင်း ဖြစ်ပေသည်။**

---

»» အထူးကဏ္ဍ [ ဃ ] မှ

ချင်းပြည်နယ်အစိုးရအဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ လုံပီးရပ်ကွက်သစ်နှင့် လုံရန်(အလက) ကျောင်းအဆင့်တိုးမြှင့်ပွဲသို့ ဆက်လက်ထွက်ခွာခဲ့သည်။ စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းမှ ဒေသခံတိုင်းရင်းသားများနှင့် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများက လှိုက်လှဲစွာကြိုဆိုကြသည်။ လိုင်းဇိုမျိုးနွယ်တိုင်းရင်းသားများက ကပြကြသည်။ (KhuateHla) ခွာသဲလှားခေါ် အောင်ပွဲရအကဖြင့် ဖျော်ဖြေကြသည်။ ရှေ့ဆုံးတွင် အဖြူရောင်ခေါင်းပတ်ဖြင့် ဒေါင်းမွေးတပ်ဆင်ထားသော အဘိုးအိုက ဦးဆောင်ကပြသည်။ ယောက်ျားလေးများက အင်္ကျီအဖြူရောင်၊ မိန်းကလေးများက အင်္ကျီအနက်၊ ချင်းထဘီအနီနှင့် ခေါင်းပတ်အနီများဝတ်ဆင်ကပြကြသဖြင့် ထူးခြားသည်။

ဆက်လက်၍ ခန်းမဆောင်၌ ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများ၊ ဒေသခံများ ကြိုးစားအလုပ်လုပ်ကြရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်ရေး၊ နိုင်ငံနှင့်လူမျိုးအပေါ် ချစ်မြတ်နိုးရေးတို့ကို တိုက်တွန်းပြောကြားသည်။ နိုင်ငံ့အကြီးအကဲများက လိုက်လံနှုတ်ဆက်ကြရာ အဘွားအိုနှစ်ဦးမှာ ဝမ်းသာလွန်း၍ မျက်ရည်များစို့နေသည်ကို တွေ့ရသည်။

ရေခံမြေခံကောင်းပါက ပန်းတိုင်းပွင့်ဖူးမွှေးနေမည်ဖြစ်ပေသည်။

ရေခံမြေခံကောင်းစေရန် ပေါင်းသင်၊ မြက်နုတ်၊ ရေလောင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စေတနာပံ့ပိုးအားပေးမှုကို သူတို့သိနေကြသည်။ သူတို့ကား ဒေသခံရိုးသားသော တိုင်းရင်းသားပြည်သူများဖြစ်သည်။ အပြန်ခရီးတွင် ချင်းတိုင်းရင်းသားတို့၏ ကွဲပြားခြားနားသော ဝတ်စားဆင်ယင်မှု၊ ကွဲပြားခြားနားသော ကဟန်နှင့် ပုံရိပ်များအားမမေ့နိုင်အောင် စွဲထင်ကျန်ခဲ့ရပါသည်။ ။

❐





# ဖလမ်းမြို့နယ် မန်ခဲင်းရွာကျောင်းအဆင့်တိုး လုံပီးရပ်ကွက်သစ်ဖွင့်ပွဲနှင့် ရိုးရာယဉ်ကျေးမှုအကများ

မင်းလပြည့်(ဟားခါး)

အအေးဓာတ်ပြင်းထန်သော ဟားခါးမြို့လေးကို ကျောခိုင်း၍ နှင်းမှုန်ကြားထဲမှ ကားလေးက ဖောက်ထွက်လာသည်။ ချင်းတောင်တန်းကြီးက အေးချမ်းဟန်မတူ၊ ကားလေးက တောင်ကိုကွေ့ပတ်မောင်းလာသည်။ ထင်းရှူးတောအုပ်ကြီးများ၊ သစ်မျိုးစုံ၊ ဝါးပင်ပေါက်နေသော သစ်တောအုပ်ကြီးကို မျက်စိတစ်ဆုံးတွေ့နေရသည်။ တောင်ကုန်းပေါ်ရှိသည့်မြေကို အားကိုးပြု၍ ဆောက်ထားသော ရောင်စုံသစ်သားအိမ်လေးများက မြင်ကွင်းကို လှပကြည်လင်စေသည်။ လိုင်ဗားဆည်နှင့် ရွာများဖြတ်တောက်ပြီး လိုင်းဇိုလမ်းခွဲမှတစ်ဆင့် မန်ခဲင်းရွာလေးကို ရောက်ခဲ့ရသည်။ မန်ဟူသည်မှာ အိပ်မက်၊ ခဲင်းဆိုသည်မှာ ပြည့်ဝသည်ဟု အဓိပ္ပာယ်ရကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရှီယန်းဝဲယ်က ရှင်းပြသည်။

တစ်ခါက ရွာသားတစ်ဦးသည် တောထဲတွင် ဝက်ဖြူတစ်ကောင်ကိုတွေ့၍ သေနတ်ဖြင့်ပစ်ရာ ဝက်ဖြူမှာ သေဆုံးသည်ဟု အိပ်မက်မက်ခဲ့ပြီး နောက်တစ်နေ့တွင် ထိုရွာသားက တောထဲသို့အမဲလိုက်သွားရာ ဝက်ဖြူတစ်ကောင်တွေ့ရှိ၍ ပစ်ခတ်ရာ ဝက်ဖြူရရှိခဲ့သဖြင့် အိပ်မက်အမှန်ဖြစ်ရာမှ မန်ခဲင်းရွာဟု ပေါ်ပေါက်ခဲ့ကြောင်း မှတ်သားရသည်။ ရွာက တောင်ကြီးအောက် တောင်ကပူများတွင် တွေ့ရသည်။ အိမ်များက နေရာအနှံ့၊ သရက်၊ ပိန္နဲ၊ သဘော်နှင့် စားပင်သီးပင်များစိုက်ပျိုးထားသည့် ရွာက (၁၅)ရာစုနှောင်းပိုင်းတွင် အဘိုးလျောန်ကျဲအိုက တည်ထောင်ခဲ့ကြောင်း၊ နှစ်ပေါင်း ၆၀၀ နီးပါးကြာမြင့်ခဲ့ကြောင်း သိရသည်။ မျိုးဆက် ၂၀ ခန့်ရှိပြီး အိမ်ခြေ ၁၇၀ ခန့်ရှိသည်။ ၁၉၂၀ ပြည့်နှစ်၊ ၁၉၄၀ ပြည့်နှစ်တွင် ကပ်ရောဂါကျရောက်ပြီး ၁၉၄၅ ခုနှစ်တွင် လူအချို့ခရစ်ယာန်ဘာသာသို့ ပြောင်းရွှေ့လက်ခံယုံကြည်ခဲ့ကြသည်။ ၁၉၄၁ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်ခဲ့ပြီး လူဦးရေများ တိုးပွားလာခဲ့သည်။ မန်ခဲင်းရွာအခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲအခမ်းအနားပြုလုပ်ရန် ကျောင်းဝသို့ရောက်သည်နှင့် ချင်းရိုးရာဝတ်စုံများဝတ်ဆင်စေခြင်းနှင့် ရိုးရာအကများဖြင့် ဖျော်ဖြေဂုဏ်ပြုကြသည်။ အောင်ပွဲအဖြစ် တူမီးသေနတ်ဖောက်ကြသည်။ တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အကအဖွဲ့ဝင်များနှင့် လက်ချင်းချိတ်ကရသည်က ပေလေ့ရိုးရာဖြစ်သည်။ ကပုံက ဦးဆောင်အမျိုးသမီးက လက်ကိုမြှောက်ထားပြီး ဘယ်ညာထုပ်ဆီးတိုးသလို ယိမ်းနွဲ့ကကြရသည်။ ဘယ်ညာရွေ့တိုးနောက်ဆုတ်၍ စီးချက်နှင့်အညီ ကရသည်။ ယောကျ်ားလေးများက ရိုးရာဦးထုပ်အဖြူ၊ အင်္ကျီအဖြူ ဘောင်းဘီအနက်၊ ချင်းစောင်များပတ်ထားပြီး မိန်းကလေးများက ချင်းတဘက်ခြုံ၍ ကပြကြသည်။ အခမ်းအနားစသည်နှင့် ဝန်ကြီးချုပ်က ကျောင်းသားများစည်းကမ်းရှိရေး၊ ကျောင်းပျက်ကွက်မှုမရှိစေရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားပြီး လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးများမှလည်း နိုင်ငံတော်အစိုးရ၏ ပညာရေးမြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ကျောင်းအကျယ်အဝန်းမှာ ၇ ဒသမ ၈၀ ဧကရှိပြီး ဇလပ်နီ၊ ဇလပ်ဖြူ ချယ်ရီဆောင်အပြင် ဆောက်လုပ်စအဆောက်အအုံလည်း ရှိသည်။ ကျောင်းသားဦးရေ ၁၀၀ ရှိပြီး အနာဂတ်တွင် ပညာပန်းများ ပွင့်လန်းလာတော့မည်မှာ အသေအချာပင်ဖြစ်သည်။ ရွာတွင် စာကြည့်တိုက်၊ ကျေးလက်ကျန်းမာရေးဌာနခွဲအပြင် အသေးစားရေအားလျှပ်စစ်လည်း ရှိသည်။

လိုင်းဇိုရွာနှင့် တစ်မိုင်ခွဲသာဝေးသဖြင့် မဟာဓာတ်အားလိုင်းရရှိရေး၊ အထူးကဏ္ဍ [၇] သို့ »»

## ဒေသစာမုန်လာဥဖြူ ပိုးတီချိုချဉ်

ကျွန်ုပ်တို့နေထိုင်ရာ အရပ်ဒေသတိုင်းတွင် ကောင်းမွန်လတ်ဆတ်တဲ့ ဒေသအစားအစာများရှိကြသလို ထင်ပေါ်ကျော်ကြားပြီး လူသိများတဲ့ ဒေသအစားအစာများနဲ့ လူသိနည်းပြီး စိတ်ဝင်စားစရာကောင်းတဲ့ ဒေသအစားအစာများလည်း ရှိကြပါတယ်။

ယခုလိုဆောင်းရာသီတွင် လှိုင်လှိုင်ပေါ်တဲ့ ဟင်းသီး၊ ဟင်းရွက်များနှင့် ရိုးရိုးလေးနဲ့ ဆန်းပြီး ဟင်းအမည်ကြားရုံဖြင့် စိတ်ဝင်စားစရာတစ်ခုဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးဘက်တွင် ချက်စားတတ်သည့် ဒေသစာများထဲမှ မုန်လာဥဖြူပိုးတီချိုချဉ်ဟင်းလေးနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

### ပါဝင်ပစ္စည်းများ

| | | |
|---|---|---|
| မုန်လာဥဖြူ | - | တစ်စည်း |
| သံပရာသီး | - | တစ်လုံး |
| ကြက်သွန်နီ | - | လေးလုံး |
| ငရုတ်သီးအကြမ်းဖတ် | - | အနည်းအငယ် |
| ဆီ | - | ထမင်းစားဇွန်း သုံးဇွန်းခွဲ |
| သကြား | - | အနည်းအငယ် |
| ဆား | - | အနည်းအငယ် |
| ဟင်းခပ်မှုန့် | - | အနည်းအငယ် |

### ပြုလုပ်နည်း

မုန်လာဥဖြူကို အရွက်ဖြတ် အခွံသင်၍ ရေစင်အောင်ဆေးပါ။ ပြီးနောက်ပိုးတီထိုးပြီး ဆားဖြင့်နယ်၍ ရေထပ်ဆေးကာ ရေစင်အောင်ညှစ်ပြီး ဇလုံတစ်ခုအတွင်းထည့်ပါ။ ထို့နောက် သံပရာရည်၊ သံကြား၊ ဆား၊ ဟင်းခပ်မှုန့်တို့ဖြင့် မိမိကြိုက်နှစ်သက်သည့် ချိုချဉ်အရသာအနေထားမှာထားပြီး မုန်လာဥပိုးတီထဲ အရသာဝင်အောင်လက်နှစ်ဖက်ဖြင့် သေချာစွာဆုပ်နယ်၍ နပ်သည်အထိ အချိန်ကြာကြာလေး နှပ်ထားပေးပါ။

မုန်လာဥဖြူပိုးတီချိုချဉ် ချက်ပြုတ်ရန်အတွက် ကြက်သွန်နီအခွံသင်ပြီးသားကို ညက်နေအောင်ထောင်းပါ။ ဒယ်အိုးထဲ ဆီပူပေးပြီး ကြက်သွန်နီ၊ ငရုတ်သီးအကြမ်းဖတ်တို့ကို ဆီသတ်ပါမယ်။ ဆီသတ်တာအရောင်လှပြီး မွှေးလာပြီဆိုရင် အသင့်အရသာသွင်း၍ နှပ်ထားသည့် မုန်လာဥဖြူကိုထည့်ပြီး အနည်းငယ်မွှေပေးပါ။ ထို့နောက် ရေ အနည်းအငယ်ထည့်ကာ ဆီပြန်လာသည်အထိ သမအောင်မွှေပေးပါ။ ဆီပြန်ပြီး မုန်လာဥ



အရောင်လှ၍မွှေးလာပြီဆိုလျှင် အရသာကို မြည်းစမ်းပြီး မိမိနှစ်သက်တဲ့ အနေအထားမှာ ထားပါ။ ဒါဆိုရင်တော့ ချိုချဉ်စပ်အရသာနဲ့ ပြည့်စုံတဲ့ မုန်လာဥဖြူ ပိုးတီချိုချဉ်ကို သုံးဆောင်နိုင်ပါပြီ။ စာဖတ်သူများလည်း ပြန်လည်ချက်ပြုတ်ကြည့်ရင်း မြိန်ယှက်စွာ စားသုံးနိုင်မည့် ဟင်းအမည်များဖြင့် ထမင်းမြိန်နိုင်ကြပါစေ။

**မွန်မွန်စိုး**

❐

ဝတ္ထုတို

## ဆူးကြယ်စင်

လူတွေနဲ့လည်းအတော်ခက်တယ်။ လင်ရှိတုန်းကလည်း လင်ရှိတုန်းကမို့။ လင်မရှိတော့လည်း လင်မရှိတော့မို့။ အမျိုးမျိုးအဖုံဖုံ ဝေဖန်နေကြတာ။ ဘယ်တော့များမှ ဝေဖန်ခံရတဲ့ဘဝက လွတ်မြောက်နိုင်ပါ့။

သက်ပြင်းတစ်ရှိုက်နဲ့အတူ အတွေးတစ်စက လေဟာနယ်ထဲ ဝဲလို့။ လက်တွေ့ဘဝမှာတော့ ကန်စွန်းရွက်အချို့ကို ဆန်ခါထဲ အကျအနထည့် ပြီးတော့မှရေဆေးပြီး ဆန်ခါထဲတင်စစ်ထား။ လုပ်လက်စ အလုပ်ပြီးတော့မှ အိမ်ရှေ့မှာ ကျန်နေရစ်တဲ့ အရီးတင်နားကို ပြန်သွား။ မသွားလို့က မဖြစ်ဘူး။ တော်ကြာ သူပြောတဲ့စကားကို အရေးလုပ်လို့ နားထောင်မပေးဘူးဆိုပြီး ဝမ်းနည်းနေရင်အခက်။ အသက်လည်းရနေပြီမို့ လူကြီးကိုစိတ်မဆင်းရဲစေချင်တော့ပါဘူး။ အဲဒါကြောင့် အရီးပြောတဲ့ စကားတွေကို နားမထောင်ချင်လည်း သည်းခံပြီးနားထောင်ဖို့ တွေးမိတယ်။ ခုလည်း ဘယ်သူက အချွန်နဲ့မလိုက်လဲ မသိဘူး။ တူမဖြစ်သူကို လင်ပေးစားဖို့အရေး မနက်ကတည်းက အိမ်လာပြီး တဂျီဂျီနဲ့နားချနေတယ်။ ကိုယ့်အရီးဖြစ်နေလို့ ဘာမှပြန်မပြောဘဲ ငြိမ်နေတာ။ တခြားသူဆို မောင်းထုတ်ပြီးတာ ကြာပေါ့။

"ငါပြောတာ ဘယ်လိုသဘောရလဲ ခင်စိန် စိတ်ကူးမမှားနဲ့နော် ညည်းအဲဒီ ဦးလူဝကို ရချင်နေတဲ့ မိန်းမတွေမှ ပုံနေတာပဲ ဦးလူဝက ညည်းကိုမှ ညည်းကို ဖြစ်နေတာ"

"တော်ပါပြီ အရီးရယ် အပူတွေမရှာချင်ပါဘူး။ အခုမှ ကျွန်မဘဝလေး အေးချမ်းခါရှိသေး နောက်ထပ်အိမ်ထောင်ရေးအပူတွေ သယ်မလာချင်စမ်းပါနဲ့"

"အဲဒါကြောင့် ပြောတာပေါ့အေ့ ညည်း ဒီအတိုင်းနေရင် ညည်းလင်သာပြောက ပြန်လာပြီး ဒုက္ခပေးနေဦးမှာ ဟော နောက်ယောကျ်ား ယူလိုက်ရင် ပြန်လာချင်ရင်တောင် သူပြန်လာလို့ မရတော့ဘူး။ ပြီးတော့ ဦးလူဝဆိုတာကလည်း ညည်းသိတဲ့အတိုင်း ရွာရဲ့ မျက်နှာဖုံး ပိုက်ဆံတွေဆိုလည်း သုံးမကုန်ဖြုန်းမကုန်။ ညည်းနဲ့ညည်းသား တစ်သက်လုံး အေးအေးဆေးဆေး ထိုင်စားလို့ ရလောက်တယ်။ ငါ့တူမရယ် အရီးက ညည်းဘဝလေးကို ကောင်းစားစေချင်လို့ပါအေ"

"ကျွန်မ သိပါတယ်။ အရီးစေတနာကို နားလည်းနားလည်တယ်။ ဒါပေမယ့် ကျွန်မ နောက်အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိတော့ဘူး။ သားကိုလည်း စိတ်မဆင်းရဲစေချင်ဘူး။ သူ့အတွက် အဖေက ကိုသာပြောပဲဖြစ်စေချင်တယ်။ ပထွေးဆိုတာကိုလည်း သူ့ဘဝထဲ အတင်းဆွဲမခေါ်ချင်ဘူး"

"ညည်းကိုက သာပြောအပေါ်စိတ်မကုန်နိုင်သေးတာပါ ခင်စိန်ရယ်။ ဘယ့်နှအေ မိသားစုအပေါ် နည်းနည်းလေးမှ မကောင်းတဲ့ လင်ကို တမ်းတမ်းစွဲဖြစ်နေရတယ်လို့ ပြောရင်လည်း ပြောတဲ့သူပဲမောတယ်။ ညည်းဟာ ညည်း ယူချင်ယူမယူချင်နေ သဘောပဲ ကောင်းစားရင်လည်း ညည်းကောင်းစားမှာ ငါကောင်းစားမှာ မဟုတ်ဘူး။ မပြောတော့ဘူး လုပ်ချင်ရာလုပ်တော့"

ကြည့် အဲဒီအရီးက တစ်မျိုး။ သူပြောချင်ရာပြောပြီး သူ့သဘောအတိုင်းမဖြစ်တော့ စိတ်ကောက်သွားပြီ။ ဟင်း

တစ်ခုလပ်ဘဝမှာတောင် အေးအေးချမ်းချမ်း မနေရပါလား။ ဒီလိုပြောတော့ လင်ရှိမယား ဘဝတုန်းကရော အေးချမ်းခဲ့လားလို့ ပြန်မေးကြည့်ချင်စရာ။

"ခင်စိန်ရေ ခင်စိန် ငါပြန်လာပြီဟေ့"

ဟော. . . ပြန်လာပါပြီ။

အလုပ်လုပ်ပါ လုပ်ပါလို့ ပြောလည်း ပြောတဲ့သူပဲ မောမယ်။ ကိုသာပြောတို့က တုပ်တုပ်မလှုပ်။ ညားခါစတုန်းကတော့ သူများလယ်မှာ သူရင်းငှားလေးဘာလေး လုပ်သေးတယ်။ နောက်ပိုင်းကျတော့ ဟိုအကြောင်းပြလိုက် ဒီအကြောင်းပြလိုက်နဲ့ ဘာအလုပ်မှကို မလုပ်တော့တဲ့အထိပဲ။ ခွေးမြီးကို ကျည်တောက်စွပ်ပေးလည်း အချိန်တန်ရင် ပြန်ကောက်သွားတယ်ဆိုတာလိုဖြစ်နေပြီ။ လူပျိုတုန်းက ဘာအလုပ်မှမလုပ်ဘဲ ဘိုကေလေးတသသနဲ့ လူကို မေတ္တာစိတ်တစ်ခုတည်းနဲ့ လက်ထပ်ယူခဲ့တာ။ အဲဒီအချိန်တုန်းကတော့ ဟုတ်နေတာပါပဲ။

သူကဈေးရောင်း။ ကိုသာပြောက သူရင်းငှားလုပ်နဲ့။ သားလေးကိုယ်ဝန်ရှိမှ အချိုးက ပြန်ပြောင်းလာတာ။ ခုဆို သားတောင် ဆယ်နှစ်ရှိနေပြီလေ။ ကိုသာပြော အလုပ်မလုပ်တာလည်း ဆယ်နှစ်ပေါ့။

"တော်ပြန်လာတာ ကျုပ်က ဘာလုပ်ရမှာလဲ"

"ဟ ဘာလုပ်ရဦးမှာလဲ လင်ယောကျ်ားအပြင်က မောမောနဲ့ပြန်လာတာ ရေလေးဘာလေး ခပ်တိုက်၊ ယပ်လေးဘာလေး ခပ်ပေးရမှာ မင်းတို့ မိန်းမတွေအလုပ်ဆိုတာ မသိဘူးလား"

"အော် ဟုတ်လား ဟင်းဟင်း မသိပါဘူး ကျုပ်က တော့်လိုစာတတ်ပေတတ်ကြီးမှ မဟုတ်တာ ရော့ ရော့ ဒီမှာရေ၊ ဒီမှာ ယပ်တောင် ယပ်ထိုင်ခတ်ပေးရလောက်အောင်




အထိတော့ ကျုပ်မှာ အချိန်မရှိလို့ သွားလိုက်ဦးမယ်"

အမြင်ကတ်ကတ်နဲ့ စကားအငေါ်တူးပြီး ဈေးဗန်းခေါင်းရွက်လို့ အိမ်က ထွက်ခဲ့တယ်။

"ဟောဒီက ဟင်းရွက်စုံ" ဆိုတာနဲ့ ရပ်ကွက်ထဲက အိမ်ရှင်မတွေ အကုန်သူ့အနားမှာ ဝိုင်းလို့အုံလို့။ ဝိုင်းအုံမှလည်း ဖြစ်မယ်လေ။ မိသားစုသုံးယောက်ရဲ့ ထမင်းတစ်လုတ်က ဒီဈေးဗန်းပေါ်မှာပဲ မူတည်နေတာ။ တစ်ခါတလေ နေမကောင်းချင်ရင်တောင်မှ နားပြီးမနေနိုင်တဲ့ဘဝ။ ဘယ်လိုပဲဆိုဆို။ တစ်ချိန်ချိန်ကျရင်တော့ နားရမှာကျိန်းသေ။ အဲဒီလို အချိန်မရောက်ခင်ကြားထဲ အငတ်ငတ် အပြတ်ပြတ်မနေရဖို့က အဓိက။

"မခင်စိန် မခင်စိန်"

အနောက်ကနေ နာမည်အော်ခေါ်ရင်း ပြေးလာနေတဲ့ မယုကြောင့် နေရာမှာတင် ရပ်နေလိုက်တယ်။ ဘာများဖြစ်ပါလိမ့်။ မယုပုံစံက ကတိုက်ကရိုက်နိုင်လိုက်တာ။ စိုးထိတ်မှုတွေနဲ့အတူ ရင်ထဲမှာလည်း ဘုရားစာရွတ်မိသေး။ မယုဆိုတာက တော်ရုံကိစ္စနဲ့ အပြင်ထွက်လေ့မရှိဘူးလေ။ နောက်ပြီး သူဈေးရောင်းထွက်တိုင်း သားကို ထိန်းပေးနေကျ။ ဒီနေ့ သားကျောင်းပိတ်တယ်။ ထုံးစံအတိုင်း မယုနဲ့အပ်ထားခဲ့ရတယ်။ ကိုသာပြောက ကလေးကို ကြည့်မှာမဟုတ်ဘူး။ သွားချင်ရာသွား။ လာချင်ရာ လာနေမှာ။ အချိန်တန်ဗိုက်ဆာရင် အိမ်ပြန်စားမယ် ဆိုတဲ့လူမျိုး။ သားက ထိန်းတယ်လို့သာ ပြောရတာပါ။ တကယ်တော့ ကြည့်ရှုသက်သက်ပါပဲ။ အဆော့မက်တဲ့သားမို့ မိခင်ပီပီ စိတ်မချဖြစ်မိတာ။

"မယု ဘာကိစ္စလဲ။ ဘာဖြစ်လို့လဲ သား သားဘာများဖြစ်လို့လဲ" မယုတောင် အနားမရောက်သေးဘူး။ အလောသုံးဆယ် မေးခွန်းတွေက တောင်လိုပုံနေပြီ။ မယုလည်း မောလာပုံပါပဲ။ အသက်ဝအောင်ရှူပြီး အမောအရင်ဖြေနေတယ်။ အရေးထဲကျမှ အဲဒီ မယုကလည်း တစ်မျိုး။

"ကဲ ပြောပါ ဘာဖြစ်လို့လဲ" စိတ်မရှည်တော့လို့ ထပ်မေးမိပြန်တယ်။

အဲဒီအခါမှ မယုပြောတဲ့စကားက ရင်ဝတည့်တည့် ဆောင့်ကန်ခံလိုက်ရသလိုမျိုး မျက်ခနဲ။

"ဖိုးသားကို ဆေးရုံတင်လိုက်ရတယ်"

"ဟင်"

"ကိုသာပြောက ဖိုးသားကို အရက်ဝယ်ခိုင်းတယ်။ အဲဒါ ကလေးက မသွားချင်ဘူးလို့ ပြောတော့ ရိုက်တာကနေ အားပါပြီး ကလေးက လဲကျသွားတာ လှေကားအုတ်ခုံနဲ့ခေါင်းဆောင့်မိလို့" လိပ်ပတ်မလည်တဲ့ မယုစကားတွေကိုဆုံးတဲ့အထိ မစောင့်နိုင်တော့လို့ ဈေးဗန်းပစ်ချပြီး အိမ်ကိုပြေးခဲ့တယ်။ ဘုရားဘုရား။ သားလေး ဘာမှမဖြစ်ပါစေနဲ့။

ကိုသာပြော ကိုသာပြော။ တစ်စတစ်စနဲ့ အတော်လေး ဆိုးရွားလာပါလား။ သင်းကို ဒီအတိုင်းလွှတ်ထားလို့ မရတော့ဘူးနဲ့ တူပါတယ်။

"အမေ အမေရေ အဖေလိုက်လာတယ်"

"ဟင်"

အတွေးများစွာနဲ့ နစ်မျောလို့ ကောင်းနေတုန်းမှာပဲ ထိတ်လန့်ပြီး ပြေးလာတဲ့သားကြောင့် သူပါလန့်သွားမိတယ်။ ကိုသာပြော သားနောက်က လိုက်လာတယ်ဆိုပါလား။ ဒီလူ ဘာလာလုပ်ပြန်တာလဲ။ မျက်နှာကို အတတ်နိုင်ဆုံးမာအောင်ထားပြီး အိမ်ရှေ့ထွက်ခဲ့တယ်။ သားကတော့ မိခင်အနောက်မှာ ပုန်းလို့။ အေးလေ။ အရွယ်နဲ့မမျှအောင် ခံစားခဲ့ရတဲ့ နာကျင်မှုက မသေရုံတမယ်ဆိုတော့လည်း သားလေးခမျာ ကြောက်ရှာမှာပေါ့။

"ခင်စိန် ငါ သားကို ဒါလေးတွေ ပေးချင်လို့ လိုက်လာတာ သားကဟာ ငါ့ကိုမြင်တာနဲ့ ချက်ချင်းပြေးတော့တာပဲ နင်များ ကလေးကို ငါနဲ့ပတ်သက်ပြီး နာကျင်အောင် ပြောထားတာလား"

"ဘာ ဒီမှာ ကိုသာပြော ကျုပ်က ကိုယ့်သွေး သားကို ငရဲပေးမယ့် မိဘမျိုးမဟုတ်ဘူး တော်သာ ကိုယ့်ကိုယ်ကိုယ် ရှက်တတ်ရင် နောက် ဒီအိမ်ရိပ်ကို လာမနင်းပါနဲ့ ကျုပ်သားနားကိုလည်း မလာနဲ့ လာသား" ခံပြင်းစိတ်နဲ့ပြောလိုက်ပြီးခါမှ စကားများ လွန်သွားသလားတွေးမိပြီး ရင်ထဲမကောင်း။

ဘာပြောပြော ဘာဆိုဆို။ ကိုသာပြောက သားရဲ့အဖေပဲလေ။ ကိုသာပြော ချန်ထားရစ်တဲ့ ကွပ်ပျစ်ပေါ်မှ စားစရာအချို့ကို ဘာရယ်မဟုတ် ငေးရင်း သားကို ငဲ့ကြည့်မိတော့ သားလေးလည်း မိခင်ကို မော့ကြည့်နေတယ်။ သားမျက်ဝန်းထဲမှာတော့ ကြောက်ရွံ့ ထိတ်လန့်ခြင်းတွေက အတိုင်းသား။ အဲဒီလို ကြောက်ရွံ့ခြင်းတွေက တစ်ကြောင်း၊ သူကိုယ်တိုင် စိတ်ကုန်စိတ်ပျက်လာတာက တစ်ကြောင်းကြောင့် ကိုသာပြောနဲ့ လမ်းခွဲခဲ့တယ်။ သားလေး ကျန်းမာရေးအရဆိုပြီး အကြောင်းပြချက်တော့ ပေးရတာပေါ့လေ။ မဟုတ်ရင် ကိုသာပြောကလည်း ခေသူမဟုတ်။ ခုတောင် ခဏ ခဏ လာနေတာ။ သူနဲ့သားက ငြင်းဆန်နေလို့။

မဟုတ်ရင်တော့လား။ ကိုသာပြောတို့ အိမ်ရှေ့ခန်းမှာ အကြမ်းပန်းကန်နဲ့ စွင့်စွင့်ကြီး ထိုင်နေမှာ ကြာပြီပေါ့။

"ဗိုက်ဆာပြီလား သား"

အဲဒီလို မေးတော့ သားလေးခေါင်းညိတ်ပြရှာတယ်။ မီးဖိုထဲကို သားမိနှစ်ယောက် အတူဝင်ပြီး ထမင်းစားဖို့ပြင်ကြတယ်။ လက်ရေမဆေးဘဲ ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်တဲ့သားကြောင့် ရင်ထဲမကောင်း။ အရင်ကဆို ကိုသာပြော လက်ရေဆေးဖို့တောင် သားက သတိပေးလေ့ရှိတာလေ။ ခုတော့ "အတော်လေးကို ပြောင်းလဲသွားပါလား သားရယ်" လို့ ရင်တွင်းစကားတီးတိုးဆိုရင်း စိတ်က အတိတ်ကာလဆီ နောက်ထပ်တစ်ဖန်။

"သား သားရေ သား"

ဆေးရုံရောက်ရောက်ချင်း အရူးတစ်ယောက်လိုပါပဲ။ သားလို့ တစာစာခေါ်ရင်း တစ်ခန်းဝင် တစ်ခန်းထွက်နဲ့ သားရှာပုံတော်ဖွင့်မိတယ်။ တွေ့မယ့်တွေ့တော့ အရေးပေါ်ခန်းတောင် တင်ထားရသတဲ့။ သားလေး သနားဖို့ ကောင်းလိုက်တာ။

"အရင်လို ပြန်ဖြစ်ဖို့တော့ အာမမခံနိုင်ဘူးဗျ ဒါပေမယ့် အကောင်းဆုံးဖြစ်အောင်တော့ ကျွန်တော်တို့ ကုသပေးထားပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ ဘာပဲဖြစ်ဖြစ် ကျွန်မ သားလေး အသက်ကိုကယ်နိုင်ရင်ပဲ ဝမ်းသာလှပါပြီရှင်"

ဆေးရုံကဆင်းတော့ သားလေး ကျန်းမာရေးမကောင်း။ ဦးနှောက်ကို တော်တော်ထိခိုက်သွားတယ်လို့ ဆရာဝန်ပြောပြချက်အရ သိရပြီး အခြားသူတွေလို သားမှာ ဉာဏ်ရည်မမီတော့ဘူးတဲ့လေ။ အခုဆို ပြဿနာဖြစ်ပြီးတာ နှစ်နှစ်တောင် ကြာခဲ့ပြီ။ သားလေး ခမျာ လေးတန်းကနေ မတက်နိုင်ခဲ့ရှာဘူး။

"ဗိုက်ဆာတယ် အမေ သား သား ဗိုက်ဆာတယ် ဟီးဟီး"

သားအသံကြားမှ သားကိုထမင်းကျွေးဖို့ သတိရတယ်။ နယ်ပြီးသား ထမင်းကို အနေတော်လေးဆုပ်ပြီး သားပါးစပ်ထဲ ခွံ့ပေးလိုက်တယ်။ သားလေး ထမင်းစားနေတာကို ကြည့်ပြီး မျက်ရည်တစ်ပေါက်က ကျလာသေး။ အဆိုးထဲက အကောင်းလို့ပြောရမလား။ သားလေး ဖခင်ကိုမှတ်မိနေတာ ဝမ်းသာစရာပါ။ ခုတော့ ကိုသာပြော မရှိတဲ့အိမ်မှာ သားရယ် သူရယ် နှစ်ယောက်တည်း။ ဘဝတစ်ခုကို အစပျိုးထားတယ်။ အစပိုင်းသာ ခက်ခဲတာပါ။ နောက်တော့လည်း အားလုံးက နေသားကိုကျလို့။ အဲဒီလို နေသားကျနေတဲ့ ဘဝလေးကို ကိုသာပြော အပါအဝင် ဘယ်လိုလူမျိုးကြောင့်နဲ့မှ အပျက်စီးမခံချင်။ ဘာပဲဖြစ်ဖြစ်။ တစ်ခုလပ်ဆိုတဲ့ဘွဲ့က နားဝင်သိပ်မချိုပေမယ့် အေးချမ်းတယ်လေ။

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဆောင်းပါး

# ကျေးလက်လူထု စာဖတ်ရေး

## သမိုင်း(တံတားဦး)

ယခုတလော စကားဝိုင်းထိုင်မိသမျှ ဆွေးနွေးမှုတိုင်းသည် ကျေးလက်လူထု စာဖတ်ရေးဖြစ်၏။ စာကြည့်တိုက်တာဝန်ခံများဆီက စာဖတ်သူမလာဟူသော ညည်းတွားသံကလည်း ကြားသထက် ကြားလာရသောကြောင့် ဖြစ်သည်။

ထို့ကြောင့် အောင်မြင်သော စာကြည့်တိုက်နှင့် ပိတ်ထားလျက် စာကြည့်တိုက်များကို ဖြစ်နိုင်သမျှ သွားရောက်လေ့လာဖြစ်ခဲ့သည်။ စာဖတ်ဝါသနာမပါသော၊ တစ်နည်းအားဖြင့် စာဖတ်သော အလေ့အကျင့်နည်းပါးသော ကျေးလက်လူထုမှာ တစ်နှစ်ထက်တစ်နှစ် များသထက်များလာသည်ကို တွေ့ရ၏။ ယခင်ဘိုးဘွားမိဘများက စာဖတ်သော အလေ့အကျင့်ကောင်းများရှိကြ၏။ သူတို့ဖတ်မိသမျှ ဇာတ်တော်ပါသင်ခန်းစာများကိုလည်း မြေးမြစ်များထံသို့ အိပ်ရာဝင်ပုံပြင်အဖြစ် လက်ကမ်းတတ်ကြလေ၏။

ထိုအလေ့အကျင့်ကောင်းသည် လွန်ခဲ့သော ဆယ်စုနှစ်ခန့်မျှအထိ စာရေးသူတို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည်။

ယခုခေတ် ကျေးလက်မိဘများ စာဖတ်အားနည်းလာကြသည်။ သူတို့၏ မျိုးဆက်သစ်များထံသို့ စာပေဗဟုသုတ မျှဝေမှုကလည်း မရှိတော့ပြီ။

ကိုယ်ထူကိုယ်ထ စာကြည့်တိုက်များမှာ အင်နှင့်အားနှင့် ထူထောင်ခဲ့ကြသော်လည်း နှစ်ကြာလေသမျှ ပိတ်လျက်ရှိလေသည်။ ထိုစာကြည့်တိုက်များ တည်ရှိလျက်ပိတ်ထားမှုက အပြစ်သဖွယ် ဖြစ်နေတော့သည်။

"စာမဖတ်ရ"ဟူသော စာတန်းမပါရုံသာဖြစ်သည်။ ကျေးလက်လူထုကလည်း ဖွဲ့နည်းဟန်တူသည်။စာကြည့်တိုက်ဖွင့်ခါစ အုန်းအုန်းကျွက်ကျွက်နှင့် စုဝေးစည်ကားသမျှ နှစ်ကြာလာလေ လူသူကင်းမဲ့ဇုန်ဖြစ်လာတော့သည်။

ဤအဖြစ်အပျက်များသည် ကျေးလက်နေရာများ၌ အများဆုံးကြုံတွေ့ရသည်။ စာရေးသူကြုံတွေ့သမျှ စာကြည့်တိုက်များ၌ နှစ်ကြာလာလေ လည်ပတ်အားပိုကောင်းလာသော စာကြည့်တိုက်များမှာ ကလေးသူငယ်များ ထိတွေ့ခွင့်ရသော စာကြည့်တိုက်များဖြစ်သည်ကို တွေ့ရသည်။ ကလေးသူငယ်များ အစဉ်သဖြင့် စုဝေးနေသည် မြင်ရသလို ဟိုတစ်အုပ် သည်တစ်အုပ်ကိုင်လျက် ပုံပြင်စာအုပ်၊ ပန်းချီစာအုပ်များကို နှစ်သက်စွာဖတ်နေသော ကလေးများက နှစ်ကြာလာလေ ပိုများလာလေ ဖြစ်သည်။ ထိုစာကြည့်တိုက်များသည်သာ နှစ်ရှည်သစ်ပင်ကဲ့သို့ အောင်မြင်စွာ အကျိုးပေးသည်ကို တွေ့ပါသည်။ ထိုပုံရိပ်များကို ကိုယ်ထူကိုယ်ထ ကျေးလက်စာကြည့်တိုက်တာဝန်ခံများ သင်ခန်းစာယူ လေ့ကျင့်ရန်လိုပါသည်။ မိမိစာကြည့်တိုက်၏ အဖိုးတန်ဘဏ္ဍာများကို အဖိုးတန်ရတနာလေးများထံ လက်ဆင့်ကမ်းရပါမည်။

တချို့သော စာကြည့်တိုက်မှူးများကလည်း "လူပျိုအပျိုနှင့် လူကြီးလူရွယ်များ စာဖတ်မလာဘဲ ကလေးများသာ လာနေသောကြောင့်"ဟု အကြောင်းပြပြီး စာကြည့်တိုက်ဖွင့်ရက်ရောက်သော်လည်း မဖွင့်ဘဲနေတတ်ကြပါသည်။ အင်မတန် ရင်နာစရာ ဆုံးရှုံးမှုကြီးဖြစ်ပါသည်။ စာရေးသူတို့ ဘိုးဘွားများ အသက်ကြီးသည်အထိ စာဖတ်နေသော အလေ့အကျင့်သည် အသက်ကြီးမှရလာသော အလေ့အထမဟုတ်၊ ဝါသနာမဟုတ်ဆိုသည်ကို သိရပါမည်။ ဘုန်းတော်ကြီး ဆရာသမားများက ဘိုးဘွားဖြစ်လာမည့် ကလေးများကို သန္ဓေတည်ပေးခဲ့သော စာဖတ်သော အလေ့အကျင့်ကြောင့် ဖြစ်ပါသည်။

ယခုမိမိတို့လက်ထက်ရောက်သောအခါ အခွင့်အရေးက ပိုများလာသည်။ စာကြည့်တိုက်များ အသီးသီးရှိကြသကဲ့သို့ စာအုပ်စာပေများကလည်း စုံလင်စွာ တည်ရှိနေပါသည်။ ကလေးဖတ်စာ၊ ကလေးစာပေများကလည်း စုံလင်လွန်းလှသည်။ ဤသို့ ကလေးစာပေများကို ကလေးများမဖတ်လျှင် မည်သူဖတ်ရမည်နည်း။ ဤသို့ ကလေးများစာကြည့်တိုက်လာသည်ကို ရှုပ်သည်ဟု ထင်နေသော စာကြည့်တိုက်တာဝန်ခံများ သတိထားဖို့လိုပါသည်။ ကလေးဘဝက စွဲခဲ့သော စာဖတ်သော အလေ့အကျင့်ကောင်းများကသာ အသက်ကြီးသည်အထိ အကျိုးပြုမည်ဖြစ်သည်။ စာကြည့်တိုက်ဖွင့်စအချိန်က လူစည်သလောက် နှစ်ကြာလာသောအခါ စာဖတ်သူမရှိသောအဖြစ်သည် ကလေးဘဝက အလေ့အကျင့်မပါသောကြောင့် ဖြစ်ပါသည်။

ကျေးလက်လူထု စာဖတ်ရေးကို လူလတ်ပိုင်းက စတာထက် လူငယ်ဘဝက စမှ အောင်မြင်မှုပိုရပါမည်။လူလတ်ပိုင်းများ၏ နှလုံးသား၌ စွဲနေသောအရာသည် စာဖတ်ရေးမဟုတ်ဘဲ စီးပွားရေးသာဖြစ်ပါသည်။ စာဖတ်သော အလေ့အကျင့်မှ စီးပွားရေးဆီသို့ ဟူသော ပန်းတိုင်ရှိတာမသိသလို "စာဖတ်တာ ပိုက်ဆံမှ မရတာ"ဟူ၍လည်း ခံယူထားကြလေသည်။

ထို့ကြောင့် နောင်ဆယ်စုနှစ်အတွင်း ကျေးလက်လူထု စာဖတ်သူထွန်းကားရေးကို လူငယ်လူရွယ် ကလေးသူငယ်များကနေ စတင်လေ့ကျင့်ရပါမည်။ ထိုမှသာလျှင် နောက်မိမိတို့မျိုးဆက်သစ်များ စာပေထိတွေ့မှုများပြားလာပြီး စာပေ၏ အကျိုးကျေးဇူးကောင်းများစွာကို ရာနှုန်းပြည့်ခံစားရမှာဖြစ်သည်။

## သုံးသပ်ရှုမြင် ဉာဏ်နှင့်ယှဉ်

နေထွက်မှနေဝင်
အသင်ဘယ်သို့ ဖြတ်သန်း။
ရင့်ရော်လာ ခန္ဓာပုပ်ရယ်
ဆုတ်ယုတ်ခြောက်ခန်း။
ပြန်လမ်းသို့မျှော်ရည်
လူ့ပြည်ရဲ့ ဟိုအဝေး။
မရဏာဘုံ သုသာန်စခန်းဆီ
ကြွမြန်းတော့လေး။
ငိုကြွေးခြင်းအပူ
သွေးဆူလို့လောင်မြိုက်။
ကိလေသာ အညစ်အကြေးရယ်
ချွတ်ရေးအကြံအိုက်။
အမိုက်ဇာတ်ချည်နှောင်
လောင်ပြောင်၍ရယ်မော။
စိတ်အာရုံ အလိုလိုက်ကာ
နစ်ခြိုက်လွင့်မျော။
အတောမသတ်နိုင်
တုပြိုင်လို့ဝင့်ကြွား။
မနာလို ဝန်တိုစိတ်ရယ်
တရိပ်ရိပ် ပေါက်ဖွား။

**နိုင်လင်းစိုး (ချင်းတွင်းမြေ)**

# ပြည်သူတစ်ဦး၏ ငြိမ်းချမ်းရေးအတွေးများ

## မိုးထက်လူ

"ငြိမ်းချမ်းရေး"

ထိုစာသုံးလုံးကို ခေါင်းစဉ်တပ်ပြီး မကြာခဏ အတွေးနယ်ချဲ့မိသည်။ တွေးမိတိုင်းလည်း ရင်မှာကြည်နူးခြင်း၊ အေးချမ်းခြင်းတို့နှင့်အတူ စိတ်မချမ်းမြေ့မှုသောကတွေကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်းခံစားရသည်။ ဒီလိုတွေးမိသည်က ကျွန်တော်တစ်ယောက်တည်းတော့ ဟုတ်မည်မထင်။ မငြိမ်းချမ်းသေးသော တိုင်းပြည်တွင် နေထိုင်ကြသူအားလုံးနီးပါးက ငြိမ်းချမ်းရေးဆိုသော စကားရပ်ကို တွေးတောမိ၊ သုံးသပ်မိမည်ဖြစ်သလို ငြိမ်းချမ်းခြင်း၏ အရသာကိုလည်း လူတိုင်းတောင့်တမိကြပေလိမ့်မည်။

ငြိမ်းချမ်းသာယာသော တိုင်းပြည်ကြီးကို ကျွန်တော့်အတွေးထဲတွင် အကြိမ်ကြိမ်အခါခါ ပုံဖော်ကြည့်၊ မြင်ယောင်ကြည့်မိသည်။ ကျွန်တော့်အတွေးထဲမှ ငြိမ်းချမ်းသောနေ့ရက်များသည် အေးချမ်းပေစွ။ ကြည်နူးဖွယ်ကောင်းလှပေစွ။ ယမ်းနံ့တွေမရှိ၊ ပန်းနံ့တွေသာ သင်းပျံ့နေ၏။ အမုန်းတွေကင်း၍ အပြုံးတွေဝေနေ၏။ ငိုကြွေးသံများ မကြားရ၊ ရယ်မောပျော်ရွှင်သည့် အသံများသာကြားရ၏။ အာဃာတအငြိုးအတေးတွေ ကင်းစင်ပ၍ မေတ္တာနှလုံးသား၏ ရသကို ချိုမြိန်စွာခံစားလျက်နေကြ၏။ ကိုယ်ကျိုးအတ္တစိတ်ထက် အများအတွက် ထည့်တွက်ငဲ့ကွက်တတ်သော အလေ့အထများ ပိုမိုများပြားလာပြီး ကိုယ်ချင်းစာစိတ်များဖြင့် အပြန်အလှန် ရိုင်းပင်းကူညီနေကြ၏။ စိုးရိမ်ကြောင့်ကြကင်းစွာဖြင့် သွားလာလှုပ်ရှားနေကြ၏။

ကျွန်တော့်အတွေးထဲက ငြိမ်းချမ်းခြင်းရသများခံစားခွင့်ကို လက်တွေ့ဘဝများစွာအတွက် ဖြည့်ဆည်းပေးလိုက်ချင်သည်။ မငြိမ်းချမ်းသေးသောဒေသ အထူးသဖြင့် စစ်မက်ဖြစ်ပွားရာဒေသများတွင် နေထိုင်ကြသော ပြည်သူတို့၏ဘဝများကား ရင်နင့်စရာကောင်းလှပေသည်။ ကျောင်းစာသင်ခန်းနှင့်ဝေးနေရပြီး စစ်ဘေးလွတ်ရာ ရှောင်တိမ်းနေထိုင်ရင်း အနာဂတ်ပျောက်ဆုံးနေသော ကလေးငယ်များ၏အဖြစ်က စိတ်မချမ်းမြေ့ဖွယ်ရာ အကောင်းဆုံးဖြစ်သည်။ အနိဋ္ဌာရုံတွေကြားမှာ ကြီးပြင်းခဲ့ရသော သူတို့၏အတွင်းစိတ်တွင် စိတ်ဒဏ်ရာတွေကိုယ်စီနှင့်။ အကြောက်တရားနှင့် ဒုက္ခမျိုးစုံတို့၏ ဖိစီးမှုကြောင့် ဉာဏ်ရည်ရော ရုပ်ပိုင်းဆိုင်ရာပါ ဖွံ့ဖြိုးမှုအားနည်းကြသည်။ ရေရာမှုမရှိသော အနာဂတ်အကျိုးအကြေများနှင့် သူတို့ဘဝတွေက ဖူးငုံစမှာပင် ရေကြည်ငတ်ရှာသည့် ပန်းကလေးများပမာပင်။ အရွယ်ရောက်ပြီးသူများမှာလည်း နီးရာခဲကို သတိထားရှောင်ရှားရင်း ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းတုတ်ဆိုသကဲ့သို့ မလှုပ်သာ၊ မရှားသာ၊ မလူးသာ၊ မလွန့်သာ။ ထမင်းတစ်နပ်စာ၊ ဟင်းတစ်ခွက်စာအတွက် ရှာဖွေရင်း မြေမြှုပ်မိုင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် အဖြစ်အပျက်တွေကိုလည်း ကြားနေ၊ မြင်နေရသည်။ ပိုင်ဆိုင်ရာအိုးအိမ်၊ အလုပ်အကိုင်တို့ကိုစွန့်၍ ဘေးလွတ်ရာရှောင်တိမ်းရင်း ဘဝရပ်တည်ရှင်သန်ခွင့်အတွက် အသက်လု၍ ရုန်းကန်နေကြရသည်က သူတို့၏နေ့စဉ်ဘဝများပင်။

ဘာကြောင့်များ ယခုချိန်ထိ မငြိမ်းချမ်းနိုင်သေးသနည်းဟုလည်း အကြိမ်ကြိမ်အခါခါ စဉ်းစားမိသည်။ ကုရာနတ္ထိဆေးမရှိလေသလား၊ အနာနှင့်ဆေးမတည့်၍လေလား။ ထိုသို့စဉ်းစားမိတိုင်း တစ်ခါကကြုံတွေ့ခဲ့ဖူးသော အဖြစ်အပျက်တစ်ခုကို သတိရမိသည်။ မြို့နယ်ချင်းဆက်လမ်းမကြီးနှစ်ခုဆုံရာ လမ်းထောင့်တွင် စျေးဆိုင်လေးတစ်ဆိုင်ရှိသည်။ တစ်နေ့တွင် ဆိုင်ရှင်အမျိုးသမီးသည် မီးဖိုပေါ်တွင် တည်ထားသော ရေနွေးအိုးကိုကြည့်ရာ ရေနည်းနေသဖြင့် သောက်ရေအိုးစင်အနီး၌ ချထားသော ပလတ်စတစ်ပုံးအတွင်းမှရေကို ဖလားတစ်လုံးနှင့်ငှဲ့ယူပြီး ရေနွေးအိုးကိုဖြည့်လိုက်သည်။ ထိုအချိန်တွင် မီးဖိုမှမီးများ ဟုန်းခနဲထတောက်သွားသည်။ ဆိုင်ထဲရှိလူများလည်း အထိတ်တလန့်ဖြင့် ဘာလုပ်ရမည်မသိ ဖြစ်နေကြစဉ် တစ်ယောက်က ချက်ချင်းဆိုသလို သောက်ရေအိုးစင်နားက (ဆိုင်ရှင်အမျိုးသမီးတစ်ဖလားငှဲ့ယူသွားသော) ပလတ်စတစ် ရေပုံးကိုမ၍ မီးဖိုပေါ်သို့လှမ်းပက်လိုက်သည်။ ထိုသို့ပက်လိုက်မှပင် မီးကပိုတောက်လာတော့သည်။ အခြားတစ်ယောက်က စောင်တစ်ထည်ကို ရေအိုးထဲနှစ်ပြီး မီးဖိုပေါ်သို့ အုပ်ချလိုက်မှ မီးငြိမ်းသွားတော့သည်။ မီးငြိမ်းသွားချိန်၌ သောက်ရေအိုးစင်အနီးကပုံးကိုကြည့်ကြရာ သောက်ရေပုံးမဟုတ်ဘဲ ဓာတ်ဆီပုံးဖြစ်နေကြောင်း သိလိုက်ကြရသည်။ ဓာတ်ဆီပုံးကို မတော်တဆမှားပြီး ရေအိုးစင်နားမှာ ထားခဲ့မိလေသလား၊ သို့မဟုတ် တစ်ယောက်ယောက်များ ရေပုံးယောင်ဆောင်ပြီး တမင်ထားခဲ့လေသလား စသည်ဖြင့် အတွေးများစွာနှင့် တစ်ယောက်တစ်မျိုး ပြောဆိုနေကြတော့သည်။

ကျွန်တော်တို့နိုင်ငံ၏ ငြိမ်းချမ်းရေးသည်လည်း ထိုအဖြစ်အပျက်နှင့် တူနေပြီလားဟု စဉ်းစားမိသည်။ ငြိမ်းချမ်းရေးကို လိုချင်သူများချည်းဖြစ်နေပါလျက်၊ စစ်မီးကို ငြိမ်းစေချင်ပါလျက် ဓာတ်ဆီကိုရေအမှတ်ဖြင့် မီးငြိမ်းဖို့ အသုံးပြုနေမိကြလေသလား၊ ဓာတ်ဆီကို ရေထင်မှတ်အောင် ပြုသူတွေရှိခဲ့ပါလျှင်လည်း ထိုသူတို့ကြောင့် မီးငြိမ်းဖို့ကြိုးစားတိုင်း ပိုမိုတောက်လောင်နေရသလား၊ ဘယ်လိုတွေးတွေး ကျွန်တော့်လို သာမန်ပြည်သူတစ်ယောက်အနေဖြင့် အဖြေထွက်လာနိုင်လောက်သည်အထိ မခွဲခြမ်းမစိတ်ဖြာနိုင်ခဲ့ပါ။ အဆိုတော်ကြီး မောင်မောင်ညွန့်၏ သီချင်းတစ်ပုဒ်ထဲက "လက်ကမ်းမလိုနဲ့ လက်ကိုသူကာ . . . ပေးကားပေး၏ မရသည့်ပမာ"ဆိုသည့် တေးစာသားအတိုင်း ဖြစ်နေပြီလားဟူ၍တော့ မကြာမကြာစဉ်းစားမိသည်။

(၂၁)ရာစုပင်လုံညီလာခံကြီး ပေါ်ပေါက်လာတော့ ငြိမ်းချမ်းရေး၏ ရောင်နီဦးအဖြစ် အလွန်အားတက်မိသည်။ သဘောတူညီချက်များ တစ်ဆင့်ပြီးတစ်ဆင့်တိုး၍ ရရှိလာခြင်းကြောင့်လည်း မျှော်လင့်ချက်တို့ ပိုမိုရှင်သန်လာခဲ့ရသည်။ အားလုံးစုပေါင်း၍ ညှိနှိုင်းဆွေးနွေးအဖြေရှာကြမည်ဆိုပါက ငြိမ်းချမ်းရာ ရွှေပြည်သစ်ဆီရောက်ရမည်ဟုလည်း ယုံကြည်မိသည်။ ပြိုင်တူတွန်း၍ရလာသောအရွေ့တစ်ခုသည် သံသယ သံသရာကြီးအဆုံးသတ်ရန် ခြေတစ်လှမ်း၊ ထာဝရငြိမ်းချမ်းရေးအတွက် ရောင်နီဦးပင်မဟုတ်ပါလော။ သို့သော် လောဘ၏အရိပ်အယောင်များ မြင်တွေ့နေရခြင်းက ငြိမ်းချမ်းရေးခရီးလမ်းအတွက် ခလုတ်တံသင်းများဖြစ်မည်ကိုတော့ ရင်လေးမိ၊ စိုးရိမ်မိပြန်သည်။ ရွှေပြည်တော်လည်း မျှော်တိုင်းမဝေးချင်တော့ပါ။

အမိနိုင်ငံတော်ကြီးကိုလည်း မွေးဖွားရက်မရှိသော သန္ဓေသားကိုလွယ်ထားရသည့် ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်လို ဝန်ထုပ်ဝန်ပိုးကြီး မထမ်းစေချင်တော့ပါ။ အသက်၊ သွေးတို့ကိုသာ ချင်ခြင်းတပ်နေရသောဘဝကြီးကလည်း လွတ်မြောက်စေချင်လှသည်။ ငြိမ်းချမ်းခြင်း၏အရသာကို မြိန်ရေရှက်ရေစားသုံးခွင့်ရမည့်နေ့၊ ကျွန်တော့်အတွေးထဲမှ ငြိမ်းချမ်းသော ရွှေပြည်ကြီးကို မျက်ဝါးထင်ထင် တွေ့ရမည့်နေ့ကို မျှော်တလင့်လင့်နှင့် တောင့်တနေမိသည်။

ဝတ္ထုတို

## ■ သူဝေး(တမာမြေ)

(၁)

"ဒွန်း"

ခွေးတစ်ကောင်ကို လူသုံးယောက်စီးလာတဲ့ ဆိုင်ကယ်က အရှိန်ပြင်းထန်စွာ တိုက်မိသည့်အသံ။

ကျွီခနဲ ဘရိတ်အုပ်ပြီး သွေးသံရဲရဲနှင့် မသေမရှင်ဖြစ်နေသောခွေးကို

"သောက်ခွေး သင်း သေတာအရေးမကြီးဘူး။ ဆိုင်ကယ်ဘာဖြစ်သွားလဲမသိဘူး"ဟု ခွေးကိုတစ်ချက်ကြည့်၍ ဆဲရေးတိုင်းထွာပြီး ဝူးခနဲ ဆိုင်ကယ်ကို မောင်းသွားလေသည်။

ကျွန်တော်ကြည့်နေစဉ်မှာပဲ ခွေးဟာ ဆန့်ငင်ဆန့်ငင်ဖြင့် ခန္ဓာကိုယ်တစ်ဆတ်ဆတ်တုန်ပြီး ငြိမ်ကျသွားလေသည်။ ထိုအချိန်မှာ ကျွန်တော့်လက်ကို ဖျတ်ခနဲဖမ်း၍ "ကူညီပါနော်"ဟု တစ်စုံတစ်ယောက်က ဆွဲခေါ်သည်။ အားပါလှသော လက်တစ်စုံ၏ ခေါ်ရာနောက် ရုတ်တရက်ပါသွားသည်။ ကြည့်လိုက်တော့ မိန်းကလေးတစ်ဦးဖြစ်နေသည်။ ဘာမှငြင်းဆန်ခြင်းပြုချိန်မရ၊ သူခေါ်ရာနောက် ကြောင်တောင်တောင်လိုက်သွားမိသည့် ကျွန်တော့်ကိုယ်ကျွန်တော် အံ့ဩမိသည်။ သူခေါ်ဆောင်သောနေရာက စောစောက ခွေးသေကောင်ဆီသို့။

"သူက ခေါင်းကမ၊ တို့က ခြေထောက်ကမပြီး ပလက်ဖောင်းပေါ် ရွှေ့ထားမယ်" ပြောလည်းပြော သူက ခွေး၏ခြေထောက်ကို မဖို့ကိုင်နေပြီးမို့ ကျွန်တော်လည်း ခွေးခေါင်းပိုင်းကို ပွေ့မမိသည်။ ပြီးတော့ သူနှင့်ကျွန်တော် ဟန်ချက်ညီညီ ခွေးသေကိုပွေ့ချီမကာ ပလက်ဖောင်းပေါ်သို့ ချလိုက်သည်။ သူသည် အနီးရှိစတိုးဆိုင်မှ ဆပ်ပြာမှုန့်၊ ရေသန့်ဘူးနှင့် လက်ကိုင်ပဝါဝယ်လာပြီး

"သူ့ လက်မှာသွေးပေနေတယ် ဆေးလိုက်ဦး၊ ကျွန်မလည်း ဆေးမယ်လေ"

ပါးစပ်ကလည်းပြောသလို လက်ကလည်းရေဆေးဆပ်ပြာမှုန့်ဖြူး၊ လက်ကို ပြန်ဆေးကြောလိုက် လုပ်နေသောသူ့ကို ငေးကြည့်မိသည်။

"ဟော့ လက်ဆေးလေ တို့ကိုကြည့်မနေနဲ့ သွေးခြောက်သွားရင် ဆေးကြောရခက်တယ်"

"ဩော် ဟုတ် ဟုတ်ကဲ့"

ဆရာမရွှေ့ရောက်နေသော ကလေးပမာ သူခိုင်းသမျှ လုပ်နေမိသည့် ကျွန်တော့်ကိုယ်ကျွန်တော် ထပ်၍အံ့ဩမိပြန်သည်။

"တကယ်တော့ ရေသန့်နဲ့ဆေးကြောရတာ နှမြောစရာကြီးနော်"ဟု ကျွန်တော်ကိုမကြည့်ဘဲ လက်သုတ်ရင်း ပြောနေသည်။

"ရေသန့်ဘူးဖိုး ကျွန်တော် ပြန်ပေးပါ့မယ် ဗျာ"

"နိုး နိုး ပိုက်ဆံနှမြောလို့ မဟုတ်ဘူးကွ၊ ရေချိုတွေ နှမြောလို့၊ ရေဆိုတာ နောင်အနာဂတ်အတွက် တို့က ချွေတာရမယ်လေ"

"အဲဒါဆိုလည်း ဆိုင်တစ်ဆိုင်ဝင်ပြီး ရေဆေးခွင့် တောင်းရောပေါ့ဗျ"

"ကူညီမယ်ထင်လား၊ ခွေးသွေးတွေပေကျံနေတဲ့ သူနဲ့တို့ကို ဆိုင်အဝတောင် အလာခံမှာမဟုတ်ဘူးရှင့်"

ဒီလိုတော့လည်း သူတွေးတာ ဟုတ်ပေသားပဲဟု မှတ်ချက်ချလိုက်သည်။

"သူ့ကို ကျေးဇူးတင်ပါတယ်နော် ကူညီပေးတဲ့အတွက်"

ဒီတစ်ခါတော့ သူ ကျွန်တော့်ကိုကြည့်၍ ပြောလေသည်။ ပြီးတော့ ခွေးသေကိုကြည့်ကာ "အတိတ်ဘဝက အကြောင်းမလှလို့ ခုဘဝ ခွေးဖြစ်တယ်၊ ဟော ခွေးဖြစ်ပြန်တော့ ဥပစ္ဆေဒကကံနဲ့ အသေဆိုးသေရပြန်တယ်"ဟု သူ စကားတွေဆက်တိုက်ပြောနေပြန်သည်။

"ဒါနဲ့ မင်းက ဘာကြောင့်ခွေးသေကောင်ကို ပလက်ဖောင်းပေါ် ရွှေ့ချင်ရတာလဲဗျ။ ပြန်ရှင်လာမှာမှ မဟုတ်တာပဲဗျာ"ဟု ကျွန်တော်ကဆိုတော့

"မရွှေ့လို့မရဘူးလေ နောက်ထပ်ယာဉ်တစ်ခုခု ထပ်တိုက်မိရင် သူ့အလောင်းပျက်စီးမှာပေါ့။ ပြီးတော့ ဒီခွေးသေကို ဟိုယာဉ်ကတိမ်း၊ ဒီယာဉ်ကရှောင်နဲ့ ယာဉ်အန္တရာယ်လည်း စိုးရိမ်ရတယ်။ ခွေးသေကို တို့ဘာသာ ဒရွတ်ဆွဲလို့ရတာပဲ။ ဒါပေမယ့် မလုပ်ရက်ဘူး။ သူ့ခန္ဓာလေးကို ကောင်းမွန်စွာပဲ နေရာရွှေ့ထားချင်တာ။ အဲဒါကြောင့် သူ့ကို အကူအညီတောင်းတာပေါ့"

သူ့အယူအဆ၊ သူ့စိတ်ဓာတ်ကို သိလိုက်ရတော့ လေးစားအံ့ဩမိသည်။ သူ့ကို လေးစားအားကျလျက် ကြည့်နေစဉ်မှာပဲ "တို့သွားတော့မယ် ကျေးဇူးနော်"ဟု နှုတ်ဆက်ပြီး ပြန်မည်အပြု

"ခင်ဗျာ နာမည်လေး ပြောပြပါလား"ဟု မေးမိတော့

"ဘယ်နယ်က ဘယ်သူ ဘယ်မေဂျာတွေက အရေးမကြီးပါဘူး။ တို့တွေ လောကကြီးအတွက် ဘာလုပ်ပေးနိုင်လဲက အရေးကြီးတာပါ၊ သွားမယ်နော်"ဟု ပြော၍ လှည့်ထွက်သွားသော သူ့ကိုကြည့်၍ ကျွန်တော်သည် ပလက်ဖောင်းပေါ်မှာ ခွေးသေတစ်ကောင်ဖြင့် ငူတူတူကြီး နေရစ်ခဲ့ရလေသည်။

(၂)

ကျောက်ကာလမ်းမပေါ်မှာ လှုပ်ရှားသွားလာနေသော ရောင်စုံအရိပ်များကို စီးကရက်မီးခိုးဖြူအလွှာပါးပါးကာ၍ ကြည့်နေချိန်

"ဒီမှာ ဟော့ ဒီမှာ"

ကျွန်တော်ထိုင်သော ခုံတန်းလျားဘေးမှာ ဘယ်အချိန်ကရောက်နေမှန်းမသိသောအရိပ်ထံမှ ခပ်ဆတ်ဆတ်အသံ

"ခင်ဗျား ဆေးလိပ်သောက်တာများပြီဗျ ပတ်ဝန်းကျင်လည်းအားနာဦးလေဗျာ"

အရိပ်ထံမှ ထပ်ပြောလိုက်သောအသံ၊ "ခင်ဗျား" "ဗျ" "ဗျာ"အသုံးနှုန်းတွေနဲ့ ကျွန်တော့်ကိုအပြစ်တင်နေတဲ့ အသံပိုင်ရှင်က အံ့ဩဖွယ်မိန်းကလေးတစ်ဦး ဖြစ်နေသည်။ ပို၍အံ့ဩစေသည်မှာ ဆံပင်ရှည်ရှည်နှင့် ယဉ်သော၊ လှသော မိန်းကလေးဖြစ်နေသည်။ ဒီလောက်ယဉ်ပြီး လှနေသောမိန်းကလေးသည် ဘာကြောင့် စကားပြော မသိမ်မွေ့တာပါလိမ့်။

"ကျွန်တော့်ကို ကြည့်မနေနဲ့ ဆေးလိပ်ကိုခုမီးသတ်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်ဦးဗျ"

အမိန့်ဆန်ဆန်စကားလုံးတွေနဲ့ ရဲတင်းသောသူ့ကို ဘုဆတ်ဆတ်ပြန်ကြည့်ရင်း

"အခြားတစ်နေရာ ပြောင်းထိုင်ပေါ့ဗျာ။ ကျောက်ကာလမ်းဘေးမှာ နေရာမရှားပါဘူးဗျ"

"ဒီမှာ ကျွန်တော့်အတွက်တင်ပြောနေတာထင်လား။ အခု ခင်ဗျားရဲ့ဆေးလိပ်မီးခိုးတွေက သူတို့ကို ဒုက္ခဖြစ်မှာမို့ဗျ"

သူညွှန်ပြရာ စိတ်မပါတပါကြည့်မိတော့

လမ်းဘေးထမင်းဆိုင်အနီး ဆော့ကစားနေကြသော ကလေးနှစ်ဦး၊ ခရီးတစ်ထောက်နားနေသည်ဟု ယူဆရသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် အဘွားအရွယ်တို့ကို မြင်လိုက်သည်။

"ဟော့ ခင်ဗျားဆေးလိပ်အငွေ့ကြောင့် ခင်ဗျားနဲ့ အနီးစပ်ဆုံး ပတ်ဝန်းကျင်ကို မထိခိုက်စေနဲ့ဗျာ"

"ဆောရီး"တစ်ခွန်းသာပြန်ပြောပြီး ဆေးလိပ်မီးသတ်လိုက်တော့

"ကျေးဇူး"ဟု သူကပြုံးပြပြီး နှုတ်ဆက်သွားလေသည်။

သူလည်း အမည်ပြောမသွားပါပေ။ ကျွန်တော်လည်း မမေးမိပေ။ ပစ်ချလိုက်သော ဆေးလိပ်တိုကို ငေးကြည့်ရင်း သူပြောခဲ့သောစကားများကို ပြန်ကြားယောင်လာသည်။

(၃)

"ပိုက်ဆံ"

ညစ်ပတ်ပေရေနေသော လက်ဖဝါးနုနုသည် ကျွန်တော့်ရင်ဘတ်နှင့်ထိလုမတတ် လက်ဝါးဖြန့်ကာ ပိုက်ဆံတောင်းနေသည်။ နှစ်ရာတန်တစ်ရွက် ထုတ်ပေးလိုက်သည်။

ထိုကလေးသည် အခြားစားပွဲသို့ထပ်မံသွား၍

"ပိုက်ဆံ"

အမျိုးသမီးသည် လက်ဖက်ရည်အသောက်မပျက်

"ပိုက်ဆံ"

သူမကြားချင်ဟန်ဆောင်နေတာ သိသာလွန်းသည်ထင်။

"ပိုက်ဆံ"

တောင်းသူကလည်း ဇွဲရှိပါပေ့၊ မပေးချင်သူကလည်း နေနိုင်ပါပေ့။ သူတို့နှစ်ယောက် ဘယ်သူနိုင်မလဲ။ ပွဲကတော့လှနေပြီ။

ခပ်နွမ်းနွမ်းအဝတ်အစား၊ လွယ်အိတ်အဟောင်းတစ်လုံး စလွယ်သိုင်းထားသော ကလေးတစ်ဦးနှင့် အဝတ်အစားသစ်လွင်သော၊ လွယ်အိတ်အသစ်ကို ဘေးစောင်းလွယ်ထားသော ခပ်ချောချောအမျိုးသမီးတစ်ဦး၊ ပြီးတော့ စပ်စုတတ်သော ကျွန်တော်

"သွား သွားကြ ငါ့ဆိုင်ကညည့်သည်တွေ အနှောင့်အယှက်ဖြစ်တယ်"လက်ဖက်ရည်ဆိုင်ရှင်၏ အော်သံကြောင့် လက်ဖဝါးနုနုလေး ကြောက်ရွံ့အားငယ်စွာ ပြန်အထွက်

"ဟော့ သမီး ခဏ"

နေနိုင်သူ သူ့ရဲ့အသံက "သမီး"ဆိုပါလား တောင်းစားနေတဲ့ ကလေးတစ်ယောက်ကို သမီးလို့ ခေါ်လိုက်တာလား။ သူ့ကို ပိုစိတ်ဝင်စားလာပြီ။

"သမီး မမ ဆီ လာပါဦး"

"ဟုတ် ဟုတ်"

ကြောက်ရွံ့အားငယ်စွာနဲ့ လက်ဖဝါးနုနုလေး ဖြန့်ထားပြီပေါ့။

"အလကားမပေးဘူး မမခိုင်းတာ လုပ်ပေးရမယ်"

ရော် ခက်ပေဘူးလား၊ တောင်းစားချင်စိတ်ပျောက်အောင်လုပ်နေပြီ။ သဒ္ဓါသလောက်ပေးလိုက်ရောပေါ့ဗျ။ ဩော် အမျိုးသမီးတွေများ သူတောင်းစားလည်း ရစ်တတ်တာကို။

"ဟင်"

လုံးဝထင်မှတ်မထားတဲ့ မြင်ကွင်းကြောင့် ကျွန်တော် အံ့ဩသွားသည်။ သူနှင့် ကလေးမ အပေးအယူမျှနေသည်။

"ဝ ထ က လ သ"

"ဝ ထ က လ သ"

"ဟုတ်ပြီ မနက်ဖြန် ဝလုံးတွေ များများရေးခဲ့ရင် သမီးကို မုန့်ဖိုးများများပေးမယ်နော်"

"အင်း"

"အင်းလို့ မပြောရဘူး ဟုတ်ကဲ့လို့ ပြောရတယ်"

"ဟုတ်ကဲ့"

"ကဲ ဟုတ်ပါပြီ ရော့မုန့်ဖိုး ငါးရာ၊ ဩော် မနက်ဖြန် ဒီဆိုင်မှာပဲနော် သမီး"

သူ့ဟာနဲ့သူတော့ ဟုတ်နေကြလေရဲ့။ မဟုတ်တာက သူ့ကိုတစ်ချိန်လုံးကြည့်၍ အပြစ်တင်နေသော ကျွန်တော်သာဖြစ်နေပြန်သည်။

ပြီးတော့ထိုအမျိုးသမီးသည် ကျွန်တော့်အနီးအနားမှ ဘယ်သူတွေစွန့်ပစ်ထားခဲ့မှန်း မသိသော ပလတ်စတစ်အမှိုက်အချို့ကိုကောက်၍ အမှိုက်တောင်းထဲသို့ သွားထည့်လေသည်။ ပြီးတော့ ဆိုင်မှ ကျော့ကျော့လေးထွက်သွားလေသည်။ ကျွန်တော်သာ ရှက်စိတ်ဖြင့် မော့မော့လေး နေရစ်ခဲ့ရသည်။

ယနေ့ အမျိုးသမီးသုံးဦးကို တွေ့ခဲ့သည်။ အားလုံး တက္ကသိုလ်ကျောင်းသူများဖြစ်သည်ကလွဲလို့ သူတို့အမည်များကို မသိလိုက်ပါ။ ဒါပေမယ့် သူတို့ကို "ကဗျာ"ဟု အမည်ပေးလိုက်သည်။ သူတို့သာ ကဗျာတွေဖြစ်ပါက မမေ့နိုင်သော မမေ့အပ်သော ကဗျာများပင်ဖြစ်မည်။ ဟုတ်ကဲ့ မမေ့အပ်သော အမည်မသိစာဆိုများ၏ ခန့်သော ထည်သော ကဗျာများဆို ပို၍မှန်မည်ထင်ပါသည်။ ။




## မင်္ဂလာနံနက်ခင်း

စာကလေးတွေ တကျည်ကျည်
မိုးသောက်တေးကိုသီ။
နေလင်းရောင်ခြည် ခပ်ရေးရေး
နေမင်းမနိုးသေး။
နှင်းစက်ကလေး တစိုစို
မနက်ခင်းမှာကြို။
ဝန်းကျင်ရိပ်ခို အေးချမ်းလို့
ဓမ္မတေးသံဗျို့။
မှတ်သားကြစို့ တေးသံကို
နေ့စဉ်ရွတ်စေလို။
နားဝင်အေးချို ရနံ့သင်း
မင်္ဂလာနံနက်ခင်း။

သစ္စာအိမ်(ကြို့ပင်ကောက်)

ဆောင်းပါး

# နှစ်သစ်မှာ နေ့တာရှည်နေကြဦးမှာလား

**သက်တန့်(ဓာတု)**

နှစ်သစ်တစ်ခုကို ကူးပြောင်းပြီဆိုတော့ အားလုံးကပျော်ကြရွှင်ကြတာ အစဉ်အလာတစ်ခုပေါ့။ အားလုံးက နှစ်သစ်ကို ကြိုဆိုကြတယ်။ သေချာတာတစ်ခုကတော့ နှစ်သစ်မှာ အသက်တစ်နှစ်ကြီးလာတာပဲ။

အသက်တစ်နှစ်ကြီးလာပြီဆိုတော့ တစ်နှစ်တာအတောအတွင်း ဦးနှောက်တွေမြင့်လာသလား၊ ဗဟုသုတတွေ တိုးလာသလား၊ မိတ်ဆွေတွေတိုးလာသလား၊ မိမိရဲ့အလုပ်အကိုင်တွေမှာ တိုးတက်လာသလား၊ မိမိရဲ့ပညာရေးမှာ တိုးတက်လာသလား၊ မိမိရဲ့တွေးခေါ် မြော်မြင်ရင့်ကျက်မှု တိုးတက်လာသလား။ ဒါတွေဟာစဉ်းစားစရာတွေပါပဲ။ ပြီးခဲ့တဲ့ တစ်နှစ်လုံး ဘာတိုးတက်မှုမှမရှိဘဲ နှစ်သစ်ကူးပြောင်းသွားခြင်းဟာ အသက်တစ်နှစ် ကြီးသွားတာထက် မပိုဘူး။

ဒါနဲ့ပတ်သက်လို့ လွန်ခဲ့တဲ့ တစ်လလောက်က သူငယ်ချင်းတစ်ယောက်က သူဟာတက္ကသိုလ်တက်နေရတာ ပျင်းတယ်ဆိုတဲ့အကြောင်း လာပြောဖူးတာလေးသတိရမိတယ်။ ဘာလို့ပျင်းတာလဲလို့မေးလိုက်တော့ သူရရှိထားတဲ့ ဘာသာရပ်နဲ့သူစိတ်ဝင်စားတာနဲ့ မကိုက်ညီလို့ပါတဲ့။ သူစိတ်ဝင်စားတာက စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း ပြောပြတယ်။ အခု စိတ်ဝင်စားတဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့အရာတွေ လေ့လာနေသလားလို့ မေးလိုက်တော့ ဘာမှမလုပ်ဘူး၊ မလေ့လာဘူးတဲ့။ ဘာမှမလုပ်ခြင်းဟာ ပျင်းနေရခြင်းရဲ့ အဓိကအချက်ပါပဲ။ အမြဲတမ်းလှုပ်ရှားရုန်းကန်နေသူ တစ်ယောက်ဟာ ဘယ်တော့မှ မပျင်းပါဘူး ။ အမြဲတမ်းစိတ်ချမ်းသာနေမှာပါ။ ဗေဒါလမ်းအင်္ဂလိပ်စာသင်တန်းဆရာတော် ဦးဓမ္မသာရ ဆုံးမနေကျစကားလေးတစ်ခုလိုပဲ "အလုပ်မရှိတဲ့သူဟာ နေ့တာရှည်တယ်၊ အိပ်မပျော်တဲ့သူဟာ ညတာရှည်တယ်"တဲ့။

ဒီတော့ သူငယ်ချင်းကို အထက်ပါစကားလေးကိုရော၊ မိမိရဲ့အားလပ်ချိန်မှာ စာဖတ်ဖို့ စိတ်ဝင်စားသောအရာနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို လေ့လာဖို့ရော တိုက်တွန်းပေးခဲ့ပါတယ်။ အထူးသဖြင့်တော့ အအားမနေဖို့ တိုက်တွန်းခဲ့ပါတယ်။ အအားနေရင် နေ့တာရှည်မှာပါပဲ။ နေ့တာရှည်လာရင် ပျင်းလာမှာပါပဲ။ တစ်နေ့တစ်နေ့ ကျောင်းသွား ကျောင်းပြန် လုပ်နေရတာဟာ ကြာလာတော့ ပျင်းမှာအသေအချာပဲ။ တက္ကသိုလ်ကိုလည်း အသွားအပြန်လုပ်နေရုံနဲ့ အချိန်တန်ရင် ရလာမှာက စက္ကူထူထူပေါ်က အက္ခရာစဉ်ထားတဲ့ ဘွဲ့လက်မှတ်နဲ့ ဧည့်သည်လာရင် လူအထင်ကြီးစေမယ့် ဓာတ်ပုံတစ်ပုံထက်မပိုပါဘူး။ ဘွဲ့ရပညာမတတ်တွေပဲ ဖြစ်လာမှာပါ။

မပျင်းဖို့ဆိုရင် ပစ္စုပ္ပန်ကာလကို အာရုံစိုက်ပြီး အကျိုးရှိတဲ့အရာတွေထဲမှာ ဘဝကိုမြှုပ်နှံလိုက်ရုံပါပဲ။ ပျင်းတဲ့သူဟာ ဘာနဲ့တူသလဲဆိုတော့ ဒုက္ခိတနဲ့ တူပါတယ်။ ဘာလို့လဲဆိုတော့ရှင်းရှင်းလေးပါပဲ။ ပျင်းတဲ့သူဟာ လုပ်ကိုင်ရမယ့် အရာတစ်ခုကို စိတ်ထဲမှာသာထားပြီး လက်တွေ့မှာ မလုပ်လို့ပါပဲ။ လုပ်ချင်လျက်နဲ့ မလုပ်တာပါ။ အားမနာတမ်းပြောရရင်ပျင်းတဲ့သူဟာ ဒုက္ခိတထက်ဆိုးတဲ့ အခြေအနေပါပဲ။ ကိုယ်က ကိစ္စတစ်ခုခုကိုလုပ်ချင်ပြီး မလုပ်နိုင်သူပါ။ ပျင်းတဲ့သူက လုပ်နိုင်ရဲ့သားနဲ့ မလုပ်ကြတာပါ။ ဥပမာ-ထမင်းစားပြီး ကျန်းမာရေးအရ အနည်းဆုံးခြေလှမ်း ၁၄ လှမ်းလောက်လျှောက်ရမယ်ဆိုတဲ့ ကျန်းမာရေးဗဟုသုတလည်းရှိပါလျက်၊ လမ်းလည်းလျှောက်နိုင်ပါလျက်နဲ့ တီဗွီရှေ့မှာ သွားထိုင်လိုက်တာမျိုးပေါ့။ ပျင်းတဲ့သူဟာ ကြာလာတော့ ဖျင်းလာပါလိမ့်မယ်။

ကျွန်တော်တို့ရဲ့ မတိုးတက် မအောင်မြင်ခြင်းဟာ ပျင်းခြင်းက စပြီးတော့၊ ပျင်းခြင်းဟာ လူတစ်ယောက်ရဲ့ တစ်နေ့တာရှည်ခြင်းကြောင့်၊ တစ်နေ့တာရှည်တာဟာလည်း အားလပ်ချိန်မှာ အအားနေပြီး အလုပ်မလုပ်ခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။ ဆေးရုံမှာ ကျန်းမာရေးကြောင့် အသည်းအသန်ဖြစ်နေတဲ့ လူနာတစ်ယောက်ဟာ ကျွန်တော်တို့လို အခွင့်အရေးမျိုးလိုချင်နေမှာပါ။ ထောင်အတွင်း အကျဉ်းကျနေသူတစ်ဦးဟာ ကျွန်တော်တို့လို လွတ်လပ်မှုမျိုး လိုချင်နေမှာပါ။ ကျွန်တော်တို့မှာ ကျန်းမာရေးကောင်းပါလျက်၊ ဝါသနာပါရာလုပ်ဖို့ လွတ်လပ်နေပါလျက် ပျင်းနေကြတာဟာ ရှက်ဖို့အင်မတန်ကောင်းလှပါတယ်။

ဒီတော့ နှစ်သစ်မှာ မိမိတို့ရဲ့ ပြီးခဲ့သောတစ်နှစ်တာကာလမှ တိုးတက်မှု၊ ဆုတ်ယုတ်မှုများကို ပြန်လည်ထောက်ရှုသင့်ပါတယ်။ မနှစ်က ဘာတွေတိုးတက်သလဲ၊ ဘယ်အခြင်းအရာတွေမှာ ဆုတ်ယုတ်ခဲ့လဲ စသည်ဖြင့်ပေါ့။ ကျွန်တော်အပါအဝင် လူတချို့ ဖြစ်တတ်တာတစ်ခုရှိတယ်။ နှစ်တစ်နှစ်ရဲ့အစ၊ လတစ်လရဲ့အစ၊ ကိုယ့်ရဲ့မွေးနေ့ပြီးတဲ့နောက်တစ်နေ့၊ ရက်သတ္တပတ်တစ်ခုရဲ့အစ တစ်ခါတစ်ရံမှာ အခက်အခဲတစ်ခုကို လူအားစိတ်အားနှစ်မြှုပ်ပြီး နောက်ပိုင်းကာလတွေမှာ စိတ်သစ်လူသစ်နဲ့ လမ်းစဉ်အသစ်ကို လုပ်ဆောင်ကြသူတွေရှိတယ်။ ပြီးခဲ့တဲ့အတိတ်ကာလလေးတစ်ခုက မအောင်မြင်မှု၊ ကျရှုံးမှု အခက်အခဲလေးတွေကို ပြန်တွေးဆင်ခြင်ပြီး အရာရာအသစ်လို့ခံယူပြီး လူသစ်စိတ်သစ်ကို ပြန်စကြတာမျိုး တွေ့ရတယ်။ သို့သော် ကျွန်တော်အပါအဝင် လူတချို့ဟာ ကောက်ရိုးမီးလို မြန်မြန်တောက်ပြီး မြန်မြန်ငြိမ်းသွားကြတဲ့ ခံယူချက်မခိုင်မာတဲ့ လူတွေကလည်းရှိပြန်ရော။

ဒီလိုခံယူချက်မခိုင်မာရာကနေ ခိုင်မာအောင်ဘယ်လိုလုပ်မလဲဆိုရင် ကျွန်တော်ကြည့်ဖူးတဲ့ အင်္ဂလိပ်ဗီဒီယိုဖိုင်လေး တစ်ခုအကြောင်းပြောပြချင်ပါတယ်။ တစ်ခါက အောင်မြင်ချင်တဲ့ လူငယ်တစ်ယောက်ရှိတယ်။ သူဟာပိုက်ဆံတွေ အများကြီးရအောင် အလုပ်လုပ်ချင်တယ်။ အောင်မြင်ချင်တယ်။ ဒီတော့ သူက အောင်မြင်ပြီးသား ပညာရှိလူကြီး တစ်ယောက်ဆီက အောင်မြင်အောင်ဘယ်လိုခံယူလုပ်ဆောင်ရမလဲဆိုပြီး အကြံဉာဏ်တောင်းတယ်။ ဒီတော့ ပညာရှိလူကြီးက နောက်နေ့မနက်လေးနာရီ ကမ်းခြေမှာတွေ့ဖို့ လူငယ်လေးကိုချိန်းလိုက်တယ်။ လူငယ်လည်း ရောက်လာတော့ ပညာရှိလူကြီးက လူငယ်လေးကို ရေအောက်ထဲမှာ ရေကူးခိုင်းတယ်။ ရေငုပ်ခိုင်းတာပေါ့။ လူငယ်လေးရဲ့ စိတ်ထဲမှာတော့ ဘယ်လိုလူလဲကွာ သူ့ဆီက အောင်မြင်ဖို့နည်းလမ်းလာတောင်းတာ ရေငုပ်ခိုင်းတယ်ဆိုပြီး တွေးနေတယ်။ လူငယ်က ရေထဲကိုအားစိုက်ငုပ်ပြီးနောက်မှာ ရေပေါ်ကိုပေါ်လာတော့တယ်။ ပြီးတော့ ပညာရှိလူကြီးက လူငယ်ကို မေးခွန်းတစ်ခွန်းမေးတယ်။ "မင်းရေအောက်ရောက်နေတဲ့ အချိန်မှာ ဘာလုပ်ချင်နေလဲ"ဆိုတဲ့မေးခွန်းပေါ့။ လူငယ်ကလည်း အသက်အလွန်ရှူချင်တဲ့အကြောင်း၊ လေအတော်လိုအပ်နေတဲ့အကြောင်းပြန်ဖြေတယ်။ ဒါနဲ့ ပညာရှိလူကြီးကလည်း အောင်မြင်ချင်ရင် ရေအောက်မှာ အသက်ရှူဖို့ ပြင်းပြနေသလိုမျိုး အောင်မြင်မှုကို အသက်ရှူတိုင်းမှာ လိုချင်နေရမယ်။ ရေထဲမှာ လေရှူဖို့ခက်သလို အောင်မြင်မှုရဖို့ကလည်းခက်မှာပဲ ဆိုပြီး အကြံဉာဏ်ပေးလိုက်တယ်။

ဒါကြောင့် ကျွန်တော်တို့တွေဟာ လူသစ်စိတ်သစ်နဲ့ ရှေ့ဆက်မယ်ဆိုရင်လည်း ဖြစ်ချင်တဲ့အရာကိုရဖို့ ထက်သန်နေရမယ်။ ဒါမှကောက်ရိုးမီးလိုမဖြစ်မှာပါ။ ပြီးခဲ့တဲ့ တစ်နှစ်လုံး အောင်မြင်မှု၊ ကျရှုံးမှုတွေကိုသုံးသပ်ရမယ်။ မိမိကိုယ်မိမိ အလိုလိုက်ပြီး အအားနေရင်း နေ့တာရှည် အချိန်ကုန် အပျင်းစွဲနေတာတွေကို ပြုပြင်သင့်ပါတယ်။ စာဖတ်သူလည်း ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း ပြန်မေးနေပါတယ်။ ယခုနှစ်သစ်မှာလည်း နေ့တာရှည်နေကြဦးမှာလား။

နှစ်သစ်မှာ ပျော်ရွှင်ကံကောင်းကြပါစေ။

## ၂၀၁၉ ဆုတောင်း

နှစ်ထောင့်ဆယ့်ကိုး၊ နှစ်သစ်ပျိုးပြီ
စနစ်ဆိုးတွေ ပျောက်ပါစေ။
နှစ်ထောင့်ဆယ့်ကိုး၊ နှစ်သစ်ပျိုးပြီ
အာဏာဆိုးတွေ ကင်းပါစေ။
နှစ်ထောင့်ဆယ့်ကိုး၊ နှစ်သစ်ပျိုးပြီ
ရန်မျိုးငါးပါး ဝေးပါစေ။
နှစ်ထောင့်ဆယ့်ကိုး၊ နှစ်သစ်ပျိုးပြီ
ဥပဒေဆိုးတွေ ရှင်းပါစေ။
နှစ်ထောင့်ဆယ့်ကိုး၊ နှစ်သစ်ပျိုးပြီ
အကျင့်ဆိုးတွေ ပြင်နိုင်စေ။
နှစ်ထောင့်ဆယ့်ကိုး၊ နှစ်သစ်ပျိုးပြီ
မေတ္တာမိုးတွေ သွန်းပါစေ။ ။

နေဝန်းနီ(နတ်မောက်)

. . . . . . . . . . . .

## စိမ်းလန်းပါစေ လယ်ယာမြေ

တောင်သူတို့ဝမ်းစာ
လယ်ယာကို အခြေပြု၊
ဖြိုးဝေရန်
မိုးလေမှန် ချိန်မီစိုက်မှ
ကျီတိုက်တွင်စု။
မိုးဦးနှင့် မိုးလယ်
အမည်မည် စိုက်ပျိုး၊
ညည်းသံရှောင်
သီးနှံအောင် အထွက်များမှ
စည်ကားဝေဖြိုး။
မိုးနှောင်းလို့ လာလျှင်
ယာပြင်ကာ ခွန်အားစိုက်၊
မလပ်စေ
အမြတ်တွေ သေချာရဖို့
လုံ့လပြုထိုက်။
သီးထပ်နှင့် သီးယှဉ်
စုံလင်လို့ ရှုမဆုံး
သာမောဖွယ်
ယာတောရယ် စိမ်းစိုလန်းမှ
ချမ်းမြေ့ရွှင်ပြုံး။ ။

နေမိုးအိမ်(ရွှေရင်းမြေ)

. . . . . . . . . . . .

## ပညာ၏တန်ဖိုး

အရှေ့အရပ်က ရောင်ခြည်ဖြာ၊
နေဝန်းထွက်လို့လာ။
ကျောင်းဥယျာဉ်မှာ ရောင်စုံပန်း၊
ဖူးပွင့်ကာလန်းဆန်း။
စာသင်ခန်းထဲ ပြုံးလို့ဝင်၊
စာရေးစာဖတ်သင်။
အနာဂတ်တွင် တိုးတက်ရေး၊
ကျောင်းတွင်ပညာပေး။
အစဉ်တွေးလို့ ကျောင်းမှာပျော်၊
ပညာသင်ကြနော်။
လက်တွဲခေါ်ကာ စုံညီဖို့၊
အသိရှိကြစို့။
အရေးထားလို့ အစဉ်လာ၊
ထွန်းတောက်စေဖို့ပါ။
ကမ္ဘာတစ်ခွင် ထင်ပေါ်ကြ၊
ပညာရဲရင့်မှ။ ။

ကိုသောင်းLK

## မြန်မာ့သနပ်ခါး

မြန်မာအလှ ကမ္ဘာကျော်
ထင်ရှားပေတဲ့ တစ်ခုနော်၊
မြေပြန့်တောင်ပေါ် အမြဲမွှေး
နပါးပြင်က ပါးကွက်လေး။
ဒေသ မရွေး သွေးနိုင်တယ်
ရိုးရာဓလေ့ ဂုဏ်တွေကြွယ်၊
လိမ်းခြယ်လို့ရယ် စဉ်အေးမြ
သင်းပျံ့မွှေးလို့ ယဉ်ပေစွ။
သဘာဝမွှေး ရှင်မတောင်
ခေတ်အဆက်ဆက် သူဂုဏ်ဆောင်
ဓလေ့ပုံဆောင် စဉ်မြဲပြု
မြန်မာ့အမွေ ယဉ်ကျေးမှု။ ။

ညီဟန်(ရွှေဆယ်သား)

. . . . . . . . . . . .

## လမြတ်ပြာသို

ပြာသိုနံနက် နှင်းအဖွင့်
ပန်းခွာညိုက တလွင့်လွင့်။
ရှက်သွေးရင့်ရင့် ပန်းချယ်ရီ
သဇင်ဂမုန်း ဖက်ရုံညီ။
ကြံဖျားချိုပြီ ချမ်းအေးစွ
မီးပုံဘေးမှာ ဝိုင်းဖွဲ့ကြ။
မြင်းခင်းလမို့ အားမာန်ဆင်
သူ့ရဲကောင်းတို့ နိုင်ငံပင်။
မွေးမိခင်ကို ရည်မျှော်မှတ်
လက်ဆယ်ဖြာစုံ ထိပ်မှာကပ်။
အမေနေ့ကို ကျင်းပအပ်။
လွတ်လပ်နေ့ထူး ဂုဏ်အမြတ်။

ချစ်စထုံးနောင်

. . . . . . . . . . . .

## ရွာကလေးရဲ့ နံနက်ခင်း

ညရိပ်ကွယ်ပြေး နေခြည်ထွေးလျှင်
ငှက်ကျေးသံမြူ၊ အရုဏ်ဦး၌
ကြည်နူးရှင်ပျ နှင်းမှုန်ခလျက်
နီးထပန်းမန် နှင်းပွင့်လျှံ။
ရွာဦးကျောင်းက အုန်းမောင်းသံ။
အရှေ့ယွန်းယွန်း ထွက်နေဝန်းနှင့်
ရွှန်းပကြည်သာ မင်္ဂလာတေး
ဆောင်းငှက်တေးနှင့် ထွေးပိုက်ကိုယ်စီ
အားသစ်တည်၍
ကြွချီလုပ်လာ မြတ်သံယာ။
ကျက်သရေပေါင်း ဝေဖြာ။
နေခြည်ဖြာထွက် အရုဏ်တက်မှ
သွက်လက်လှုပ်ရှား အင်အားထမ်းပိုး
ကကြိုးစုံပြ ရုန်းကန်ကြရင်း
ဘဝရှုခင်း အားမာန်သွင်း။
ရွာကလေးရဲ့ နံနက်ခင်း။ ။

ဝန်းလက်(တပ်ကုန်း)